# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ရှုသော သူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ စနေနေ့။ Saturday, 10 February 2018 ၉၁၉၆


# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ

## ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် စီမံဆောင်ရွက်ထားရှိမှုများအား နိုင်ငံတကာအသိုက်အဝန်းသို့ မှန်ကန်တိကျသော သတင်းအချက်အလက်များ မျှဝေပေးနိုင်ရေး ကွင်းဆင်းကြည့်ရှု

**စစ်တွေ ဖေဖော်ဝါရီ ၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို နိုင်ငံတကာအသိုက်အဝန်းသို့ မှန်ကန်တိကျသော သတင်းအချက်အလက်များ မျှဝေပေးနိုင်ရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များ အဖွဲ့နာယက ဘရူနိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ ယနေ့တွင် ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ကွင်းဆင်းကြည့်ရှုကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များအဖွဲ့နာယက ဘရူနိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ရန်ကုန်မြို့ အခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် အဖွဲ့အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။


စာမျက်နှာ ၉ ကော်လံ ၁ သို့ *




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မောင်တောခရိုင်ရှိ တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်း၌ ကွင်းဆင်းကြည့်ရှုကြစဉ်။

**ကြေးမုံ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ ဘောဂဗေဒ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဖော်ပြပါရှိသည်။

**ခေါင်လန်ဖူးမြို့နယ်အတွက် ဆရာများ ပြည့်စုံလုံလောက်အောင် ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်**


စာမျက်နှာ » ၅


**တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းအား အတည်ပြု**


စာမျက်နှာ » ၅


**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူဆိပ်ကမ်းကို ကြည့်ရှုလေ့လာ**


စာမျက်နှာ » ၈





# ကြေးမုံ

## ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာ

ပြည်ထောင်စုသားအားလုံးတို့သည် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုအမွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တာဝန်ရှိပေသည်။ ထိုတာဝန်သည် တိုင်းရင်းသားလူမျိုးများကိုယ်စီတို့၏ မျိုးချစ်စိတ်ဓာတ်အလိုက် ဖြစ်တည်သည်ဟုဆိုသော်လည်း ပြည်ထောင်စုကြီး၏ ဘုံရန်သူကို တွန်းလှန်ခြင်းအကြောင်းအပေါ် မူတည်သည်ဖြစ်၍ တူညီသောပြည်ထောင်စုစိတ်ဓာတ်ဟု ခေါ်ဆိုရမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ဘိုးဘွားဘီဘင်များက ပြည်ထောင်စုရန်သူကို မျိုးချစ်စိတ်ဓာတ်ဖြင့် တွန်းလှန်ကာကွယ်ခဲ့ကြသည့် သမိုင်းအမွေအနှစ်များအား လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ပြည်ထောင်စုကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်း မည်ပါပေသည်။ ထိုသို့ သမိုင်းကြောင်းအမွေခံကောင်းများ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအသီးသီးတွင် ရှိခဲ့ကြသည်။ ထိုအမွေအနှစ်များကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာလာအောင် အားထုတ်အပ်သည်။

အကယ်၍ မိမိတို့၏သမိုင်းကြောင်း အမွေခံကောင်းများအား ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ခြင်းမရှိဘဲ လက်ငင်းအကျိုးစီးပွားတစ်ခုတည်းဖြင့် ရှေးရှုရပ်တည်မည်ဆိုပါက ပြည်ထောင်စုစိတ်ဓာတ်များ၊ မျိုးချစ်စိတ်ဓာတ်များ တစ်စတစ်စလျော့ပါးကွယ်ပျောက်သွားနိုင်ပေသည်။ ပြည်ထောင်စုစိတ်ဓာတ်များ၊ မျိုးချစ်စိတ်ဓာတ်များ လျော့ပါးပျောက်ကွယ်သွားလျှင် ပြည်ထောင်စုကြီးလည်းပျက်စီးပြိုကွဲသွားနိုင်ပေသည်။ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်များ တိုးပွားအောင် ပြည်ထောင်စု၏ ဘိုးဘွားအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရသည်။

မြန်မာနိုင်ငံ၏သမိုင်းကြောင်းတွင် နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီးအဓွန့်ရှည်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ သာဓကအားဖြင့် ဖေဖော်ဝါရီလ ၂ ရက်နေ့က ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင် ကိုလိုနီနယ်ချဲ့တို့အား တော်လှန်သည့် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် မော်ကွန်းကျောက်တိုင်စိုက်ထူပွဲနှင့် ဂုဏ်ပြုပွဲကို ချင်းတိုင်းရင်းသားများ စုပေါင်းပြုလုပ်ခဲ့သည်။

ချင်းပြည်နယ် ဖလမ်းမြို့နယ်တစ်ဝန်းရှိ ဆိမ်လူမျိုးနွယ်စုတို့က နယ်ချဲ့ဗြိတိသျှတို့အုပ်စိုးစဉ် ပထမကမ္ဘာစစ်ကာလ ၁၉၁၇ ခုနှစ်တွင် ချင်းတိုင်းရင်းသား မျိုးချစ်လူငယ်လက်ရွေးစင် စစ်သည်တော် ၄၀၀ တို့အား ပြင်သစ်စစ်မြေပြင်သို့ လုပ်သားများထောက်ပံ့ပေးရေးအတွက် စစ်ကူလီလုပ်သားများအဖြစ် အမှုထမ်းရန် အမိန့်ထုတ်ဆင့်ခဲ့ရာ ယင်းအမိန့်ကိုအန်တု၍ ဗြိတိသျှနယ်ချဲ့အစိုးရအား ရရာလက်နက်စွဲကိုင်တော်လှန်ခဲ့သည့် နှစ်(၁၀၀)ပြည့် ဂုဏ်ပြုအထိမ်းအမှတ် အခမ်းအနားဖြစ်သည်။

ယင်းသည် ချင်းအမျိုးသားတစ်စု၏ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ ယင်းအရေးသည် ချင်းမျိုးချစ်လူငယ်များ၏ အရေးဖြစ်သည်ဟုဆိုသော်လည်း မိမိတို့၏ပြည်ထောင်စု၊ မိမိတို့၏နိုင်ငံအကျိုးစီးပွားအတွက်မဟုတ်ဘဲ တိုင်းတစ်ပါးနိုင်ငံ၏ အကျိုးစီးပွားအတွက် ကျွန်ပြုခံရခြင်းကိုအဖြစ်မခံဘဲ ရဲရဲရင့်ရင့် ပြန်လည်ခုခံ တွန်းလှန်ခဲ့ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အရင်းခံအကြောင်းတရားများဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ အလားတူပင် ပထမကမ္ဘာစစ်ကာလ၊ ဒုတိယကမ္ဘာစစ်ကာလများ အတွင်းက မျိုးချစ်ချင်းတိုင်းရင်းသားများ ပြည်ထောင်စုအတွက် စွန့်စွန့်စားစား သတ္တိရှိရှိ တွန်းလှန်တိုက်ခိုက်ခဲ့ကြသော သမိုင်းကြောင်းအစဉ်အလာကောင်းများ အမြောက်အမြားရှိခဲ့သည်။

အလားတူပင် အခြားတိုင်းရင်းသားလူမျိုးစုအသီးသီးတို့တွင်လည်း မိမိတို့တိုင်းရင်းသားလူမျိုး၊ တိုင်းရင်းသားဒေသ၊ မိမိတို့ပြည်ထောင်စုကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်ဖြင့် ခုခံတွန်းလှန်ခဲ့သည့် သမိုင်းဖြစ်စဉ်များ ရှိခဲ့ကြသည်။ ယင်းတို့ကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် အမှတ်တရဂုဏ်ပြုခြင်းတို့ကို ဆောင်ရွက်ကြခြင်းသည် ပြည်ထောင်စုကြီးကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်နိုးကြားထက်သန်ရေးအတွက် အားထုတ်ခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်နိုးကြားထက်သန်ရေးသည် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အကြောင်းတရားဖြစ်သဖြင့် ပြည်ထောင်စုသားအားလုံး မိမိတို့၏သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းပါသည်။ ။

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင်တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၉**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၈၅၀၀ | - | ၉၃၈၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၈၅၀၀ | - | ၉၃၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၃၀/၈၄၀ ကျပ်၊ | ၈၇၅/၉၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၅၅ ကျပ်၊ | ၉၃၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၁၀ ကျပ်၊ | ၈၇၀/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၅၀/၈၆၀ ကျပ်၊ | ၈၉၅/၉၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၈၅/၇၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၉၀/၈၀၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၄၅/၇၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၃၀. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၀. ၂၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁. ၇၅၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၇. ၇၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၆၈၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၁. ၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁. ၅၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၅. ၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၈. ၅၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲလမ်းကြောင်း အသိပေးကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ နေပြည်တော်တွင် အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင် ပွဲစဉ်(၁)အဖြစ် အမျိုးသား ၄၂ ကီလိုမီတာ အာရှတာဝေးစက်ဘီးပြိုင်ပွဲကို နံနက် ၈ နာရီမှစတင်ကျင်းပရာတွင် ဝဏ္ဏသိဒ္ဓိမှတာထွက်ပြီး ပျဉ်းမနား-တောင်ညိုလမ်း၊ ဝဏ္ဏသိဒ္ဓိအဝိုင်း၊ ဇေယျာအောင်မြေအဝိုင်း၊ နန်းချွန်လမ်းဆုံ၊ လွှတ်တော်ရှေ့ (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)၊ သ/မလမ်းဆုံ၊ ပြည်ထောင်စုရာထူးဝန်လမ်းခွဲ၊ ဝင်းသူဇာလမ်း၊ ရာဇဌာနီလမ်း ထိုမှ အင်ကြင်းပန်းအဝိုင်းမှ ပြန်ကွေ့ပြီး ကုမုဒြာကြာပန်းအဝိုင်းအတိုင်း ဝဏ္ဏသိဒ္ဓိတွင် ပန်းဝင်မည်ဖြစ်ကြောင်း သိရသည်။

ပွဲစဉ်(၂)အဖြစ် အမျိုးသား ၁၀၆ ကီလိုမီတာ အာရှတာဝေးစက်ဘီးပြိုင်ပွဲကို နံနက် ၁၀ နာရီခွဲမှ စတင်ပြီး ဝဏ္ဏသိဒ္ဓိမှ တာထွက်ပြီး ပျဉ်းမနား-တောင်ညိုလမ်း၊ ဆွာလမ်းဆုံမီးပွိုင့်၊ MICC 2 စိုးစံလမ်း၊ ခရေအိမ်ရာအတက်၊ မြို့မဈေးမီးပွိုင့်၊ MICC 1 လမ်းဆုံ၊ လမ်းဝေးလမ်းဆုံမီးပွိုင့်၊ နှင်းဆီသုံးခိုင်အဝိုင်းမှ ပြန်ကွေ့ပြီး ဘူတာမီးပွိုင့်၊ လွှတ်တော်ရှေ့၊ ဝဏ္ဏသိဒ္ဓိတွင် ပန်းဝင်မည်ဖြစ်သည်။

ပွဲစဉ်(၃)အဖြစ် အမျိုးသမီး ကီလိုမီတာ ၇၀ အာရှတာဝေးစက်ဘီးပြိုင်ပွဲကို မွန်းလွဲ ၂ နာရီခွဲမှ စတင်ပြီး ဝဏ္ဏသိဒ္ဓိမှတာထွက်ပြီး သပြေကုန်းအဝိုင်းမှ ဘူတာမီးပွိုင့်၊ ကျောက်စိမ်းဟိုတယ်၊ ဗုဒ္ဓဂယာမှပြန်ကွေ့ပြီး ဝင်းသူဇာလမ်းဆုံ၊ ဇေယျာအောင်မြေအဝိုင်း၊ နန်းချွန်လမ်းဆုံမှ ဝဏ္ဏသိဒ္ဓိတွင် ပန်းဝင်မည်ဖြစ်သည်။

**သတင်းစဉ်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily

# ပြည်သူကိုတိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ဝန်ကြီးဌာန၏ မူဝါဒနှင့်လုပ်ငန်းစဉ်များကို လွှတ်တော်ကော်မတီဝင်များအား ရှင်းလင်းတင်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနက ချမှတ်ထားသောမူဝါဒများ၊ ပြည်သူကို တိုက်ရိုက်အကျိုးရှိစေမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လွှတ်တော်အသီးသီးရှိ ကော်မတီများမှ ကိုယ်စားလှယ်များအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ကျင်းပသည်။



အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ အစည်းအဝေးတွင် ဝန်ကြီးဌာနတစ်ခု၏ မူဝါဒနှင့်လုပ်ငန်းစဉ်များကို ချဉ်းကပ်လေ့လာခွင့်ရခြင်းဖြစ်ကြောင်း၊ ပြည်သူကရွေးချယ်ပေးထားသော ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေး တာဝန်အပြင် အပြန်အလှန်ထိန်းကျောင်းခြင်းလုပ်ငန်းစဉ်ကိုလည်း ဆောင်ရွက်ရပါကြောင်း၊ ပြည်သူကို တိုက်ရိုက်အကျိုးရှိစေမည့် လုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မိမိမကြာမီက တက်ရောက်ခဲ့ရသော AIPA အစည်းအဝေးတွင် ရခိုင်ဒေသနှင့်ပတ်သက်၍ နိုင်ငံတော်ကဆောင်ရွက်ပေးနေမှု အခြေအနေများကို တင်ပြရာတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို အလေးပေး၍ နိုင်ငံတကာသို့တင်ပြခွင့်ရခဲ့ပါကြောင်း၊ ဤဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများကိုလည်း အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အစိုးရနှင့် လွှတ်တော်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေသော ဆောင်ရွက်ချက်များကို ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှ မွေးဖွားသော ကလေးအသက် (၂)နှစ်အထိ ထောက်ပံ့ကြေးပေးသောစနစ်နှင့် အသက်(၉၀)နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်လစဉ် ပေးအပ်မှုများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအခါ ပြည်သူများ၏ လိုအပ်ချက်များကို ထိထိရောက်ရောက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဝန်ကြီးဌာနကို ယခင်ဦးစီးဌာနနှစ်ခုရှိရာမှ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနဟူ၍ ပြန်လည်ထူထောင်ရေးဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊

ပဋိသန္ဓေတည်ချိန်မှစ၍ သက်ကြီးရွယ်အိုအထိ ကြုံတွေ့ကြရမည့် လူမှုကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရသောမိမိတို့ဝန်ကြီးဌာနသည် လူတိုင်းလူ့ဂုဏ်သိက္ခာနှင့်အညီနေထိုင်နိုင်ရေးနှင့် လွတ်လပ်လုံခြုံစွာဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မူဝါဒများချမှတ်၍ အလေးထား ဆောင်ရွက်နေပါကြောင်း၊ ပြည်သူများ၏ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော လိုအပ်ချက်များကို ပြည်သူကြားသို့ အမြဲရောက်ရှိနေသော လွှတ်တော်ကိုယ်စားလှယ်ကြီးများက ပိုမိုသိရှိနိုင်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူကို ပိုမိုအကျိုးပြုနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် နိုင်ငံတစ်ဝန်း ပဋိပက္ခများကင်းဝေးပြီး ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေရန်အတွက် တစ်နိုင်ငံလုံးရှိသော ပြည်သူများ၏ အင်အားကိုရယူကာ ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနသုံးခုမှ ညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနများ၏လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်လိုသောလုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ အသီးသီးတင်ပြဆွေးနွေးရာ တက်ရောက်လာကြသော ရေးရာကော်မတီများမှ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင် ကြုံတွေ့နေကြရသော ပြည်သူတို့၏လိုအပ်ချက်များ၊ မြို့နယ်အဆင့် ရုံးမြေနေရာ ရရှိနိုင်မှုအခြေအနေ၊ ကလေးသူငယ်ဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီး အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးကြိုတင်ပြင်ဆင်ထားနိုင်မှုတွင် ပါဝင်ဆောင်ရွက်ကြမည့် အခြေအနေများ၊ မူးယစ်ဆေးဝါး ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့် တိုက်ပွဲရှောင်ပြည်သူများ ပြန်လည်နေရာချထားရေးကိစ္စရပ်များ၊ မသန်စွမ်းများ၏ အခွင့်အရေးကိစ္စရပ်များ၊ သက်ကြီးပင်စင်ကိစ္စရပ်များစသည်တို့ကို အကြံပြုမေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနား အောင်မြင်စွာကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ၂၀၁၈ ခုနှစ် မတ် ၁ ရက်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲအခမ်းအနားများ ကျင်းပမည်ဖြစ်ကြောင်း၊ အခမ်းအနားသို့ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၉၉ ပါး၊ သီလရှင်ကိုးပါး၊ လူပုဂ္ဂိုလ် ၆၀ တို့အား ဘွဲ့တံဆိပ် ဆက်ကပ်ချီးမြှင့်မည် ဖြစ်ကြောင်း၊ အခမ်းအနားများ ချောမွေ့အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးတို့က ကုသိုလ်ယူပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသော သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးကိစ္စနှင့်ပတ်သက်၍ ဆပ်ကော်မတီများအနေဖြင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ထားကြရန် နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပစဉ် ခေတ္တလမ်းပိတ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီတွင် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားကျင်းပစဉ် နံနက် ၄ နာရီမှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊ ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊ ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသောယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်နှင့် အခမ်းအနားသို့တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင်လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင်လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ သတိပေးနှိုးဆော်ထားသည်။

**ကြေးမုံ**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျွန်းကုန်းအုပ်စု ကဝေစုကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေးလက်မ စက်ရေတွင်း လာရောက်တူးဖော်ပေးပြီး စက်တပ်ဆင်ခြင်းနှင့် ရေစက်ရုံ ရေလှောင်ကန်တည်ဆောက်ခြင်းတို့ ဆောင်ရွက်ပေးရာ ကျေးရွာအတွက် လိုအပ်သော သောက်သုံးရေရရှိပြီး စက်ရေတွင်းပုံမှန်လည်ပတ်နိုင်ရန် ကျေးရွာရေကော်မတီဖွဲ့စည်း၍ ရေထုတ်ယူသုံးစွဲနေကြသည်ကို ဖေဖော်ဝါရီ ၉ ရက်က တွေ့ရစဉ်။**

ကြေးမုံ



## နွေစပါးစိုက်ခင်း ဖျက်ပိုးများဖျက်ဆီးခြင်းသရုပ်ပြ

**သနပ်ပင် ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော နွေစပါးစိုက်ခင်းများတွင် ဖျက်ပိုးများ ပြန့်ပွားမှုမရှိစေရန် ဖျက်ဆီးသရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၈ ရက်က အောက်စုရပ်ကွက် တောင်သူ ဦးကျော့ရွှေ၏ ကွင်းအမှတ် (၈၅၇) နွေစပါးစိုက်ခင်း၌ ပြုလုပ်ခဲ့သည်။ ထို့နောက်စိုက်ခင်းများတွင် ကျရောက်သော လိပ်ပြာမျိုးရင်းဝင်ဖျက်ပိုးများကို ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းရန် ထရိုင်ကိုဂရားမား ဥကပ်ပါးနကျယ် အသုံးပြုခြင်းနှင့် ရွှေခရုဥမြုံများကို ကောက်ယူစုဆောင်း၍ ပြန့်ပွားမသွားစေရန် ဖျက်ဆီးခြင်းသရုပ်ပြ နည်းပညာပေးခြင်းတို့ပြုလုပ်ခဲ့သည်။

သီးနှံဖျက်ပိုးဖျက်ဆီးသရုပ်ပြပွဲသို့ ပဲခူးခရိုင်ဦးစီးမှူး ဦးလေးမြင့်၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မြင့်မြင့်ဝင်း၊ သနပ်ပင်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ကြူကြူမြင့်နှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# (၂၃)ကြိမ်မြောက် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော် တောင်ကိုရီးယားနိုင်ငံ ပြုံချမ်းစီရင်စု၌ ဖွင့်လှစ်

**ပြုံချမ်း ဖေဖော်ဝါရီ ၉**

တောင်ကိုရီးယားနိုင်ငံ ပြုံချမ်းစီရင်စုရှိ တောင်ပေါ်အပန်းဖြေစခန်းတွင် (၂၃) ကြိမ်မြောက် ဆောင်းရာသီအိုလံပစ်အားကစားပွဲတော်ကို ဖေဖော်ဝါရီ ၉ ရက်တွင် ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆုပေါင်း ၁၀၂ ဆုအတွက် ကမ္ဘာ့နိုင်ငံပေါင်း ၉၂ နိုင်ငံတို့မှ အားကစားသမား ၂၉၀၀ ပါဝင်ယှဉ်ပြိုင်မည့် ဆောင်းရာသီအိုလံပစ်အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို တောင်ကိုရီးယားနိုင်ငံ ဒေသစံတော်ချိန် ည ၈ နာရီတွင် တခမ်းတနား ကျင်းပသည်။ ပြုံချမ်းအိုလံပစ် အားကစားပွဲတော်၏ ဦးတည်ချက်ဆောင်ပုဒ်မှာ သဟဇာတဖြစ်မှုနှင့် ပေါင်းဆုံမှု၊ မေတ္တာတရားနှင့် ငြိမ်းချမ်းရေးဟူ၍ ဖြစ်သည်။ အပူချိန် အနုတ် ၁၀ ဒီဂရီ ဆဲလ်စီယပ်ရှိနေချိန်တွင် အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မီးရှူးမီးပန်းများကို လှပစွာ ပစ်လွှတ်ခဲ့ပြီး အနုပညာမြောက်လှသည့် သရုပ်ဖော်ပုံများကို ရောင်စုံထုတ်လွှင့်ပြသခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် ပြုံချမ်းစီရင်စုတည်ရာ ကွမ်ဝမ်ပြည်နယ်မှ ရိုးရာဝတ်စုံများ ဝတ်ဆင်ထားကြသော ကချေသည်များ ပါဝင်သည့် တေးဂီတအဖွဲ့များက ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

ဆောင်းရာသီအိုလံပစ်အားကစားပွဲတော်ကို ဖေဖော်ဝါရီ ၉ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းအားကစားပွဲတော်အပြီး မတ် ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် မသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် အားကစားသမား ၆၇၀ ပါဝင် ယှဉ်ပြိုင်မည်ဖြစ်သည်။

**ဆင်ဟွာ**




## အစ္စရေးနှင့်ထိစပ်နေသော နယ်စပ်အနီး၌ ပင်လယ်ဆိပ်ကမ်း လက်ဘနွန် တည်ဆောက်မည်

**ဘေရွတ် ဖေဖော်ဝါရီ ၉**

လက်ဘနွန်နိုင်ငံတောင်ပိုင်း နာကူရာဒေသတွင် အပြည်ပြည်ဆိုင်ရာ ပင်လယ်ဆိပ်ကမ်းတစ်ခု တည်ဆောက်မည့်စီမံကိန်းကို ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး ယူဆွတ်ဖ်ဖိနီရာနို့စ်က ဖေဖော်ဝါရီ ၈ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း၊ ယင်းစီမံကိန်းသည် နိုင်ငံတောင်ပိုင်းဒေသနှင့် ထိစပ်နေသော ကျေးရွာများ ပြန်လည်တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ကြောင်း ၎င်းက ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်းသည် အစ္စရေးတို့၏ ရည်မှန်းချက်များကို အန်တုရင်ဆိုင်မည့် စီမံကိန်းဖြစ်ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မိမိတို့သည် ရန်သူနှင့် နေ့စဉ် ကြုံတွေ့နေရခြင်းကြောင့် ရန်သူနှင့် ထိပ်တိုက်ရင်ဆိုင်ရန် အသင့်ရှိကြောင်း ဖိနီရာနို့စ်က ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ပင်လယ်ဆိပ်ကမ်းတည်ဆောက်ရန် အဆိုပြုထားသည့်ဒေသသည် လက်ဘနွန်၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ကွက် အမှတ်(၉)အနီးတွင် တည်ရှိသည်။

လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက လက်ဘနွန်ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်များအတွက် လုပ်ငန်းလိုင်စင်ချထားပေးသည့် လေလံတင်ဒါပွဲတွင် ပြင်သစ်နိုင်ငံမှ တိုတယ်၊ အီတလီမှ အီးအန်အိုင်နှင့် ရုရှားမှ နိုဗာတက်ကုမ္ပဏီတို့ပါဝင်သော ကုမ္ပဏီအုပ်စုက ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက် ငါးခုအနက် နှစ်ခုအတွက် တင်ဒါအောင်မြင်ခဲ့သည်။

လက်ဘနွန်နိုင်ငံ၏ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ကွက်အမှတ် (၉)သည် မိမိတို့အား ရန်စလှုံ့ဆော်ရာရောက်သဖြင့် နိုင်ငံတကာ ရေနံကုမ္ပဏီများအနေဖြင့် ယင်းလုပ်ကွက်တွင် လုပ်ငန်းများ လုပ်ဆောင်ခြင်းမပြုရန် အစ္စရေး ကာကွယ်ရေးဝန်ကြီး ဒေးဗစ်လီဘာမင်က လွန်ခဲ့သည့်ရက်သတ္တပတ်က တောင်းဆိုခဲ့သည်။

လက်ဘနွန်၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကမ်းလွန်တူးဖော်ရေးလုပ်ကွက်အမှတ်(၉)၏ နယ်မြေအချို့သည် အစ္စရေးနှင့် လက်ဘနွန်တို့အကြား ပိုင်ဆိုင်မှုအငြင်းပွားနေသည့် နယ်ခြားဒေသတွင်ကျရောက်နေသည်။

**ဆင်ဟွာ**

## တောင်ကိုရီးယားသမ္မတ မွန်း မြောက်ကိုရီးယားအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံမည်

**ဆိုးလ် ဖေဖော်ဝါရီ ၉**

တောင်ကိုရီးယားသမ္မတ မွန်းဂျေအန်သည် မြောက်ကိုရီးယား အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် တွေ့ဆုံရန် စီစဉ်ထားကြောင်း သမ္မတအိမ်ပြာတော်က ဖေဖော်ဝါရီ ၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

သမ္မတမွန်းသည် မြောက်ကိုရီးယား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကင်ယောင်နမ် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် တွေ့ဆုံ၍ နေ့လယ်စာသုံးဆောင်မည်ဖြစ်ကြောင်း သမ္မတရုံး၏ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင်ကင်ဂျုံအန်၏ နှမဖြစ်သူ အာဏာရ ကိုရီးယား အလုပ်သမားပါတီ အမြဲတမ်းကော်မတီမှ ဒုတိယညွှန်ကြားရေးမှူး ကင်ယိုဂျောင်းလည်း ပါဝင်ကြောင်း သိရသည်။ မြောက်ကိုရီးယားအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် တောင်ကိုရီးယားနိုင်ငံ အရှေ့ပိုင်း ပြုံချမ်းစီရင်စု၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် ဆောင်းရာသီအိုလံပစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ**


မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်၏နှမ ကင်ယိုဂျောင်း


တောင်ကိုရီးယားသမ္မတ မွန်းဂျေအန်

## မော်လ်ဒိုက်အစိုးရအဖွဲ့အား ဖြုတ်ချရန် တရားသူကြီးချုပ်က စီစဉ်ခြင်းကြောင့် အရေးပေါ်အခြေအနေ ကြေညာရသည်ဟုဆို

**မာလီ ဖေဖော်ဝါရီ ၉**

မိမိသည် ၁၅ ရက်ကြာမြင့်မည့် နိုင်ငံတော် အရေးပေါ် အခြေအနေ ကြေညာခဲ့ရခြင်းမှာ တရားရုံးချုပ် တရားသူကြီးချုပ်က မိမိ၏ အစိုးရအဖွဲ့အား ဖြုတ်ချရန် စီစဉ်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု မော်လ်ဒိုက်သမ္မတ အဗ္ဗဒူလာယာမင်းက ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အတိုက်အခံခေါင်းဆောင်များအား ပြန်လည်လွှတ်ပေးရန် မကြာသေးမီက တရားရုံးချုပ်က ညွှန်ကြားခဲ့ခြင်းနှင့်ပတ်သက်၍ မိမိ အကြီးအကျယ် အံ့သြတုန်လှုပ်မိကြောင်း၊ ယင်းညွှန်ကြားချက်သည် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်တာများ ပျက်ပြားစေရန် ခြိမ်းခြောက်ခြင်းဖြစ်ကြောင်း နိုင်ငံတစ်ဝန်းသို့ ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်သော မိန့်ခွန်းတွင် သမ္မတ ယာမင်းက ရှင်းလင်းဖော်ပြသည်။

အဘယ်ကြောင့် တရားရုံးချုပ်သည် အတိုက်အခံခေါင်းဆောင် ကိုးဦးကို ပြန်လည်လွှတ်ပေးရန် လွန်ခဲ့သည့် ရက်သတ္တပတ်က ညွှန်ကြားခဲ့ပါသနည်းဟု မိမိကိုယ်မိမိ မေးခွန်းထုတ်မိကြောင်း သမ္မတယာမင်းက ပြောကြားသည်။

တရားရုံးချုပ်က ပြန်လည်လွှတ်ပေးရန် ဖော်ပြထားသော အတိုက်အခံခေါင်းဆောင်ကိုးဦးတွင် မော်လ်ဒိုက်သမ္မတဟောင်း မိုဟာမက်နာရှစ်နှင့် ဒုတိယသမ္မတဟောင်း အာမက်အဒီးတို့ ပါဝင်ကြသည်။

မိမိအား ပါလီမန်တွင် စွပ်စွဲပြစ်တင်နိုင်ရန် တရားရုံးချုပ်က ကြိုးပမ်းနေသည်ဟု သမ္မတယာမင်းက စွပ်စွဲလိုက်ပြီး တရားရုံးချုပ်အနေဖြင့် ယင်းသို့ လုပ်ဆောင်ရန် အခွင့်အာဏာမရှိဟု ဆိုသည်။ **ဆင်ဟွာ**



## လျှို့ဝှက်စာတမ်းစာလွှာ ပေါက်ကြားမှုဖြင့် အိန္ဒိယ လေတပ် အရာရှိတစ်ဦးကို ထိန်းသိမ်း

**နယူးဒေလီ ဖေဖော်ဝါရီ ၉**

လျှို့ဝှက်စာလွှာစာတမ်း ပေါက်ကြားစေမှုဖြင့် အိန္ဒိယလေတပ်မှ အရာရှိတစ်ဦးကို ထိန်းသိမ်းလိုက်ကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားသည်။

အိန္ဒိယလေတပ်မှ ဗိုလ်ကြီးအာရွန်မာဝါဟာသည် ပါကစ္စတန်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်သတင်းအချက်အလက်များကို ထောက်ပံ့ပေးခဲ့သည်ဟု စွပ်စွဲခံရသည်။ ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့သည် အမျိုးသမီးတစ်ဦးအဖြစ် ဟန်ဆောင်ကာ လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် ဗိုလ်ကြီးမာဝါဟာအား အဆက်အသွယ်ပြုလုပ်ခဲ့ကြောင်း၊ ဗိုလ်ကြီးမာဝါဟာကို နိုင်ငံတော် လျှို့ဝှက်ချက် အက်ဥပဒေအရ စွဲချက်တင်ထားကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

**ဆင်ဟွာ**

# ခေါင်လန်ဖူးမြို့နယ်အတွက် ဆရာများ ပြည့်စုံလုံလောက်အောင် ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းခြောက်ခုမေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၏ **ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးခြင်းနှင့် အခွန်အကောက်များ အမြောက်အမြားရရှိနိုင်ရန်အတွက် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့ရှိသည့် ရေပေါ်ကျွန်းများပေါ်တွင် နိုင်ငံခြားသားများသာ ဝင်ရောက်ကစားခွင့်ရှိသည့် Casino လုပ်ငန်းများကို တရားဝင်ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က နိုင်ငံခြားသားများသာ ဝင်ရောက်ကစားခွင့်ရှိသည့် Casino လုပ်ငန်းများကို ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့ရှိသည့် ရေပေါ်ကျွန်းများပေါ်တွင် တရားဝင်ခွင့်ပြုပေးနိုင်ရေးကိစ္စရပ်မှာ ဥပဒေအရ ဆောင်ရွက်ခွင့်ပြုပေးနိုင်ခြေမရှိသေးသော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုရေးကိစ္စကို မကန့်ကွက်သည့်အတွက် လုပ်သာကိုင်သာရှိမည့်အခြေအနေကို တွေ့ရှိရပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောတူခွင့်ပြုချက်များ၊ အထူးသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ လက်ရှိလောင်းကစားဥပဒေကို လိုအပ်သလို ပြင်ဆင်ဖြေလျှော့ပေးခြင်းများဆောင်ရွက်ပြီးပါက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ လိုအပ်သော ခွင့်ပြုမိန့်များတောင်းခံပြီး ဆောင်ရွက်ခွင့်ပြုပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ငါးဦး၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်းပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **မောက်မယ်မြို့နယ် ဟိုလှိုင်ကျေးရွာအုပ်စု ကုန်းမတ်လန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း-ကုန်းမတ်လန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စာသင်ကျောင်းဆောင်သစ်တစ်ဆောင် ခွင့်ပြုချပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ကုန်းမတ်လန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပေ ၆၀ × ပေ ၃၀ တစ်ထပ်ဆောင်အသစ် ဆောက်လုပ်ရန် ဘဏ္ဍာငွေ လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **အောင်လံ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်စသော မြို့များရှိ ကျောင်းသားကျောင်းသူများ တက်ရောက်ရန်အတွက် စက်မှုနည်းပညာအထက်တန်းကျောင်းတစ်ကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၏ အရှေ့ဘက်ခြမ်းမြို့များဖြစ်ကြသော အောင်လံ၊ ဆင်ပေါင်ဝဲ၊




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပစဉ်။

တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်စသော မြို့များမှ ကျောင်းသား ကျောင်းသူများအနေဖြင့် အဆောင်နေသင်တန်းသားများအဖြစ် ပညာသင်ကြားရန် အခွင့်အလမ်းများ ရရှိနေပြီဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျောင်းသားအိပ်ဆောင်လုပ်ငန်းများ ဦးစားပေးဆောင်ရွက်နေချိန်ဖြစ်သည့်အတွက် အစိုးရနည်းပညာကျောင်းတစ်ကျောင်း အသစ်ထပ်မံဖွင့်လှစ်ပေးရန် လတ်တလော ဦးစားပေးဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၏ **မြန်မာနိုင်ငံ၌ အလုပ်လက်မဲ့ပြဿနာလျှော့နည်းပြီး လုပ်ငန်းခွင်အသုံးဝင်မည့် အသက်မွေးဝမ်းကျောင်းပညာကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းရေးဆွဲခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နည်းပညာနှင့် သက်မွေးပညာဖွံ့ဖြိုးရေးသည် အမျိုးသားမဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းရေးဆွဲပြီးဖြစ်သည့်အပြင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ နောင်တွင်လည်း တိုးချဲ့ဆောင်ရွက်မည့်လုပ်ငန်းများဖြစ်ပါကြောင်း ဖြေကြားသည်။

လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ **လွိုင်လင်မြို့နယ် အ. လ. က(ခွဲ) မြို့မ မိုင်းပွန်အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လွိုင်လင်မြို့နယ် မြို့မ(မိုင်းပွန်)အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)သည် မြို့မ(မိုင်းပွန်) အခြေခံပညာအထက်တန်းကျောင်းနှင့် မိုင်ဝက်ခရီးသာ ကွာဝေးပါကြောင်း၊ မြို့မ(မိုင်းပွန်)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင်လည်း အလယ်တန်းပညာသင်ယူခွင့်ရရှိရန် အခွင့်အလမ်းများ ရရှိပြီးဖြစ်ပါသဖြင့် အလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် မရှိသေးပါကြောင်း ဖြေကြားသည်။

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ **ခေါင်လန်ဖူးမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားလာစေရန်နှင့် ဒေသခံ ကျောင်းသားကျောင်းသူများ ကျောင်းခေါ်ချိန်အပြည့်သင်ကြားနိုင်ရန်အတွက် အရည်အချင်းရှိ ဆရာ ဆရာမများ ဖွဲ့စည်းပုံပြည့် စာသင်နှစ်အမီ စေလွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ခေါင်လန်ဖူးမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်း ရှိပါကြောင်း၊ အဆိုပါကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားရေးအတွက် အထက်တန်းဆင့် ကျောင်းသား ကျောင်းသူများအား အချိန်ပိုသင်ကြားခြင်း၊ ညစာကျက်ဝိုင်းများ ပြုလုပ်ခြင်းတို့ကို ကျောင်းအုပ်ကြီးများနှင့် အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ဆရာ ဆရာမများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင် ဆရာ ဆရာမ လိုအပ်ချက် သုံးသောင်းကျော် ရှိပါကြောင်း၊ တစ်နှစ်လျှင်ခွင့်ပြုချက် ဆရာအင်အား တစ်သောင်းကျော်ဖြင့် သုံးနှစ်ဆက်တိုက် ဖြည့်ဆည်းဆောင်ရွက်နေချိန် ဖြစ်ပါကြောင်း၊ ဖြည့်ဆည်းရရှိမည့် ဆရာအင်အားအတိုင်း ခေါင်လန်ဖူးမြို့နယ်အတွက် ပြည့်စုံလုံလောက်သောဆရာများ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အပြင် ယနေ့အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသော "သစ်တောဥပဒေကြမ်း" နှင့်စပ်လျဉ်းပြီး တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်။

**ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

# တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းအား အတည်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်း နှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု အစီရင်ခံစာဖတ်ကြားခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ဥပဒေကြမ်း အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးချစ်ထွေး၏ **မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးကျေးရွာ၌ ကျေးလက်ကျန်းမာရေးအဖွဲ့ဌာနခွဲ တည်ဆောက်ပေးရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လျာထားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန်အတွက် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံတင်ပြထားပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အမျိုးသားကျန်းမာရေးစီမံကိန်းနှင့်ညှိနှိုင်း၍ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြမည်ဖြစ်ကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ သဘောထားမှတ်ချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့တင်ပြ၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ဆောက်လုပ်ပေးမည်ဟု ပြောသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဦးစားပေးလုပ်သည့်အခါတွင် ၂၀၁၈-၂၀၁၉ တွင် ဆောင်ရွက်မပေးနိုင်လျှင် ၂၀၁၉-၂၀၂၀တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းက **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အရိုး၊ အကြောခွဲစိတ်ရာတွင် အသုံးပြုသော ခွဲခန်းပစ္စည်းကိရိယာပြည့်စုံအောင် ဖြည့်ဆည်းပေးရန်နှင့် အရိုးကျိုးလူနာများတွင် ထည့်သွင်းအသုံးပြုသော စတီးလ်ချောင်းများကို စျေးနှုန်းမျှတစွာဖြင့် တစ်ပြည်လုံးရှိ လူနာများ ရရှိခံစားနိုင်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆေးဆိုင်များတွင် အရည်အသွေးကောင်းမွန်သည့် ဆေးများသာ ရောင်းချစေပြီး ၁၀ ရာခိုင်နှုန်းသာ အမြတ်ယူပါကြောင်း၊ ကုသရေးဦးစီးဌာနအနေဖြင့် စက်ပစ္စည်းကိရိယာများ ဝယ်ယူရန်အတွက် ငွေကျပ် ၄၃ ဒသမ ၈ ဘီလီယံကို လျာထားပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် စတီးလ်ချောင်းပေါင်း ၂၀၀၀ ဝယ်ယူထားပါကြောင်း၊ စတီးလ်ချောင်း တစ်ချောင်းလျှင် ငွေကျပ် ၁၃၀၀၀၀ နှင့် ၁၆၀၀၀၀ ကြား ရောင်းပါကြောင်း၊ စတီးလ်ချောင်းများကို တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ဝယ်ယူပါကြောင်း၊ အမေရိကန်နိုင်ငံမှ စတီးလ်ချောင်းများသုံးလျှင် ငွေကျပ် ၅၀၀၀၀၀ ကျော် ကုန်ကျသောကြောင့် မသုံးပါကြောင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ စတီးလ်ချောင်းများသည်လည်း အရည်အသွေးကောင်းမွန်ပါကြောင်း၊ အခြားနိုင်ငံများမှလည်း အကူအညီများ လာရောက်ပေးပါကြောင်း၊ ဥပမာတစ်ခုအနေဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်က SIGN(Surgical Implant Generation Network)က AMFA နှင့် ပူးပေါင်း၍ ပြည်သူ့ဆေးရုံ ၉ ရုံနှင့် တပ်မတော်ဆေးရုံ ၂ ရုံတို့တွင် ခွဲစိတ်ပေးသည့်အပြင် စတီးလ်ချောင်းပေါင်း ၉၁၂ ချောင်းကို လှူဒါန်းပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၏ **ရွှေလောင်းတိုက်နယ်ဆေးရုံတွင် ဆေးရုံအဂ္ဂါရပ်နှင့် မညီသည့်အတွက် မည်သည့်ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်း**နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်၊



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပစဉ်။

သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီဝင် ဒေါ်နန်းနီနီအေးက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ World Wildlife Fund Myanmar မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် ဖတ်ကြားတင်ပြသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ယင်းနောက် **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်၊ သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ဒေါ်ကြင်ဝိုက်မန်က ဖတ်ကြားရှင်းလင်းပြီး အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုတင်သွင်းသည်။

ထို့နောက် ယင်းအဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်ကထောက်ခံပြီး ပြင်ဆင်ချက်အတည်ဖြစ်ရန် လွှတ်တော်၏အဆုံးအဖြတ် ရယူရာ သဘောတူကြောင်း ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး(၁၇)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မှတ်တမ်း

● ကောင်းစျာန်သိမ်း


ရွှေတိဂုံဘုရားအလယ်ပစ္စယံ လူထုစည်းဝေးပွဲကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားစဉ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အရေးဆိုရာတွင် ပြည်မသာမက တောင်တန်းနယ်များပါ ပါဝင်မှ ပြည့်စုံမည်။ ထို့ကြောင့် တိုင်းရင်းသားအပေါင်း စည်းလုံးညီညွတ်စွာဖြင့် လွတ်လပ်ရေးကို အရယူရန် ဗိုလ်ချုပ်အောင်ဆန်းသည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားဒေသများသို့ သွားရောက်ပြီး တိုင်းရင်းသား လူမျိုးစုများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

### နေသူရိန်ညီလာခံ

လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ရွှေတိဂုံဘုရားအလယ်ပစ္စယံညီလာခံသည် ဖဆပလအဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သည့် အစည်းအဝေးကြီးများတွင် ပထမဆုံး အကြီးကျယ် အခမ်းအနားဆုံး ညီလာခံကြီးဖြစ်ပေသည်။ ဖဆပလအဖွဲ့ချုပ်၏ ပထမဦးဆုံးရည်မှန်းချက်မှာ ဖက်ဆစ်များအား တော်လှန်တိုက်ခိုက်မောင်းထုတ်ရေးဖြစ်ပြီး ဒုတိယရည်ရွယ်ချက်မှာ နောင်ထပ်ဝင်လာမည့် ဗြိတိသျှနယ်ချဲ့တို့ထံမှ လွတ်လပ်ရေးယူရန်အတွက် နိုင်ငံရေးတိုက်ပွဲများ ဆက်လက်ဆင်နွှဲရန် ပြည်သူတစ်ရပ်လုံးအား စည်းရုံး၍ အသင့်ပြင်ဆင်ထားရေးပင် ဖြစ်သည်။ ဒုတိယရည်ရွယ်ချက် အောင်မြင်ရေးအတွက် နေသူရိန်ဇာတ်ရုံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။

မြန်မာပြည်သို့ ဆာဒေါ်မန်စမစ်ပြန်လာလျှင် ရာထူးပေးစည်းရုံးပြီး ခေါင်းဆောင်များအား ဖြိုခွဲမည့် အရေးကို ဗိုလ်ချုပ်က ကြိုတင်မြော်တွေး၍ အကွဲကွဲအပြားပြားဖြစ်နေသော ပါတီအဖွဲ့များအား နေသူရိန်ညီလာခံသို့ ဖိတ်ခေါ်ကာ စည်းရုံးခဲ့သည်။ ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းအား တပ်ပေါင်းစုကြီး၏ ဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း ရွေးချယ်တင်မြှောက်လိုက်သည်။ ဆာဒေါ်မန်စမစ်သည် မြန်မာပြည်တွင် သုံးနှစ်သုံးမိုးအုပ်ချုပ်မည့် စက္ကူဖြူစာတမ်းကို သယ်ဆောင်လာခဲ့သည်။ ယင်းကို မြန်မာခေါင်းဆောင်များက လက်မခံကြဘဲ ဗိုလ်ချုပ်အောင်ဆန်းက တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရမည်ဟု တောင်းဆိုခဲ့သည်။

### တောင်တန်းဒေသအတွက် ညီလာခံ

ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံကို အုပ်ချုပ်ရာတွင် ပြည်မအား ၁၉၃၅ ခုနှစ် ဗမာနိုင်ငံအစိုးရအက်ဥပဒေအရ ရွေးကောက်တင်မြှောက်သည့် အစိုးရက အုပ်ချုပ်၍ တောင်တန်းဒေသများကို ဘုရင်ခံကိုယ်တိုင်အုပ်ချုပ်ခဲ့သည်။ အကြောင်းပြချက်မှာ တောင်တန်းဒေသမှာ နိုင်ငံရေးအရ ဖွံ့ဖြိုးတိုးတက်မှုမရှိသေး၍ ပြည်မကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် မထိုက်တန်သေးဟူ၍ ဖြစ်သည်။ ခိုင်မာသည့် အထောက်အထားတစ်ရပ်မှာ ဗြိတိသျှကာကွယ်ရေးတွင် တစ်စိတ်တစ်ဒေသအသုံးဝင်မည့် တောင်တန်းဒေသကို ချန်လှပ်၍ ပြည်မကိုလက်လွှတ်ရန် အကြံဖြစ်သည်။ ထို့ကြောင့် တောင်တန်းဒေသကို ချန်မထားဘဲ ပြည်မနှင့်တစ်ပါတည်း လွတ်လပ်ရေးပေးရန်ကိစ္စကို ညီလာခံတွင် အဆိုတင်သွင်းရန် ဆုံးဖြတ်ကြသည်။

မြန်မာပြည်လွတ်လပ်ရေးအတွက် ပြည်သူလူထုမှာ စိတ်အားထက်သန်နေပြီး ရန်ကုန်မြို့ရှိ ပြည်သူလူထုမှာ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြသည်။ မည်သည့်နေရာကြည့်ကြည့် ညီလာခံအကြောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းတို့သာ ရေပန်းစားနေသဖြင့် ပီတိဖြစ်စရာဖြစ်သည်။ ညီလာခံကြီးကို မျှော်လင့်ချက်များ၊ စိတ်လှုပ်ရှားမှုများနှင့် ဖွင့်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ လူကြိုက်အများဆုံး ပုဂ္ဂိုလ်ဖြစ်သည်နှင့်အညီ စက္ကူဖြူစာတမ်းပါ ဆင်းမလားစီမံကိန်းကို ပယ်ချပြီး စစ်မှန်သောလွတ်လပ်ရေးရသည်အထိ ဆက်လက်အရေးဆိုသွားမည်ဟု ပြောဆိုလိုက်ရာ လူထုကြီးက တစ်ခဲနက်ထောက်ခံကြပေသည်။ ရွှေတိဂုံညီလာခံသို့ ရှမ်းလူငယ်များလည်း တက်ရောက်ခဲ့ကြသည်။ ညီလာခံပြီးသောအခါ ရှမ်းပြည်နယ်အရေးအတွက် ဆက်လက်ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသည် နောင်ဖြစ်ပေါ်လာမည့် ပင်လုံစာချုပ်လက်မှတ်ရေးထိုးရေးအတွက် အရေးကြီးသောဖြစ်ရပ်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။

### စက္ကူဖြူစာတမ်း ကန့်ကွက်ပွဲများ

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သောအစိုးရအဖွဲ့ဝင်များသည် ၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် စက္ကူဖြူစာတမ်း ဖျက်သိမ်းရန် တောင်းဆိုသည့် လူထုဆန္ဒပြပွဲကို ဦးစီးကျင်းပကြသည်။ ဆန္ဒပြပွဲသို့ မြို့နေ အလုပ်သမားများ၊ ဆင်းရဲသားများ၊ အဖွဲ့အစည်းအသီးသီးနှင့် ပုလိပ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး တစ်ခဲနက်ကြွေးကြော်ဆန္ဒပြကြသည်။ မြန်မာ့နိုင်ငံရေးသမိုင်းတွင် အစိုးရအဖွဲ့ဝင်များကိုယ်တိုင်ပါဝင်သော နယ်ချဲ့ဆန့်ကျင်ရေးဆန္ဒပြပွဲမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ဆန္ဒပြပွဲ၌ ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့လူထုဆန္ဒပြပွဲသည် ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ် အကြီးမားဆုံးဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ စစ်ကြီးပြီးမှ မြန်မာလူထုသည် နိုင်ငံရေးနိုးကြားမှု ပိုမိုတိုးတက်လာကြောင်း၊ မြန်မာနိုင်ငံတွင် မဖြစ်ဖူးသော ပုလိပ်သပိတ်၊ အမှုထမ်းပေါင်းစုံ သပိတ်များပေါ်ပေါက်ခဲ့ကြောင်း၊ ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင် ဖဆပလမှ ပုဂ္ဂိုလ်များကလည်း လူထုအင်အားကို တစ်ဆင့်တက်ပြီး ထောက်ခံရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးအတွက် ပြည်သူလူထုသည် အဆင်သင့်ရှိနေသည်ကို ယုံကြည်ကြောင်း ပြောကြားခဲ့သည်။ ထိုကန့်ကွက်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပခဲ့သည်။

ကန့်ကွက်ပွဲများအပြီး စက်တင်ဘာ ၃၀ ရက်တွင် အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များကို ဗိုလ်ချုပ်အောင်ဆန်းက အတွင်းဝန်ရုံးသို့ ဖိတ်ခေါ်ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲပြီးနောက် ညနေပိုင်းတွင် သတင်းစာဆရာများနှင့်တွေ့ဆုံ၍ အစိုးရ၏ စေ့စပ်ဆွေးနွေးမှုမှာ အောင်မြင်သွားပါပြီဟု ပြောကြားခဲ့ပြီး အလုပ်ပြန်လည်ဝင်ရောက်ဖို့ တိုက်တွန်းခဲ့သည်။ အမှုထမ်းများ၊ အလုပ်သမားများ အလုပ်ပြန်ဝင်ကြသောကြောင့် ရန်ကုန်မြို့လည်း အခြေအနေတည်ငြိမ်အေးချမ်းသွားပြီး နေဝင်မီးငြိမ်း အမိန့်လည်း ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အရေးဆိုရာတွင် ပြည်မသာမက တောင်တန်းနယ်များပါ ပါဝင်မှ ပြည့်စုံမည်။ ထို့ကြောင့် တိုင်းရင်းသားအပေါင်း စည်းလုံးညီညွတ်စွာဖြင့် လွတ်လပ်ရေးကိုအရယူရန် ဗိုလ်ချုပ်အောင်ဆန်းသည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားဒေသများသို့သွားရောက်ပြီး တိုင်းရင်းသားလူမျိုးစုများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

### တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခရီးစဉ်(ကချင်)

ဗိုလ်ချုပ်အောင်ဆန်း ကချင်ပြည်နယ်သို့ ပထမဆုံးသွားရောက်ရသည့်အကြောင်းမှာ ၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် ဘုရင်ခံဆာဒေါ်မန်စမစ်သည် မြစ်ကြီးနားသို့ သွားရောက်၍ စက္ကူဖြူစီမံကိန်းအရ မြန်မာနိုင်ငံထဲ မပါဝင်ဘဲ တသီးတခြားနေလိုက နေနိုင်ကြောင်း ကချင်တိုင်းရင်းသားတို့အား ပြောကြားထားခဲ့ခြင်း၊ ထို့အပြင် ကချင်တိုင်းရင်းသားများ အဆင့်အတန်းမီအောင်နေနိုင်ရန်အတွက် မိမိက ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း၊ ဆေးရုံများ၊ ကျောင်းများ ဆောက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားထားခဲ့ခြင်းတို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမပျက်ပြားစေရေးအတွက် သွားရောက်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် မြစ်ကြီးနားရှိ ကချင်တပ်များကို စစ်ဆေးရန် ရောက်ရှိသွားသည်။ ထိုနေ့ ညနေ ၅ နာရီတွင် ကချင်ခေါင်းဆောင်များ၏ ဖိတ်ကြားချက်အရ ဒူဝါစော်ဘွားများ၊ စစ်ဗိုလ်ဟောင်းများနှင့် ကချင်တိုင်းရင်းသားခေါင်းဆောင် ၃၀ ခန့်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုတွေ့ဆုံဆွေးနွေးပွဲသည် တိုင်းရင်းသားများနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးပွဲဖြစ်၍ အလွန်အရေးကြီးသည်။ ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်က "ဗမာပြည်ကို လွတ်လပ်တဲ့တိုင်းပြည်ဖြစ်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်၊ လွတ်လပ်တော့မှာတော့ အနေးနဲ့ အမြန်ပဲ သေချာနေပါတယ်၊ ကချင်အမျိုးသားများကလည်း ကျွန်တော်တို့ရဲ့ သွေးရင်းသားရင်းများဖြစ်တဲ့အတွက် ဗမာများနဲ့ ဆိုးတူကောင်းဖက် ပူးပေါင်းဆောင်ရွက်သွားစေချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်ဖော်ပြပါမည်။


စက္ကူဖြူစာတမ်းဖျက်သိမ်းရန် တောင်းဆိုသည့် လူထုဆန္ဒပြပွဲ

# တရုတ်နှင့် အိန္ဒိယတို့၏ ဆုံမှတ်...မြန်မာ

**ချစ်ဝင်းမောင်**

စာရေးဆရာ ဒေါက်တာသန့်မြင့်ဦးက မြန်မာနိုင်ငံနှင့်ပတ်သက်၍ စာအုပ်တစ်အုပ် ရေးဖူးသည်။ Where China meets India ဖြစ်သည်။ ကမ္ဘာ့လူဦးရေအများဆုံး အိန္ဒိယနှင့် တရုတ်နိုင်ငံအကြား မဟာဗျူဟာအရ အရေးပါသော နေရာတွင်တည်ရှိနေသည့် မြန်မာနိုင်ငံနှင့်ပတ်သက်သောအကြောင်း ဖြစ်သည်။

### တရုတ်နှင့် အိန္ဒိယတို့ ဆုံသောနေရာ

တရုတ်-မြန်မာ-အိန္ဒိယ ဆက်ဆံရေးအကြောင်း စဉ်းစားမိတိုင်း ထိုစာအုပ်ခေါင်းစဉ်က ခေါင်းထဲ ပြေးဝင်လာတတ်ပါသည်။ "တရုတ်နှင့် အိန္ဒိယတို့ ဆုံသောနေရာ"။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကုန်ပိုင်းက အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်ကို မမျှော်လင့်ဘဲ ရောက်ရှိသွားခဲ့သည်။ အိန္ဒိယစာနယ်ဇင်းကောင်စီ၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံ စာနယ်ဇင်းကောင်စီ တွေ့ဆုံဆွေးနွေးပွဲကို မဏိပူရပြည်နယ်အင်ဖာမြို့တွင် နှစ်ရက်တာ ကျင်းပပြုလုပ်ခဲ့ရာ ထိုဆွေးနွေးပွဲကို မြန်မာသတင်းမီဒီယာကောင်စီကိုယ်စား တက်ရောက်ခဲ့ရခြင်းဖြစ်သည်။

ဒေသတွင်း နှစ်နိုင်ငံ မီဒီယာတွေ့ဆုံဆွေးနွေးပွဲဟု ခေါင်းစဉ်တပ်ထားသော်လည်း ဆွေးနွေးကြသည့် အကြောင်းအရာများမှာ အတော်ကျယ်ပြန့်ပါသည်။ နှစ်နိုင်ငံကြား (အထူးသဖြင့် အိန္ဒိယအရှေ့မြောက်ဒေသနှင့်) စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ခရီးသွားလာရေးကိစ္စတွေပါ ဆွေးနွေးဖြစ်ခဲ့ကြသည်။ ထိုကာလမှာ အိန္ဒိယအရှေ့မြောက်ဒေသ မဏိပူရပြည်နယ်တွင် ဆန်ဂိုင်းပွဲတော် ကျင်းပနေခိုက်လည်းဖြစ်သည်။

### ယဉ်ကျေးမှု ပွဲတော်

ဆန်ဂိုင်းပွဲတော်မှာ မဏိပူရ၊ အင်ဖာတွင် နှစ်စဉ်ကျင်းပသော ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်ပြီး ခရီးသွားလာရေးမြှင့်တင်ရန် ရည်ရွယ်သည်ဟု သိရသည်။ တစ်ဆက်တည်းမှာပင် အရှေ့မြောက်ဒေသ ထိပ်သီးဆွေးနွေးပွဲကိုလည်း အင်ဖာတွင် ကျင်းပလျက်ရှိသည်။ အိန္ဒိယအရှေ့မြောက်ဒေသသည် မြန်မာနိုင်ငံနှင့် ရှည်လျားစွာ နယ်နိမိတ်ချင်းထိစပ်နေသော်လည်း ထိုဒေသနှင့် မြန်မာနိုင်ငံကြား ဆက်ဆံရေးမှာမူ ပုံမှန်အဆင့်သာရှိသည်။

အရှေ့မြောက်အိန္ဒိယတွင် မဏိပူရ၊ အာသံ၊ နာဂလန်း၊ မီဇိုရမ် စသည့်ပြည်နယ်များရှိပြီး အိန္ဒိယတွင် ဖွံ့ဖြိုးမှုနောက်ကျနေသော ဒေသများဖြစ်သည်။

ဝန်ကြီးချုပ် မိုဒီ ဦးဆောင်သည့် အိန္ဒိယအစိုးရသည် အိန္ဒိယနှင့် အာဆီယံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် မကြာမီက Look East ပေါ်လစီကို ချမှတ်ခဲ့သည်။ ယခုအခါ Act East မူဝါဒဟု ပြောင်းလဲခေါ်ဝေါ်ပြီး ဆက်ဆံရေးတိုးမြှင့်ဖို့ ကြိုးပမ်းနေရာတွင် မြန်မာနိုင်ငံက အဓိက အရေးပါသောနေရာက ပါဝင်လာသည်။

### Act East Policy

နှစ်နိုင်ငံ မီဒီယာကောင်စီများ တွေ့ဆုံဆွေးနွေးပွဲတွင် Act East Policy ဝေါဟာရက ဆွေးနွေးပွဲတစ်ခုလုံး လွှမ်းမိုးနေခဲ့သည်။ ပါဝင်ဆွေးနွေးကြသူများတွင် မဏိပူရ လွှတ်တော်အမတ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မီဒီယာသမားများ ပါဝင်ခဲ့ကြပြီး အားလုံးတက်ကြွနေခဲ့ကြသည်။ အခမ်းအနားကို မဏိပူရဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

တစ်ခုသတိထားမိသည်မှာ သူတို့အားလုံး မြန်မာနိုင်ငံနှင့်ဆက်ဆံရေးကို အားတက်သရော ဖြစ်နေကြခြင်းပင်။ အထူးသဖြင့် ယခုလို မြန်မာမီဒီယာအဖွဲ့ အင်ဖာမြို့အထိ ရောက်ရှိလာပြီး ဆွေးနွေးပွဲတက်သည်ကို ကျေနပ်နေကြသည်။ မဏိပူရက ကုန်းတွင်းပိတ်ပြည်နယ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး အိန္ဒိယ-မြန်မာ ကုန်သွယ်ရေးတွင် တမူး-မိုရေး နယ်စပ်ကုန်သွယ်ရေးက အရေးပါသောနေရာတွင် ရှိသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ အင်ဖာမြို့သို့ တမူးမြို့မှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာခြင်းအတွက် သူတို့ ဂုဏ်ယူပုံရသည်။ မဏိပူရသည် မြန်မာနှင့် ဆက်ဆံရေးကို အထူးတိုးမြှင့်နေချင်ပုံရသည်။

### အင်ဖာသို့

ထိုရက်များအတွင်း မီဒီယာအဖွဲ့သာမက မြန်မာနိုင်ငံ မန္တလေး အားကာသိပ္ပံ ကျောင်းအုပ်ကြီး ဦးဆောင်သော အမျိုးသမီးဘောလုံးအသင်းကလည်း မဏိပူရကို လာရောက်ပြီး ချစ်ကြည်ရေးဘောလုံးပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မဏိပူရ ဝန်ကြီးချုပ်မှာ မူလက လက်ရွေးစင်ဘောလုံးသမားတစ်ဦးဖြစ်ခဲ့ပြီး နောက်ပိုင်း မီဒီယာလောက ရောက်ရှိကာ ရွေးကောက်ပွဲအနိုင်ရပြီး ဝန်ကြီးချုပ် ဖြစ်လာသူဖြစ်သည်။ မြန်မာအားကစားအဖွဲ့ရော၊ သတင်းမီဒီယာအဖွဲ့ပါ အင်ဖာသို့ ရောက်ရှိလာခြင်းအတွက် သူတို့ ကျေနပ်ကြသည်။

ဖွံ့ဖြိုးမှုနောက်ကျကျန်နေသော မဏိပူရဒေသအတွက် အိန္ဒိယ၏ Act East ပေါ်လစီအရ မြန်မာသည် အကောင်းဆုံးမိတ်ဆွေဖြစ်သည်။ မဏိပူရနှင့် မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းဒေသကြီးအကြား ကူးလူးဆက်ဆံရေးတိုးချဲ့ချင်ကြသည်။

> **"အိန္ဒိယသည် အရှေ့ကို ကြည့်လာသည်။ အရှေ့တွင် မြန်မာရှိသည်။ အာဆီယံရှိသည်။ ကျယ်ပြန့်သော ဈေးကွက်ကြီးရှိသည်။ တရုတ်က ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း ဖောက်လာချိန်မှာ အိန္ဒိယကလည်း အရှေ့ကို ကြည့်လာသည်။ ထိုအချိန်တွင် ကျွန်တော်တို့သည် နိုင်ငံကြီးနှစ်နိုင်ငံ၏ ပစ်မှတ်ဖြစ်လာသည်။ မိမိကို စိတ်ဝင်စားခြင်းသည် သူ့အကျိုးစီးပွားအတွက်ဖြစ်သလို လိမ္မာပါးနပ်စွာ အသုံးချတတ်လျှင် ကိုယ့်အတွက်လည်း ဖြစ်နိုင်"**

ဆွေးနွေးပွဲတွင် အိန္ဒိယ၏ Act East အရှေ့မျှော်မူဝါဒနှင့် တရုတ်၏ OBOR, One Belt One Road မူဝါဒကို ချိန်ထိုးကြသည်။ တရုတ်-မြန်မာ ကုန်သွယ်ရေးနှင့် အိန္ဒိယ-မြန်မာ ကုန်သွယ်ရေးကို နှိုင်းယှဉ်ကြသည်။ အိန္ဒိယသည် တရုတ်နှင့်ယှဉ်လျှင် အများကြီး နောက်ကျနေသည်ဟု သုံးသပ်ကြသည်။ အင်ဖာနှင့် မိုရေးအကြားလမ်းကို အာရှအဝေးပြေးလမ်းမကြီး (၁) AH1 ဟုသတ်မှတ်ထားသော်လည်း အိန္ဒိယဘက်က ယခုတိုင် အဆင့်မမြှင့်နိုင်သေး။ အလားတူ မြန်မာနှင့် အိန္ဒိယ ကုန်သွယ်ရေးကလည်း အားရဖွယ်မရှိသေး။ မဏိပူရနှင့် မြန်မာနိုင်ငံအကြား ကုန်းလမ်းဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်းအတွက် အင်ဖာ-မန္တလေး လေကြောင်း တိုက်ရိုက်ပြေးဆွဲရေးကိစ္စတွေပါ ပြောဖြစ်ခဲ့ကြသည်။

### မန္တလေးမြို့တွင်

မဏိပူရ မီဒီယာဆွေးနွေးပွဲအတွင်း ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ မန္တလေးမြို့တွင် ယခု ၂၀၁၈ ခုနှစ် ဇန်နဝါရီ လကုန်ပိုင်းတွင် ထပ်မံကျင်းပရန် သဘောတူခဲ့ကြသဖြင့် ပြီးခဲ့သည့် ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်များက မန္တလေးမြို့သို့ မဏိပူရပြည်နယ် ဝန်ကြီးချုပ်၏ Act East မူဝါဒ အကောင်အထည်ဖော်ရေးတာဝန်ခံ မစ္စတာ ရှီဗာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ထပ်မံရောက်ရှိခဲ့သည်။ ယခုတစ်ခေါက်တွင်လည်း မဏိပူရအမျိုးသမီးဘောလုံးအသင်း လိုက်ပါလာခဲ့ပြီး မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ဇန်နဝါရီ ၂၇၊ ၂၈ ရက်များက ချစ်ကြည်ရေးဘောလုံးပွဲ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ နောက်တစ်ရက်တွင် မန္တလေးမြို့ ရေပေါ်ဟိုတယ်၌ မဏိပူရ စီးပွားရေးကိုယ်စားလှယ်အဖွဲ့နှင့် မန္တလေး၊ စစ်ကိုင်းမှ မြန်မာလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

တစ်ဆက်တည်းမှာပင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကို အစိုးရအဖွဲ့ရုံးတွင် သွားရောက်တွေ့ဆုံပြီး မဏိပူရနှင့် မန္တလေးအကြား ခရီးသွားလာရေးကိစ္စ၊ ခရီးသွားဆေးကုသရေးကိစ္စ၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးကိစ္စတို့ကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။ နောက်နေ့တွင် မုံရွာမြို့၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ထပ်မံတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

### နယ်မြေချင်း ထိစပ်

စစ်ကိုင်းတိုင်းဒေသကြီးက မဏိပူရပြည်နယ်နှင့် နယ်မြေချင်း ထိစပ်နေသည့်အတွက် ဒေသနှစ်ခုကြား ဆက်ဆံရေးမှာ အလွန်အရေးပါသည်။ လက်ရှိအချိန်ထိ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးကို တမူး-မိုရေးတွင် ပြုလုပ်လျက်ရှိသည်။ မဏိပူရကိုယ်စားလှယ်အဖွဲ့က ဒေသနှစ်ခုကြား ပိုမိုလွယ်ကူချောမွေ့သော နယ်စပ်ဖြတ်ကျော်သွားလာရေးကိစ္စကို တင်ပြသည်။ နယ်စပ်ဖြတ်ကျော်သွားလာရေးမှာ နှစ်နိုင်ငံ MoU မရေးထိုးရသေးသည့်အတွက် ယခုအချိန်အထိ ကြိုးနီစနစ်အတိုင်း အထက်အဆင့်ဆင့်သို့ ခွင့်ပြုချက်တင်ပြတောင်းခံနေရဆဲဖြစ်သည်။

### စိတ်ဝင်တစား ကြည့်ရှု

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ကတော့ သဘောကောင်းသည်။ ဒေသနှစ်ခုကြား ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုအားလုံးကို ဖိတ်ခေါ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးက ပဲမျိုးစုံအပါအဝင် စိုက်ပျိုးရေးနှင့် တွင်းထွက်သယံဇာတပေါကြွယ်ဝသည်။ မဏိပူရ စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား တိုင်းဒေသကြီး အစိုးရရုံးရှေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးထွက် ကျောက်စိမ်း၊ ပယင်း စသည့်ကျောက်မျက် ရတနာမျိုးစုံ၊ ပဲမျိုးစုံ၊ ကြိမ်ထည်၊ ယွန်းထည်လက်မှုပစ္စည်းမျိုးစုံ ခင်းကျင်းပြသပေးထားခဲ့ရာ စိတ်ဝင်တစား ကြည့်ရှုခဲ့ကြသည်ကို တွေ့ရသည်။

ထိုရက်များအတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေပြီး ဝန်ကြီးချုပ် မိုဒီနှင့် တွေ့ဆုံဆွေးနွေးမှုတွေ ရှိခဲ့သည်။ ခြုံ၍ဆိုရလျှင် အိန္ဒိယသည် အရှေ့ကို ကြည့်လာသည်။ အရှေ့တွင် မြန်မာ ရှိသည်။ အာဆီယံ ရှိသည်။ ကျယ်ပြန့်သော ဈေးကွက်ကြီးရှိသည်။ တရုတ်က ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း ဖောက်လာချိန်မှာ အိန္ဒိယကလည်း အရှေ့ကို ကြည့်လာသည်။ ထိုအချိန်တွင် ကျွန်တော်တို့သည် နိုင်ငံကြီးနှစ်နိုင်ငံ၏ ပစ်မှတ်ဖြစ်လာသည်။ မိမိကို စိတ်ဝင်စားခြင်းသည် သူ့အကျိုးစီးပွားအတွက်ဖြစ်သလို လိမ္မာပါးနပ်စွာ အသုံးချတတ်လျှင် ကိုယ့်အတွက်လည်း ဖြစ်နိုင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း
## UNDP မှ Country Director, Mr. Peter Batchelor နှင့် အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ Country Director, Mr. Peter Batchelor နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီ က နေပြည်တော်ရှိ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ (၁)၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ ခေါင်းဆောင်မှု၊ ထိရောက်မှု၊ လိုက်လျောညီထွေဖြစ်စေမှုနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှုစီမံချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## မီးငြိမ်းသတ်ယာဉ် ပေးအပ်လှူဒါန်းခြင်းနှင့် အရန်မီးသတ်စခန်းရုံးအဆောက်အအုံ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် မီးငြိမ်းသတ်ယာဉ်ပေးအပ်လှူဒါန်းပွဲနှင့် အရန်မီးသတ်တပ်ဖွဲ့ စခန်းရုံးခန်းမအဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို အမှတ်(၄)ရပ်ကွက် မီးသတ်တပ်ဖွဲ့စခန်း၌ ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ရွှေပြည်သာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးဝင်း၊ မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးမြင့်ဦးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်တို့က မီးငြိမ်းသတ်ယာဉ်အား အမွှေးနံ့သာများ ပက်ဖျန်းပေး၍ တပ်ဖွဲ့စခန်းရုံးခန်းမအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ အလှူရှင်များအား တာဝန်ရှိသူအသီးသီးတို့က ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ရပ်ကွက်နေ ပြည်သူတစ်ဦးက "မီးသတ်စခန်းကို ရွှေပြည်သာမြို့နယ် အမှတ်(၄)ရပ်ကွက် တစ်ခုတည်းမှာသာ ဖွင့်လှစ်နိုင်သေးတာပါ၊ ကျွန်မတို့ရပ်ကွက်မှာ မီးသတ်ယာဉ်နှင့် မီးသတ်စခန်းရှိတဲ့အတွက် ရပ်ကွက်နေပြည်သူများ မီးဘေးအန္တရာယ်ဖြစ်ပေါ်ရင် အချိန်မီ မီးငြိမ်းသတ်နိုင်မှာဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူရပါတယ်"ဟု ပြောသည်။ **မြို့နယ် (ပြန်/ဆက်)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဖေဖော်ဝါရီ ၂၈ ရက် ညနေပိုင်းတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း၊ မတ် ၁ ရက် နံနက်ပိုင်းတွင် ရွှေကြာသင်္ကန်းကပ်လှူခြင်း၊ ဆွမ်းတော်ကြီးတင်လှူခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ မွန်းလွဲပိုင်းတွင် ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ညနေပိုင်းတွင် ဆီမီး ၉၀၀၀ ပူဇော်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၁ ရက်အထိ ပွဲတော်ကွင်းအတွင်း၌ ဇာတ်သဘင်၊ ပျော်ပွဲရွှင်ပွဲများ၊ ဈေးဆိုင်ခန်းများဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် စွမ်းဇာနည် ဇာတ်သဘင်အဖွဲ့ဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဇံဟိန်း(စိန်မဟာသဘင်အဖွဲ့)ဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ဇာတ်သဘင်အဖွဲ့ဖြင့်လည်းကောင်း၊ မတ် ၁ ရက်တွင် မဟာရန်ကုန် အောင်ကျော်ဆန်းကတဲ့ဇာတ်ပွဲဖြင့်လည်းကောင်း ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ပြဋ္ဌာန်း

**၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ ။)**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေ THE DOCKWORKERS (REGULATION OF EMPLOYMENT) ACT. [BURMA ACT III, 1948.]ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စင်ကာပူဆိပ်ကမ်းကို ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဖိတ်ကြားချက်အရ စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စင်ကာပူဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဆိပ်ကမ်းကို PSA Building ပေါ်မှနေ၍ ကြည့်ရှုလေ့လာကြသည်။ ထို့နောက် ဆိပ်ကမ်းထိန်းချုပ်ရေးစင်တာသို့ ရောက်ရှိကြပြီး ဆိပ်ကမ်းတွင် ကွန်တိန်နာများကို အလိုအလျောက် အဝေးထိန်းစနစ်ဖြင့် တင်/ချဆောင်ရွက်နေမှုများအား ကြည့်ရှုလေ့လာကြပြီး ဆိပ်ကမ်းအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။



စင်ကာပူဆိပ်ကမ်းကို ၁၉၆၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး နိုင်ငံတကာမှ ကွန်တိန်နာသင်္ဘောများ လာရောက်ဆိုက်ကပ်၍ ကုန်သွယ်မှုလုပ်ငန်းများ ကမ္ဘာပေါ်တွင် ပမာဏအများဆုံး ဆောင်ရွက်လျက်ရှိသည့် ရေနက်ဆိပ်ကမ်းကြီးတစ်ခုဖြစ်သည်။ PSA International ကုမ္ပဏီသည် ၂၀၁၇ ခုနှစ်တွင် ကွန်တိန်နာအလုံးရေပေါင်း ၃၃ ဒသမ ၂၅ သန်း TEU လက်ခံဆောင်ရွက်ခဲ့ပြီး ဆိပ်ကမ်း၌ ကုန်တင်/ကုန်ချ ကရိန်း ၂၀၀ ကျော် အနက် နေ့စဉ် ကရိန်း ၁၄၀ ခန့်ဖြင့် လုပ်ငန်းဆောင်ရွက်နေကြောင်း၊ တစ်ကမ္ဘာလုံး၏ ကွန်တိန်နာဖြင့် ကုန်သွယ်မှုလုပ်ငန်း၏ ခြောက်ရာခိုင်နှုန်းနီးပါးခန့် လက်ခံဆောင်ရွက်ပေးနေသည့် ဆိပ်ကမ်းကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးသို့ ရောက်ရှိပြီး စစ်သံရုံးမိသားစုများနှင့် သင်တန်းသားအရာရှိများအား တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ **ကျောဖုံးမှ**

ဂျပန်နိုင်ငံမှ ဂီတပညာရှင်များက Bizet Carmen Suite No.1 Les Toreadors၊ Beethoven Symphony No.4၊ Tchaikovsky Piano Concerto No.1 (excerpt)၊ Brahms Hungarian dance No.5 and No.1၊ Mozart Ave Verum Corpus၊ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း၊ မဟာ၊ Beauty and the Beast၊ Despacito နှင့် မန်းတောင်ရိပ်ခို သီချင်းများကို ပူးပေါင်းဖျော်ဖြေတင်ဆက်ကြသည်။


ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂျပန်ဂီတစာဆို တီးဝိုင်းအဖွဲ့ခေါင်းဆောင် Mr. YUNOSUKE YAMAMOTO အား လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. TATESHI HIGUCHI က ဂျပန်စန္ဒရားဆရာမ Ms. KYOKO KOYAMA အား လည်းကောင်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟံထူးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနိုင်ငံတော် သံစုံတီးဝိုင်းအဖွဲ့အား လည်းကောင်း၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက သံပြိုင်သီဆိုအဖွဲ့အားလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ဂျပန်ယဉ်ကျေးမှုအဖွဲ့အားလည်းကောင်း၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က မြန်မာယဉ်ကျေးမှု အကအဖွဲ့အား လည်းကောင်း ဂုဏ်ပြုပန်းစည်းနှင့် ပန်းခြင်းများကို အသီးသီး ပေးအပ်ကြပြီး ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေကြမ်းနှင့်ပတ်သက်၍ အကြံပြုစာများ ဖိတ်ခေါ်ခြင်း

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ဖြစ်သော ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကြမ်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရန်ကုန်မြို့တော်ဝန်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့တင်သွင်းခဲ့သည်။ အဆိုပါဥပဒေကြမ်းတွင် အခန်း(၃၂)ခန်းနှင့် နောက်ဆက်တွဲဇယား ပြစ်မှုနှင့် ပြစ်ဒဏ်များပါဝင်ပြီး အပိုဒ်အားဖြင့် (၃၉၈) ပိုဒ်၊ စာမျက်နှာအားဖြင့် (၁၄၈) မျက်နှာ ပါရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကြမ်း အပြည့်အစုံအား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော www.facebook.com/ygnhluttaw တွင် Download ဆွဲ၍ရယူနိုင်ပြီး အကြံပြု ဆွေးနွေးလိုသည်များရှိပါက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးသို့ လိပ်မူ၍သော်လည်းကောင်း၊ yangonregionhluttaw@gmail.com သို့လည်းကောင်း ပေးပို့အကြံပြုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး**




# မြစိမ်းရောင်စီမံကိန်း ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မှော်ဘီ ဖေဖော်ဝါရီ ၉**

မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ပြုံးမြင့်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက်က မှော်ဘီမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာဖြစ်သည့် နတ်ရဲကွင်းကျေးရွာသို့ သွားရောက်၍ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ စာရင်းဇယားထိန်းသိမ်းခြင်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**ထွေးထွေး(မှော်ဘီ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ယနေ့နံနက် ၁၁ နာရီ ၁၁ မိနစ် ၄၄ စက္ကန့်တွင် စစ်တွေမြေငလျင်စခန်း၏ အရှေ့တောင်ဘက် ၁၄၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သံတွဲမြို့၏ တောင်- အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၄ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

ယခု မြေငလျင်သည် ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ၃၉ ကြိမ်မြောက် လှုပ်ခတ်ခြင်း ဖြစ်သည်။

**ကြေးမုံ**

**✻ ရှေ့ဖုံးမှ**

စစ်တွေလေဆိပ် ဧည့်ခန်းမတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိုင်ငံတကာ သံတမန်များနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရခိုင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရနှင့် နိုင်ငံတော်အစိုးရတို့မှ ကြိုတင်စီမံဆောင်ရွက်ပေးထားမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နိုင်ငံတကာ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် ဤခရီးစဉ်အတွင်း ရခိုင်ပြည်နယ်၏ ပကတိအခြေအနေမှန်များကိုသိရှိပြီး နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတကာအသိုက်အဝန်းသို့ မှန်ကန်တိကျသော သတင်းအချက်အလက်များ မျှဝေပေးနိုင်ရေး ကူညီဆောင်ရွက်ပေးကြရန်နှင့် နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေး၊ ပြန်လည်နေရာချထားရေးတို့ကို နှစ်နိုင်ငံသဘောတူညီချက်များ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများကင်းဝေးပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာပြီး ကုန်းလမ်းမှ ဝင်ရောက်လာသူများအား လက်ခံနိုင်ရေးအတွက် ဖွင့်လှစ်ထားသည့် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းသို့ရောက်ရှိကြသည်။

တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းတွင် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွန်းနှင့် တာဝန်ရှိသူများက နှစ်နိုင်ငံသဘောတူညီချက်များအရ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံနိုင်ရေးအတွက် ကုန်းလမ်းမှ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် တောင်ပြိုလက်ဝဲယာယီလက်ခံရေးစခန်းနှင့် ရေလမ်းမှ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ငါးခူရ ယာယီလက်ခံရေးစခန်းဖွင့်လှစ်ထားရှိမှု၊ စိစစ်အတည်ပြုပြီးသူများ ခေတ္တခဏတည်းခိုနေထိုင်ရန် လှဖိုးခေါင်ကြားစခန်းဖွင့်လှစ်ထားရှိမှု၊ ယာယီလက်ခံရေးစခန်းများတွင် တစ်ရက်လျှင် ပြန်လည်စိစစ်လက်ခံဆောင်ရွက်နိုင်မည့် လူဦးရေ၊ နေရာချထားနိုင်မည့်အနေအထား၊ လုံခြုံရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးအတွက် ကြိုတင်စီမံထားရှိမှုအခြေအနေ၊ ပြန်လည်ဝင်ရောက်လာမည့်သူများအား ပြန်လည်စိစစ်လက်ခံရေး လုပ်ငန်းများဆောင်ရွက်ရန် ဝန်ကြီးဌာနများမှ ရုံးခန်းများဖွင့်လှစ်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး သံတမန်များနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ မေးမြန်းမှုများကို ပြန်လည် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ဦးဆောင်သည့် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် တောင်ပြိုလက်ဝဲ



**ငါးခူရ ယာယီလက်ခံရေးစခန်းတွင် စိစစ်ရေးလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့်အဖွဲ့ ကြည့်ရှုလေ့လာကြစဉ်။**

ယာယီလက်ခံရေးစခန်းတွင် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားတို့ကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ဦးဆောင်သည့်အဖွဲ့သည် တောင်ပြိုလက်ဝဲယာယီလက်ခံရေးစခန်းမှ ရဟတ်ယာဉ်များဖြင့် ငါးခူရ ယာယီလက်ခံရေးစခန်းသို့ရောက်ရှိရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက ရေလမ်းမှ ဝင်ရောက်လာသူများအား ပြန်လည်စိစစ်လက်ခံရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန ၁၂ ခုမှ ဝန်ထမ်းအင်အား ၈၀ ကျော်ဖြင့် ရုံးခန်းများဖွင့်လှစ်ထားရှိမှု၊ ပြန်လည်ဝင်ရောက်လာသူများ ခေတ္တတည်းခိုနေထိုင်စားသောက်ရေးအတွက် ကြိုတင်စီမံထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ပြန်လည်ဝင်ရောက်လာသူများကို စိစစ်ရန်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် NVC ထုတ်ပေးရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လှည့်လည်ကြည့်ရှုရာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က လိုက်လံရှင်းလင်းပြသသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် ရန်ကုန်မြို့ အခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် အစ္စလာမ်ဘာသာဝင်များ နေထိုင်သည့် မောင်တောမြို့ ပန်းတောပြင်ကျေးရွာသို့ရောက်ရှိရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လူနေအိမ်များ ပြန်လည်ဆောက်လုပ်ပေးနေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတကာ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို မေးမြန်းကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များအဖွဲ့နာယက ဘရူနိုင်းနိုင်ငံ သံအမတ်ကြီး H.E.Dato Paduka Haji Abdu’r Rahmani bin Dato Paduka Haji Besir၊ ကနေဒါနိုင်ငံ အွန်တေရီးယိုးပြည်နယ် ဝန်ကြီးချုပ်ဟောင်း Rt.Hon. Mr. Bob Robert Rae၊ ကနေဒါ၊ ဘရူနိုင်း၊ ချက်၊ အီးယူ၊ တူရကီ၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ပြင်သစ်၊ ဂျပန်၊ နီပေါ၊ ဖိလစ်ပိုင်၊ တီမောလက်စတေ၊ ရုရှား၊ အမေရိကန်၊ ဗြိတိန်၊ မလေးရှား၊ ဆော်ဒီအာရေဗျ၊ ကူဝိတ်နှင့် ကိုရီးယားသမ္မတနိုင်ငံ သံရုံးတို့မှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ သံမှူးကြီးနှင့် သံမှူးများ၊ အတွင်းဝန်များ၊ UNHCR ၊ World Bank၊ FAO နှင့် WFP တို့မှ ကိုယ်စားလှယ်များ လိုက်ပါကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် နိုင်ငံတကာသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မောင်တောခရိုင်ရှိ တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်း၌ ကွင်းဆင်းကြည့်ရှုကြစဉ်။**



**ပြန်လည်ဝင်ရောက်လာမည့်သူများကို NVC ထုတ်ပေးရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့်အဖွဲ့ ကြည့်ရှုလေ့လာကြစဉ်။**



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့်အဖွဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေးတံတားကို ကြည့်ရှုလေ့လာကြစဉ်။**

# (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချပွဲနှင့် ပဒေသာကပွဲ ကျင်းပ





**ရန်ကုန် ဖေဖော်ဝါရီ ၉**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာ အစားအစာ ရောင်းချပွဲနှင့် ပဒေသာကပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ်၊ ဒေါက်တာအောင်ထွန်းသက်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ခင်နိုင်ဦး၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကြည်ရွှင်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချပွဲနှင့် ပဒေသာကပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းရင်းသားရိုးရာအစားအစာရောင်းချပွဲနှင့် ပဒေသာကပွဲ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို အဆိုပါကျောင်းရှိ ပင်မဆောင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဒေါက်တာအောင်ထွန်းသက်တို့က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်နိုင်ဦးက ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒေါက်တာအောင်ထွန်းသက်နှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ်တို့အား ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ပဒေသာကပွဲ အခမ်းအနား အမှတ်တရပစ္စည်းများ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တိုင်းရင်းသားရိုးရာ အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာ အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖျာပုံ၌ ပြည်ထောင်စုနေ့ ဂုဏ်ပြုစာပေဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲ ကျင်းပ

**ဖျာပုံ ဖေဖော်ဝါရီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အေးချမ်းသာယာပြည်မြန်မာ ဓာတ်ပုံပြပွဲနှင့် ပြည်ထောင်စုနေ့ အကြို ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားတွင် ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှလှနွယ်က ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပြသထားသည့် အေးချမ်းသာယာ ပြည်မြန်မာ ဓာတ်ပုံပြပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မာမာလွင်က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံနှင့် ထားရှိအပ်သည့် ပြည်ထောင်စုစိတ်ဓာတ် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပြသထားသည့် အေးချမ်းသာယာပြည်မြန်မာ ဓာတ်ပုံများကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ ဓာတ်ပုံများကို ခရိုင်ပြန်ကြားရေးရုံး၌ ဖေဖော်ဝါရီ ၁၁ ရက်အထိ အများပြည်သူ လေ့လာနိုင်အောင် ပြသထားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲ အခမ်းအနား၌ ပြည်သူများ ဆက်လက်လေ့လာ ကြည့်ရှုနိုင်ရန် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ပြည်ထောင်စုနေ့အကြို အေးချမ်းသာယာပြည်မြန်မာ ဓာတ်ပုံပြပွဲနှင့် စာပေစကားဝိုင်း ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်) နှင့် Book Club အဖွဲ့တို့ ပူးပေါင်း၍ စာပေစကားဝိုင်းကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူထုအခြေပြု ဗဟိုဌာန(Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ စာပေစကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဌေးက ရှင်းလင်းပြောကြားပြီး စာရေးဆရာများဖြစ်ကြသည့် မောင်တင်လှိုင်(အင်းစိန်)၊ ဆရာမောင်မောင်နီ၊ ဂျော်အဲန်နီ၊ ဆရာအေးသိန်းထွန်း(အင်္ဂပူ)၊ စာရေးဆရာ ဗလမင်းထင်တို့က စာပေရေးရာ အတွေ့အကြုံများ၊ စာပေဗဟုသုတရေးရာများကို အသီးသီး ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူ စာပေဝါသနာရှင်များက သိလိုသည်များကို မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ တက်ရောက်လာသူများက အေးချမ်းသာယာပြည်မြန်မာ ဓာတ်ပုံပြပွဲကို ဆက်လက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ထုန်နိုင်ရန်ရည်ရွယ်၍ "တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များ"ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ နေရာဒေသများ၊ ရိုးရာပွဲတော်များ၊ စာပေဂီတရိုးရာ အသုံးအဆောင်များနှင့် ဝတ်စားဆင်ယင်မှုများ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

**ပြိုင်ပွဲစည်းကမ်းချက်များမှာ**

- ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။
- ပြိုင်ပွဲဝင်ဓာတ်ပုံသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။
- ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မ အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။
- မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။
- ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသောဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်း မပြုရပါ။
- ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသောဓာတ်ပုံများ မဖြစ်ရပါ။
- ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား ၁၀ လက်မ × ၁၄ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy(CD)ကို ပူးတွဲပေးပို့ရမည်။
- ပြိုင်ပွဲဝင်ဓာတ်ပုံတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်၍ တစ်ပါတည်းပူးတွဲတင်ပြပြီး ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။
- ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်ဟူ၍ ဖြစ်သည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု သုံးသိန်းကျပ်၊ ဒုတိယဆု နှစ်သိန်းငါးသောင်းကျပ်၊ တတိယဆု နှစ်သိန်းကျပ်နှင့် အထူးဆု တစ်သိန်းကျပ်စီ စုစုပေါင်း ဆု ရှစ်ဆု ချီးမြှင့်သွားမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မတ် ၁၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက် ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းဖျော်ဖြေတင်ဆက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၏ (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ရောက်ရှိမည်ဖြစ်သည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း စုစည်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရိုးရာဓလေ့ထုံးစံနှင့်အညီ သက်ဆိုင်ရာဒေသအသီးသီး၌ နေထိုင်ကြပုံကို တစ်နေရာတည်း၌ လေ့လာသိရှိနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။ အထိမ်းအမှတ်ဥယျာဉ်၏ နှစ်ပတ်လည်နေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများနှင့်အတူ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာကြသော ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ ရိုးရာယဉ်ကျေးမှု အကအဖွဲ့ဝင် တိုင်းရင်းသားများ၏ ဖျော်ဖြေတင်ဆက်မှုများကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။ အထိမ်းအမှတ်ဥယျာဉ် နှစ်ပတ်လည်နေ့အခမ်းအနား ဖျော်ဖြေတင်ဆက်ပွဲသို့ မည်သူမဆို (အခမဲ့) လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**






# ပရီမီယာလိဂ်အသင်းများ၏ တရားဝင်ပရိသတ်အဖွဲ့ ဘောလုံးပြိုင်ပွဲ ဒုတိယအကြိမ် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် မန်ယူအသင်း၊ ချယ်လ်ဆီးအသင်း၊ လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့၏ မြန်မာနိုင်ငံမှ တရားဝင်ပရိသတ် အဖွဲ့အစည်းများ အပျော်တမ်းဘောလုံး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် Blue Lion FC (ချယ်လ်ဆီး)၊ Myanmar Reds (လီဗာပူး)၊ Royal Gunner (အာဆင်နယ်)နှင့် MUSC (မန်ယူ) အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲများကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ကာ အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲနှင့် အမှတ်အနည်းဆုံး နှစ်သင်း တတိယလုပွဲကစားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ၂၀၁၅ ခုနှစ်က တစ်ကြိမ်ကျင်းပခဲ့ပြီး Royal Gunner (အာဆင်နယ်)အသင်းက ဗိုလ်စွဲခဲ့ကြောင်းနှင့် ယခုတစ်ကြိမ်သည် အဆိုပါ ပြိုင်ပွဲကို ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်၊ ၁၈ ရက်၊ ၂၅ ရက်နှင့် မတ် ၄ ရက်တို့တွင် ရန်ကုန်မြို့ သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပမည်ဖြစ်ပြီး တစ်ရက်လျှင် နှစ်ပွဲနှုန်းဖြင့် ပွဲစဉ်ရှစ်ခုကို အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့် တနင်္ဂနွေနေ့ တစ်ရက်တည်းသာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

၂၀၁၅ ခုနှစ်က ကျင်းပခဲ့သည့် ပြိုင်ပွဲတွင် Blue Lion FC (ချယ်လ်ဆီး)၊ Myanmar Reds (လီဗာပူး)၊ Royal Gunner (အာဆင်နယ်)တို့သာ ပါဝင်ခဲ့ပြီး MUSC (မန်ယူအသင်း)မှာမူ ၂၀၁၇ ခုနှစ် နိုဝင်ဘာက ပြိုင်ပွဲဝင်မည့်အသင်း တစ်သင်းအဖြစ် ထွက်ပေါ်လာခဲ့ကြောင်း သိရသည်။

**ခိုင်ဝင်း**

# ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာ စာပေယဉ်ကျေးမှုပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ကရင်ပြည်နယ်တိုင်းရင်းသားများ ရိုးရာစာပေယဉ်ကျေးမှုပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် ညနေ ၅ နာရီက အမှတ်(၄) ရပ်ကွက် သီရိကွင်း၌ ကျင်းပသည်။

ရှေ့ဦးစွာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ တိုင်းရင်းသားရိုးရာစာပေ ယဉ်ကျေးမှုပွဲတော် ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောကျော်ဝင်းမောင်နှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပွဲတော်ကို ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုး အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်၊ စည်းလုံးညီညွတ်စွာဖြင့် လက်တွဲနေထိုင်သွားရန်၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုရိုးရာဓလေ့၊ ဝတ်စားဆင်ယင်မှု ဓလေ့ထုံးတမ်းများ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်ဆောင်ရွက်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် ကရင်ပြည်နယ်အတွင်းရှိ ကရင်၊ ရှမ်း၊ မွန်၊ ပအိုဝ်း၊ ဗမာတိုင်းရင်းသားများ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားရိုးရာ စာပေယဉ်ကျေးမှုအမွေအနှစ်ပြခန်းများ၊ တိုင်းရင်းသားယဉ်ကျေးမှု အဝတ်အထည် အရောင်းပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာ အရောင်းဆိုင်ခန်းများအား လိုက်လံကြည့်ရှုအားပေးပြီး ကရင်ပြည်နယ် တိုင်းရင်းသားတို့၏ ရိုးရာစာပေ ယဉ်ကျေးမှုပွဲတော် အထိမ်းအမှတ် မီးပုံးပျံကို လွှတ်တင်ပေးကြသည်။

ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ပွဲတော်ကို ကရင်၊ ရှမ်း၊ မွန်၊ ဗမာ၊ပအိုဝ်း တိုင်းရင်းသားတို့၏ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ပြခန်းပေါင်း ၇၀၊ ဖျော်ဖြေရေးအဖွဲ့ ၆၈ ဖွဲ့တို့ဖြင့် ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်အထိ ၄ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မှူခင်းကျဆင်းရေး အသိပညာပေး ဟောပြော

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာအုပ်စု သာစည်ကျေးရွာ စာသင်ကျောင်း၌ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲပိုင်းက ရွှေတွင်းကုန်းမြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး အောင်ကျော်ဦးနှင့် အဖွဲ့က နယ်မြေအတွင်း သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်စေရေး၊ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကျင်းပရာ သာစည်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများတက်ရောက်ခဲ့သည်။

**နေသန်**



## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**ကြေးမုံ**

# ပန်းကုံးကျေးရွာတွင် လမ်းတံတား ဖွင့်ပွဲပြုလုပ်

**ရေဦး ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပန်းကုံးကျေးရွာတွင် ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက စာသင်ကျောင်း၊ လမ်းသစ်နှင့် လမ်းတံတားဖွင့်ပွဲကို အဆိုပါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါလမ်းကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ဆရာတော် မဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တပဏ္ဍဝံသ ဆရာတော်ကြီး၏ မတည်လှူဒါန်းမှု၊ စစ်ကိုင်းတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၄၅ သိန်း ထည့်ဝင်ပံ့ပိုးမှု၊ ကျေးရွာသားများ၏ စည်းလုံးညီညွတ်မှုတို့ဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပန်းကုံးကျေးရွာ စာသင်ကျောင်းမှာ အရှည်ပေ ၉၀၀၊ အကျယ် ၂၅ ပေရှိ မြေသားလမ်းနှင့် တံတားအကျယ် ၂၂ ပေ၊ အမြင့် ၁၇ ပေရှိ အာစီကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ကျပ် ၁၈၅ သိန်းဖြစ်ကြောင်း လမ်းတံတားဖြစ်မြောက်ရေးကော်မတီဝင် ရပ်မိရပ်ဖ ဦးစိုးသိန်းထံမှ သိရသည်။

**သန်းထိုက် (ရေဦး)**

# ခရီးသည်တင်ယာဉ်၏ ကြမ်းခင်းအောက်တွင် သိုဝှက်သယ်ဆောင်လာသောသစ်များ သိမ်းဆည်းရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၉**
တရားမဝင် တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများ စစ်ဆေးလျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်၏ ကြမ်းခင်းအောက်တွင် သိုဝှက်တင်ဆောင်လာသော သစ်များကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဖေဖော်ဝါရီ ၈ ရက်က မူဆယ်မြို့နှင့် မန္တလေးမြို့သို့ သွားရောက်မည့် ယာဉ်များအား ရေပူစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ မူဆယ်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်၏ ကြမ်းခင်းအောက်တွင် သိုဝှက်သယ်ဆောင်လာသည့် တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပိတောက်ခွေးရွှေသစ် ၄၈ တုံး(၁ ဒသမ ၁၇၁၀ တန်)နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်အပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၅၃ ဒသမ ၅၁၃ သန်းကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့တွင် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ဖေဖော်ဝါရီ ၈ ရက်က ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည် တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၈၉ ဒသမ ၂၆၈ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးကျပ် ၄ ဒသမ ၇၃ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးကျပ် ၉၃ ဒသမ ၉၉၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဖေဖော်ဝါရီ ၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၉၇ စီး၊ သွင်းကုန် အစီး ၁၁၅၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ပို့ကုန် ၅၈ စီး၊ သွင်းကုန် ၁၇၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။ **ဝဝ၁**

# ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့တွင် ငွေကျပ် ၁၁၈၉၅ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**
ညောင်ချောင်း နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် ညနေ ၄ နာရီခွဲက ဘူးသီးတောင်မြို့နယ် ဦးကျော်(ရခိုင်) ကျေးရွာအနီး စိမ်းညှင်းပြားချောင်းဝ၌ သန်းထွန်း၊ တင်ညွန့်၊ မင်းလွင်နှင့် ဦးခင်တို့အား စက်လှေတစ်စင်းနှင့်အတူ တွေ့ရှိရှာဖွေရာ စက်လှေပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၂၅၀ ကိုလည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၄၆) မောင်တောမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ကညင်တန်းကျေးရွာ မောင်တော - အလယ်သံကျော် ကားလမ်း မီးသတ်ရုံးအနီးတွင် မာမက်အီလီယက် မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် (၅၁)လမ်းနှင့် အေးသုခလမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်၌ မြောင်မြို့နယ် မြစ်ဆုံကျေးရွာနေ မင်းဆွေ(ခ)အရှည်ကြီးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ကျော်မင်းနိုင်(ခ)ကျော်သူ မောင်းနှင်ပြီး အောင်မြင့်ဇော် (ခ)ကုလား လိုက်ပါလာသည့် ခြောက်ဘီး ကုန်တင်မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၉၂ ပြားနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၈ နာရီက မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖယ်ခုံမြို့ မြို့ကုန်းရပ်ကွက်နေ စိုင်းတင်ငွေ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၅၀ ကိုလည်းကောင်း။

ထို့အတူ ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲက အောင်ပန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်ပန်းမြို့ အမှတ်(၃)ရပ်ကွက် အမှတ်(၃) နယ်မြေ ကျောက်တစ်လုံးသွားလမ်းနေ ရဲထွန်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ အောင်ပန်းမြို့ လှည်းရိုးရပ်ကွက် အမှတ်(၃) နယ်မြေနေ ဒေါ်ထွန်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၂၃၀၈ ပြားကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟိုင်းကြီးကျွန်းမြို့တွင် ပိုင်ရှင်မဲ့ သစ်စက်လှေတစ်စင်းတွေ့ရှိ

**ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၉**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် သင်္ဘောချိုင်းအနီး ပင်လယ်ကမ်းစပ်တွင် ဖေဖော်ဝါရီ ၉ ရက်က တောင်သရက်သစ်စကွဲယားတုံး အပြည့်တင်ဆောင်ထားသည့် ပိုင်ရှင်မဲ့သစ်စက်လှေတစ်စင်းကို တွေ့ရှိသဖြင့် သက်ဆိုင်ရာက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ပိုင်ရှင်မဲ့သစ်စက်လှေမှာ အလျား ၃၃ ပေ၊ အနံ ၁၀ ပေ၊ ဇောက် ခြောက်ပေရှိပြီး တရုတ်နီ(၂၅)ကောင် စက်အမျိုးအစားတပ်ဆင်ထားသည့် ဖားကူးအမျိုးအစားစက်လှေဖြစ်ကြောင်း၊ ယင်းစက်လှေပေါ်တွင် တောင်သရက်သစ်စကွဲယားတုံးများ အပြည့်တင်ဆောင်ထားပြီး သစ်စုစုပေါင်း သုံးတန်ခန့်ရှိနိုင်ကြောင်းနှင့် မြေပြင်သို့သယ်ယူပြီးမှ သစ်တန်ကို အတိအကျတွက်ချက်နိုင်မည်ဖြစ်ကြောင်း သိရသည်။



စက်လှေအမျိုးအစားမှာ ဖားကူးအမျိုးအစားဖြစ်သော်လည်း သစ်လုံးထွင်းလှေလုံးအား ပင်လယ်တွင်း သွားလာမှုမြန်ဆန်အောင် ပြုပြင်ထားသော စက်လှေမျိုးဖြစ်သည်။

ပင်လယ်ကမ်းစပ်တွင် ပိုင်ရှင်မဲ့တွေ့ရှိသော သစ်စက်လှေမှာ ပင်လယ်ရေများ ဝင်ရောက်နေပြီး အချိန်ကြာသွားပါက သောင်ပြင်ရှိသဲအတွင်း နစ်မြုပ်သွားနိုင်သဖြင့် စက်လှေပေါ်ပါ သစ်များအား နေရာရွှေ့ပြောင်းသိမ်းဆည်းနိုင်ရေးနှင့် ပိုင်ရှင်မဲ့သစ်များနှင့် ပတ်သက်၍ ဟိုင်းကြီးကျွန်းမြို့ သစ်တောဦးစီးဌာနက စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ညောင်လေးပင်မြို့မရဲစခန်း၌ ကျည်ပေါက်ထွက်၍ အချုပ်သားတစ်ဦးကို ထိမှန်မှုဖြစ်ပွား

**ညောင်လေးပင် ဖေဖော်ဝါရီ ၉**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မရဲစခန်းအရှေ့ဘက်ရှိ အချုပ်ခန်းတွင် ဖေဖော်ဝါရီ ၉ ရက်က တာဝန်ကျရဲတပ်သားတစ်ဦး၏ သေနတ်မှ ကျည်ပေါက်ထွက်ပြီး အချုပ်ခန်းထဲမှ အချုပ်သားတစ်ဦး၏ လက်မောင်းကို ကျည်ထိမှန်ကာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် မြို့မရဲစခန်းရှေ့ကင်းတာဝန်အား နံနက် ၈ နာရီမှ ၁၀ နာရီအထိ တာဝန်ထမ်းဆောင်နေသော ရဲတပ်သား နိုင်ထူးအောင်၏ သေနတ်မှ ကျည်ပေါက်ထွက်ကာ အချုပ်ခန်းအမှတ်(၂)တွင် ချုပ်နှောင်ထားသော အချုပ်သား ဇေယျာဦး (၂၇)နှစ် အောင်းကြီးကျေးရွာ ပြွန်တန်ဆာမြို့နေသူအား ညာဘက်လက်မောင်းမှ ကျည်ဖောက်ထွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်လက်မောင်းမှ ကျည်ဖောက်ထွင်းပြီး ဝဲဘက်လက်ပြင်အောက်တွင် ကျည်ဆန်ဝင်ရောက် ဒဏ်ရာတစ်ချက်ရရှိခဲ့သဖြင့် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ မှုခင်းဆေးစာဖြင့်ပေးပို့ကာ အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် ကုသလျက်ရှိပြီး မွန်းလွဲပိုင်း တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# တရားမဝင် သယ်ဆောင်လာသည့် အမိုနီယမ်နိုက်ထရိတ်အိတ်များ သိမ်းဆည်းရမိ

**ကာမိုင်း ဖေဖော်ဝါရီ ၉**
ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်းရှိ ကာမိုင်းမြို့ လဝါးကျေးရွာ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက ခရီးသည်တင်ယာဉ်ဖြင့် တရားမဝင်သယ်ဆောင်လာသည့် အမိုနီယမ်နိုက်ထရိတ်အိတ်များ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကာမိုင်းမြို့ လဝါးကျေးရွာ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် နယ်မြေခံတပ်မှ လုံခြုံရေးတာဝန်ထမ်းဆောင်နေစဉ် မန္တလေးဘက်မှ ဖားကန့်ဘက်သို့ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့ ပေါ်ဦးရပ်ကွက်နေ မောင်မောင်(၂၉)နှစ် မောင်းနှင်လာသည့် မနောမန္တလာမြေယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်အမှတ် 2C(---)အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းအတွင်း တရားမဝင် သိုဝှက်သယ်ဆောင်လာသည့် အမိုနီယမ်နိုက်ထရိတ် အိတ် ၁၁၀ (အလေးချိန် ၅၀၄၀ ကီလို)အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မောင်မောင်အား ကားမိုင်းနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဗုံးဟု ယူဆရသည့် မသင်္ကာဖွယ်ပစ္စည်းတွေ့ရှိ

**ဘားအံ ဖေဖော်ဝါရီ ၉**
ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ ပိုင်ကျုံအမှတ်(၅)ရပ်ကွက်နှင့် ထန်းတပင်ကျေးရွာချင်းဆက်တံတားသစ်တည်ဆောက်ရေး ချဉ်းကပ်လမ်းမြေဖို့ရန်အတွက် အမှတ်(၅)ရပ်ကွက် ကုန်းကလေးဘုရားတောင်ခြေမှမြေများ သယ်ယူပြီးမြေဖို့စဉ် မြေတွင်ပါလာသည့် ဗုံးဟုယူဆရသည့် ပစ္စည်းတစ်ခုကို နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ရှိခဲ့သဖြင့် ပိုင်ကျုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ပြီး တွေ့ရှိရာနေရာကို ကနဦးအကာအရံများ ပြုလုပ်ပေးထားခဲ့သည်။ ဆက်လက်ပြီး လှိုင်းဘွဲ့အခြေချစစ်ဗျူဟာမှ ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်မင်းဦးနှင့်အဖွဲ့၊ လှိုင်းဘွဲ့မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးစန်းယုနှင့်အဖွဲ့တို့က အခင်းဖြစ်ရာနေရာသို့ သွားရောက်စစ်ဆေးရာ ဗုံးဟုယူဆရသော ပစ္စည်းမှာ ပေါက်ကွဲစေသည့် ဗုံးမဟုတ်ဘဲ အခြားသတ္တုပစ္စည်းတစ်ခုသာ ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# WY စာတန်းပါ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**ထားဝယ် ဖေဖော်ဝါရီ ၉**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် သတင်းအရ ထားဝယ်မြို့နယ် ဝဲကျွန်းညောင်ရမ်းရပ် မင်္ဂလာသီတာလမ်းရှိ ဇွဲထက်ဦး(ခ) ဝမ်းဝမ်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအိပ်သည့် ခုတင်အောက်မှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဇွဲထက်ဦး(ခ)ဝမ်းဝမ်းအား ထားဝယ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# စပိန်ကိုပါဒယ်ရေးဖလားနောက်ဆုံးဗိုလ်လုပွဲသို့ ဘာစီလိုနာအသင်း ငါးနှစ်ဆက်တိုက် တက်လှမ်းနိုင်ခဲ့

စပိန်ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များအဖြစ် ဘာစီလိုနာအသင်းနှင့် ဗလန်စီယာအသင်းတို့သည် ပထမအကျော့တွင် တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယအကျော့တွင် နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ဘာစီလိုနာအသင်းက နှစ်ကျော့စလုံးအနိုင်ရရှိခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းမှာ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ကိုပါဒယ်ရေးဖလားနောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

ဗလန်စီယာအသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက်သွင်းဂိုးများကို ကော်တင်ဟိုက ပွဲကစားချိန် ၄၉ မိနစ်တွင်လည်းကောင်း၊ ရာကီတစ်က ပွဲကစားချိန် ၈၂ မိနစ်တွင် လည်းကောင်း အသီးသီးသွင်းယူပေးခဲ့ကြပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းမှာ ဘာစီလိုနာအသင်းအတွက် စပိန်ကိုပါဒယ်ရေးဖလားနောက်ဆုံး ဗိုလ်လုပွဲသို့ ငါးနှစ်ဆက်တိုက်တက်လှမ်းနိုင်ခဲ့သည့် မှတ်တမ်းတစ်ရပ်ကိုလည်း စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ဗလန်စီယာအသင်းအား ဆီမီးဖိုင်နယ်အဆင့်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် နောက်ဆုံးဗိုလ်လုပွဲတွင် ဆီဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘာစီလိုနာအသင်းနှင့် ဆီဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားမည့် စပိန်ကိုပါဒယ်ရေးဖလားနောက်ဆုံးဗိုလ်လုပွဲကို ဧပြီ ၂၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းလည်းသိရသည်။




# မန်စီးတီးသို့ ပြောင်းရွှေ့ခွင့်မရခဲ့သည့် မာရက်ဇ် လက်စတာတွင် ပထမဆုံးပြန်လည်လေ့ကျင့်ကစား

လက်စတာစီးတီးအသင်း တောင်ပံကစားသမား မာရက်ဇ်သည် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့သည့်နောက်ပိုင်း လက်ရှိတွင် ပထမဆုံးအကြိမ်အဖြစ် လက်စတာစီးတီးအသင်းတွင် လေ့ကျင့်ရေးပြန်ဆင်းနေပြီဖြစ်ကြောင်း သိရသည်။

အသက်(၂၆)နှစ်အရွယ်ရှိ မာရက်ဇ်သည် ဇန်နဝါရီအပြောင်းအရွှေ့နောက်ဆုံးနေ့တွင် မန်စီးတီးအသင်း၏ ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းခြင်းခံခဲ့ရသော်လည်း ယင်းအပြောင်းအရွှေ့နှင့် စပ်လျဉ်း၍ လက်စတာစီးတီးအသင်းက ငြင်းဆိုခဲ့သည့်အချိန်မှစတင်ကာ လက်စတာစီးတီးအသင်းတွင် လေ့ကျင့်ရေးဆင်းရန်ပျက်ကွက်ခဲ့သူဖြစ်သည်။

လက်ရှိတွင် လက်စတာစီးတီးအသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်လာခဲ့သော်လည်း လက်စတာစီးတီးအသင်းနည်းပြ ကလော်ဒီပူးလ်ကမူ ဖေဖော်ဝါရီ ၁၀ ရက်တွင် မန်စီးတီးအသင်းနှင့် ကစားမည့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ်ရွေးချယ်သွားမည်မဟုတ်ကြောင်းလည်း ပြောကြားခဲ့သည်။

လက်စတာစီးတီးအသင်းသည် ၂၀၁၆ ပီအက်ဖ်အေအကောင်းဆုံးကစားသမားဆုရရှိထားသည့် တောင်ပံကစားသမား မာရက်ဇ်အား မန်စီးတီးအသင်းက ကမ်းလှမ်းလာမှုကို ငြင်းဆိုခဲ့သည့်အပြင် မာရက်ဇ်မှာ လက်စတာစီးတီးအသင်း၏ ချန်ပီယံကစားသမားဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

တောင်ပံကစားသမား မာရက်ဇ်သည် အီတလီစီးရီးအေကလပ် ရိုးမားအသင်းနှင့် ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းတို့၏ စိတ်ဝင်စားခြင်းခံခဲ့ရခြင်းကြောင့် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီကုန်ကတည်းက လက်စတာစီးတီးအသင်းမှ ထွက်ခွာခွင့်ရရန် တောင်းဆိုထားခဲ့သူဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# မော့တာနေရာတွင် အစားထိုးရန် ကန်တီအား ပီအက်စ်ဂျီ ပစ်မှတ်ထားနေ

ပီအက်စ်ဂျီအသင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ချယ်လ်ဆီးအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ကန်တီအား ပြင်သစ်မြေသို့ ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းအနေဖြင့် ကွင်းလယ်ကစားသမား ကန်တီကို ခေါ်ယူရန်ဆန္ဒရှိနေခြင်းမှာ လက်ရှိပီအက်စ်ဂျီအသင်းတွင် ကစားနေသည့် သီယာဂိုမော့တာနေရာတွင် အစားထိုးရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြင်သစ်နိုင်ငံမှလာသော သတင်းများအရသိရသည်။

ကွင်းလယ်ကစားသမား ကန်တီသည် လက်စတာစီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားရရှိခဲ့သည့်အပြင် ချယ်လ်ဆီးအသင်းတွင်လည်း ပရီမီယာလိဂ်ဖလားရရှိခဲ့ကာ မတူညီသည့်အသင်းနှစ်သင်းနှင့် ပရီမီယာလိဂ်ဖလားကို နှစ်နှစ်ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးသော ပရီမီယာလိဂ်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ကန်တီသည် ၂၀၁၅ ခုနှစ်နွေရာသီတွင် လက်စတာစီးတီးအသင်းသို့ ပေါင် ၅ ဒသမ ၆ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် လက်စတာစီးတီးအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ကန်တီသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ် ၃၂ ပွဲအထိ ပါဝင်ကစားပေးထားပြီး အောင်မြင်မှုရရှိနေပြီဖြစ်သည့် ကွင်းလယ်ကစားသမားတစ်ဦးလည်းဖြစ်သည်။






# ဒေါ့မွန်လူငယ်ကစားသမား ခရစ္စတီယန်ပူလီဆစ် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်ခဲ့

ဂျာမန်ဘွန်ဒက်လီဂါကလပ်ဒေါ့မွန်အသင်းမှ လူငယ်တိုက်စစ်မှူး ခရစ္စတီယန်ပူလီဆစ်သည် မန်ယူအသင်း၏ ပရိသတ်တစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည့်အပြင် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန်ပင်ချိတ်ဆက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ပူလီဆစ်သည် အသက်(၁၉)နှစ်အရွယ်သာရှိသေးပြီး ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့ဘောလုံးလောကတွင်လည်း စိတ်လှုပ်ရှားစရာအကောင်းဆုံး လူငယ်ကစားသမားအဖြစ်လည်း သတ်မှတ်ခံထားရသူဖြစ်သည်။

တိုက်စစ်မှူး ပူလီဆစ်သည် မန်ယူအသင်းအား ငယ်စဉ်ကစားတည်းက အားပေးခဲ့သူဖြစ်ကြောင်းလည်း ပူလီဆစ်၏ ပြောကြားမှုကို ကိုးကားကာ အီးအက်စ်ပီအင်န်က သတင်းဖော်ပြထားသည်။ အမေရိကန်လူငယ်ကစားသမား ပူလီဆစ်သည် ဒေါ့မွန်အသင်းမှ ဒမ်ဘီလီထွက်ခွာသွားခဲ့ပြီးနောက်ပိုင်း နေရာရခဲ့သူဖြစ်ပြီး ဒေါ့မွန်အသင်းအတွက် ပွဲပေါင်း ၅၇ ပွဲတွင် ရှစ်ဂိုးသွင်းယူထားသူဖြစ်သည်။

လူငယ်ကစားသမား ပူလီဆစ်သည် ဒေါ့မွန်အသင်းနှင့် စာချုပ်သက်တမ်းမှာ ၂၀၂၀ ပြည့်နှစ်အထိ ချုပ်ဆိုထားခဲ့သော်လည်း ပရီမီယာလိဂ်မှာ မယုံကြည်နိုင်လောက်အောင် စွမ်းဆောင်ရည်ကောင်းတွေပြသနိုင်သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ခြင်းကြောင့် ပြောင်းရွှေ့ကစားရန်လည်း ဆန္ဒရှိနေကြောင်း သိရသည်။

# ပြည်တွင်းနိုင်ငံသားခရီးသွား တို့များအလေးထား

ဇော်လင်းထွန်း-ဟိုတယ်/ခရီး

ကမ္ဘာ့အကြီးမားဆုံး စီးပွားရေးကဏ္ဍကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သော ခရီးသွားလုပ်ငန်းသည် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးခြင်း၊ ပို့ကုန်များပိုမိုတင်ပို့နိုင်ရေး တွန်းအားပေးခြင်းမှ အစပြုကာ ကမ္ဘာအနှံ့ ကြွယ်ဝမှုကိုဖြစ်ထွန်းစေသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ နိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် ခရီးသွားလုပ်ငန်းက အဓိကကျသော ထောက်တိုင်တစ်ရပ်အဖြစ် ရပ်တည်နေသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (WTTC) ၏ဖော်ပြချက်အရ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမှ ဝင်ငွေ ၂၅၇၇ ဒသမ ၆ ဘီလီယံကျပ် ရရှိခဲ့ပြီး ယင်းပမာဏသည် GDP ၏ သုံးရာခိုင်နှုန်း ရှိကြောင်း၊ ၂၀၁၇ ခုနှစ်တွင်လည်း ၂၆၆၈ ဒသမ ၂ ဘီလီယံကျပ် GDP ၏ ၃ ဒသမ ၅ ရာခိုင်နှုန်း အထိရရှိနိုင်ကြောင်း ခန့်မှန်းထားသည်ကို တွေ့ရှိရသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြား ခရီးသွားဝင်ရောက်မှုမှာ ၃ ဒသမ ၄၄ သန်းဖြစ်ပြီး ပြည်တွင်းနိုင်ငံသားခရီးသွားလာခြင်း (Domestic Tourism) နှင့် ပတ်သက်သော အချက်အလက်များရရှိရန် လိုအပ်ချက်များရှိနေသေးသော်လည်း ပြည်တွင်းနိုင်ငံသား ခရီးသွားများ၏ အရေအတွက်နှင့် ခရီးသွားခြင်းတွင် သုံးစွဲခဲ့သော ငွေကြေးပမာဏမှာ ကြီးမားများပြားသော ကိန်းဂဏန်းတစ်ရပ်ဖြစ်မည်မှာ အသေအချာပင်ဖြစ်ပါသည်။

နိုင်ငံတော်၏ ကဏ္ဍပေါင်းစုံပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံသားများ၏ နေထိုင်မှုပုံစံနှင့် အတွေးအမြင်များ ပြောင်းလဲလာခဲ့သည်ဖြစ်ရာ နိုင်ငံသားများပြည်တွင်းခရီးသွားသည့် အလေ့အထများလည်း တိုးတက်လာခဲ့သည်။ အထူးသဖြင့် အများပြည်သူရုံးပိတ်ရက်မူဝါဒ ပြောင်းလဲပြီးနောက် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအနေဖြင့် ရက်ဆက်အားလပ်ရက်များ ရရှိခံစားလာကြရခြင်းကလည်း ပြည်တွင်းခရီးသွားလာမှုကို အားပေးကူညီသကဲ့သို့ ဖြစ်စေသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်တွင်းခရီးသွားလုပ်ငန်းသည် အရေးပါလှသည်ဖြစ်ရာ နိုင်ငံသားများ ပြည်တွင်းခရီးသွားလာမှု အလေ့အထ များပြားလာခြင်းအတွက် ဝမ်းမြောက်အားတက်မိပါသည်။

**ပြည်တွင်းခရီးသွား ဧည့်သည်များကဏ္ဍ အရေးပါလှ**

နိုင်ငံသားများ၏ ပြည်တွင်းခရီးသွားလာခြင်းသည် ခရီးသွားလုပ်ငန်းကို ကြီးမားစွာ အထောက်အပံ့ ဖြစ်စေသည်။ ပြည်သူများ မိမိတို့နိုင်ငံအတွင်း လှည့်လည်သွားလာသုံးစွဲခဲ့ကြသော ငွေကြေးများက ၎င်းတို့သွားရောက်ခဲ့သော မြို့ရွာများ၊ ဒေသခံလူမှုအသိုက်အဝန်းများအား သိသာထင်ရှားသော အကျိုးစီးပွားကို ဖြစ်ထွန်းစေသည်။ နိုင်ငံသားများ တစ်နှစ်ပတ်လုံး အကြောင်းအမျိုးမျိုးဖြင့် ပြည်တွင်းတွင် ခရီးသွားရောက်ခြင်းများမရှိပါက ပင်မခရီးသွားလုပ်ငန်းကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးရေးမှာ မဖြစ်နိုင်သော အခြေအနေဖြစ်သည်။ ခရီးသွားရာသီ သို့မဟုတ် ပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသွားများသာမက နိုင်ငံခြားသားခရီးသွားဧည့်သည်များပါ နိုင်ငံအတွင်း လာရောက်လည်ပတ်ကြသော်လည်း မိုးရာသီ (သို့မဟုတ်) ခရီးသွားနည်းပါးသော အချိန်ကာလများတွင် ဝေးလံဒေသရှိ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းများ၊ ကမ်းခြေဒေသရှိဟိုတယ်လုပ်ငန်းများအနေဖြင့် ပြည်တွင်းခရီးသွားဧည့်သည်များကြောင့်သာ အသက်ရှူချောင်ကြရသည့် အနေအထားဖြစ်သည်။ ထို့အပြင် အချို့သော ခရီးစဉ်ဒေသများ (ဥပမာအားဖြင့်) ချောင်းသာကမ်းခြေတွင် ပြည်တွင်းခရီးသွားဧည့်သည်များသည် ပြည်ပခရီးသွားဧည့်သည်များထက် ပိုမိုလာရောက်အပန်းဖြေကြသည်ဖြစ်ရာ ခရီးစဉ်ဒေသ ရှင်သန်ဖွံ့ဖြိုးရေးသည် ပြည်တွင်း နိုင်ငံသားခရီးသွားလုပ်ငန်း (Domestic Tourism) ပေါ်တွင်သာ လုံးလုံးလျားလျား မှီတည်နေသည်ကို တွေ့ရှိနေရသည်။

**အခြားသောနိုင်ငံအချို့ရှိ ပြည်တွင်းခရီးသွားများအခြေအနေ**

တရုတ်နိုင်ငံအမျိုးသားခရီးသွားလုပ်ငန်း စီမံခန့်ခွဲရေးအဖွဲ့၏ ကိန်းဂဏန်းဖော်ပြချက်များအရ နိုင်ငံသားပြည်တွင်း ခရီးသွားများသည် ၂၀၁၆ ခုနှစ်အတွင်း ခရီးစဉ်အကြိမ်ရေ ၄ ဒသမ ၄၄ ဘီလီယံ သွားရောက်ခဲ့ကြပြီး အဆိုပါ ခရီးသွားလာမှုအကြိမ်ရေသည် တရုတ်နိုင်ငံရှိ နိုင်ငံသားစုစုပေါင်းဦးရေနှင့် နှိုင်းယှဉ်ကြည့်ပါက နိုင်ငံသားတစ်ဦးလျှင် ပျမ်းမျှအားဖြင့် ခရီးသုံးကြိမ်သွားရောက်ခြင်းနှင့် ညီမျှကြောင်း၊ ၂၀၁၇ ခုနှစ် ပထမနှစ်ဝက်တွင် ပြည်တွင်းခရီးသွားဧည့်သည် ၂ ဒသမ ၄ ဘီလီယံအထိ ရှိနိုင်ကြောင်းနှင့် ယင်းအရေအတွက်သည် ပြည်ပမှ လာရောက်လည်ပတ်ကြသော နိုင်ငံတကာခရီးသွားဦးရေထက် အဆ ၄၀ ခန့် ပိုမိုများပြားကြောင်း ဖော်ပြထားသည်။

အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သော ထိုင်းနိုင်ငံတွင် ၂၀၁၇ ခုနှစ် ပထမလေးလပတ်အတွင်း ခရီးစဉ် အကြိမ်ရေ ၃၂ ဒသမ ၅ သန်း ခန့်မှန်းထားပြီး ထိုသို့ခရီးသွားလာမှုများမှ ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း လေ့လာတွေ့ရှိရသည်။

ထို့အတူ ဗီယက်နမ်နိုင်ငံတွင်လည်း ပြည်တွင်းခရီးသွားများ နှစ်စဉ်တိုးတက်နေပြီး ၂၀၁၅ ခုနှစ်တွင် ၅၇ သန်းအထိရှိခဲ့ကာ အဆိုပါ အရေအတွက်သည် ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၄၈ ရာခိုင်နှုန်းအထိ တိုးတက်လာခြင်းဖြစ်ကြောင်း ဗီယက်နမ်အမျိုးသားခရီးသွားလုပ်ငန်းအုပ်ချုပ်ရေးအဖွဲ့၏ စာရင်းဇယားများအရ သိရှိရသည်။

သို့ဖြစ်ရာ ပြည်တွင်းနိုင်ငံသားများ၏ ခရီးသွားလာခြင်းသည် နိုင်ငံတိုင်း၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတွင် ပင်မကျောရိုးသဖွယ် အထောက်အပံ့ပြုနေသည်မှာ ထင်ရှားနေသည်။

**ခရီးသွားများအဆင်ပြေစေရေးအတွက် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း(၂၀၁၃-၂၀၂၀)ကို ပြည်တွင်း၊ ပြည်ပ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပူးပေါင်း၍ စနစ်တကျရေးဆွဲထားရှိခဲ့ပြီး စီမံကိန်းပါ နှစ်တို၊ နှစ်ရှည် မဟာဗျူဟာများအား တစ်ဆင့်ပြီးတစ်ဆင့် ကြိုးကြပ်ကွပ်ကဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာနှင့် ပြည်တွင်းခရီးသွားဧည့်သည်များ



ခရီးသွားလာရာတွင် အဆင်ပြေစွာ တည်းခိုနေထိုင်ရေးအတွက် ဟိုတယ်နှင့်တည်းခိုရိပ်သာများကို သတ်မှတ်ချက်များနှင့်အညီ Online စနစ်ဖြင့် elicence.tourism.gov.mm ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဝန်ကြီးဌာန ရုံးခွဲများတွင်လည်းကောင်း လွယ်ကူချောမွေ့စွာ အလျင်အမြန်စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်အထိ တစ်နိုင်ငံလုံးတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာစုစုပေါင်း ၂၈၁၈ လုံး၊ အခန်းပေါင်း ၁၁၉၇၆၅ ခန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၅၀၀၃ ခု၊ ဧည့်လမ်းညွှန် လိုင်စင် ၈၃၆၁ ခု၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လိုင်စင် ၆၃၂၉ ခုနှင့် ပို့ဆောင်ရေးလိုင်စင် ၂၂၃၃ ခုတို့ကို လုပ်ငန်းလိုင်စင်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ထို့အတူ ဧည့်လမ်းညွှန်များကိုလည်း လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ အထိ ဧည့်လမ်းညွှန်အခြေခံသင်တန်း စုစုပေါင်းခြောက်ကြိမ်၊ သင်တန်းသားဦးရေ ၆၉၂ ဦး၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းစုစုပေါင်း ၁၆ ကြိမ်၊ သင်တန်းသားဦးရေ ၁၄၉၈ဦး၊ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း လေးမျိုးဖြစ်သော ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ခြင်း သင်တန်းများကို နိုင်ငံတစ်ဝန်းတွင် အကြိမ်ရေ ၅၈ ကြိမ် ဖွင့်လှစ်ပို့ချပေးခဲ့ပြီး သင်တန်းသားစုစုပေါင်း ၆၇၅၁ ဦးကို လေ့ကျင့်သင်ကြား ပေးနိုင်ခဲ့ပါသည်။ နောင်တွင်လည်း ပြည်တွင်း၊ ပြည်ပဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လည်းကောင်း၊ မိမိဝန်ကြီးဌာန၏ အစီအစဉ်ဖြင့်လည်းကောင်း သင်တန်းများစဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချရေးကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအတွင်းရှိပြီး ခရီးစဉ်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်မြှင့်တင်ရေးကိုလည်း ကြိုးပမ်းလျက်ရှိသည်။

ခရီးသွားလုပ်ငန်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်ရန်မှာ လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လူဝင်မှုကြီးကြပ်ရေး၊ ယဉ်ကျေးမှုဒေသများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမြှင့်တင်ရေး၊ လျှပ်စစ်မီး ရရှိရေး၊ လုံခြုံရေးစသည်ဖြင့် ဆက်စပ်ကဏ္ဍအသီးသီး ပူးပေါင်းပါဝင်ပေါင်းစပ်လုပ်ဆောင်ကြရန်လိုအပ်ပါသည်။ အဆိုပါကဏ္ဍများ ပေါင်းစပ်ပါဝင်နေခြင်းကို ခရီးသွားလုပ်ငန်းထောက်ပံ့မှုကွင်းဆက်များ (Tourism Supply Chain) ဟု ပညာရှင်များက ညွှန်းဆိုကြပါသည်။

အဆိုပါကွင်းဆက်များ၊ အချိတ်အဆက်မိမိဖြင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ဆက်စပ်ဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဟိုတယ်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင်လည်းကောင်း နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**ခရီးသွားလာ အကျိုးများစွာ**

ခရီးများသွားခြင်းဖြင့် မိမိရောက်ရှိလိုသောနေရာဒေသသို့ ရောက်ရှိခြင်းအပြင် ထိုဒေသမှ အတွေ့အကြုံအသစ်များ၊ ဗဟုသုတများ၊ အသိအမြင်သစ်များ၊ ကွဲပြားခြားနားသော ဘဝအတွေ့အကြုံများကို ရရှိစေနိုင် သည်။ လူသားတို့၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတွင် ခရီးသွားခြင်းက အရေးပါသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ပြီး ဘဝတွင် သာယာပျော်ရွှင်မှု ပိုမိုရရှိရန်မှာ ခရီးများများသွားရန် လိုအပ်သည်ဟု ဆိုကြသည်။ ထို့အပြင် "ကမ္ဘာကြီးသည် စာအုပ်တစ်အုပ်ဖြစ်ပြီး ခရီးမသွားသူသည် ထိုစာအုပ်ကို တစ်မျက်နှာမျှသာ ဖတ်သူဖြစ်သည်"ဟု Saint Augustine က တင်စားဖွင့်ဆိုခဲ့ပြန်သေးသည်။

တစ်နေရာတည်းတွင် အစဉ်အမြဲနေထိုင်ခြင်းထက် ရွှေ့လျားသွားလာနေခြင်းက ဘဝရှင်သန်ခြင်း၏ အဓိပ္ပာယ်ကို ပိုမိုလေးနက်စေသည်ဟုလည်း ဖွင့်ဆိုကြပြန်သေးသည်။ ကမ္ဘာ့သမိုင်းတွင် ထင်ရှားကြီးကျယ်သူများမှာ စူးစမ်းရှာဖွေသူများ၊ ခရီးသွားများဖြစ်ကြသည်။ အီတလီကုန်သည်ကြီး မာကိုပိုလို (MarcoPolo)သည် ၂၄ နှစ်ကြာ ခရီးသွားလာခဲ့ပြီး ဥရောပသားများကို အာရှအလယ်ပိုင်းဒေသနှင့် တရုတ်ပြည်တို့အကြောင်း မိတ်ဆက်အသိပေးနိုင်ခဲ့သည်။ The Marvels of the World စာအုပ်ကို ရေးသားခဲ့သည့် ခရစ်စတိုဖာကိုလံဘတ်စ် (Christopher Columbus)သည် နှစ်ပေါင်းများစွာ ကမ္ဘာတစ်လွှား ခရီးဆန့်ခဲ့ပြီး စူးစမ်းရှာဖွေမှု အမြောက်အမြား ပြုလုပ်ခဲ့ကာ အမေရိကတိုက်ကို တွေ့ရှိဖော်ထုတ်ခဲ့သည်။ ခရီးသွားလာခြင်းဖြင့် မိမိရှင်သန်ခြင်းသည် ပိုမိုသက်ဝင်လှုပ်ရှားမှုရှိသည်ဟု ခံစားမိကြမည်ဖြစ်သည်။

အထူးသဖြင့် စက်ဘီးစီးခရီးသွားခြင်း၊ တောင်တက်ခြင်း၊ စွန့်စားခရီးစဉ်များသွားခြင်းတို့က မိမိတို့ဘဝရှင်သန်မှု ပုံစံကို ရှင်လန်းတက်ကြွမှုဖြင့် ပြည့်ဝစေသည်။ သဘာဝတောတောင်လျှိုမြောင်များအကြား ဖြတ်သန်းသွားလာခြင်း၊ ရွက်ဖျင်တဲဖြင့် စခန်းချခရီးသွားခြင်း (Camping)တို့ဖြင့် ဘဝကို အစစ်အမှန်ရှင်သန်နေထိုင်ခြင်းဟူသော စိတ်ခံစားမှု၊ ကမ္ဘာမြေကြီးနှင့် တစ်သားတည်းကျမှုစသည့်ကျေနပ်နှစ်သိမ့်ခြင်းကို ရရှိစေနိုင်သည်။ သာယာလှပသော နေဝင်ချိန် ရှုခင်းကို ငေးမောကြည့်ရှုခြင်းသည်လည်းကောင်း၊ လွန်ခဲ့သော နှစ်ပေါင်းများစွာက လူသားတို့ ပြုလုပ်တည်ဆောက်ခဲ့သည့် ရှေးဟောင်းအမွေအနှစ် လက်ရာများ၊ အပြိုအပျက်များကို မြင်တွေ့ရခြင်းသည်လည်းကောင်း ထူးဆန်းသော စိတ် ခံစားချက်ကို ရရှိစေပြီး အတွေးအမြင်သစ်များကို ဖြစ် ပေါ်စေနိုင်ပါသေးသည်။

**စာမျက်နှာ ၂၁ သို့**

စာမျက်နှာ ၂၁ သို့

ခရီးသွားလုပ်ငန်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်ရန်မှာ လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လူဝင်မှုကြီးကြပ်ရေး၊ ယဉ်ကျေးမှုဒေသများ၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းမြှင့်တင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ လုံခြုံရေးစသည်ဖြင့် ဆက်စပ်ကဏ္ဍအသီးသီး ပူးပေါင်းပါဝင် ပေါင်းစပ်လုပ်ဆောင် . . .

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မကွေးတိုင်းရဲတပ်ဖွဲ့သို့ မော်တော်ဆိုင်ကယ်နှင့် ဆိုင်ကယ်စီးဦးထုပ်များပေးအပ်

**မကွေး ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ထိရောက်စွာအသုံးပြုနိုင်ရန် ဆိုင်ကယ်နှင့် ဆိုင်ကယ်စီးဦးထုပ်များ ပေးအပ်ပွဲ အခမ်းအနားကို ရဲအကူတပ်ဖွဲ့ခွဲဝင်း စစ်ရေးပြကွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးထံ (Dayang-125 )မော်တော်ဆိုင်ကယ် ၁၃၂ စီးကိုလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက ဆိုင်ကယ်စီး ဦးထုပ် ၁၃၂ လုံးအား ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးထံ ပေးအပ်ခဲ့ပြီး တိုင်းရဲတပ်ဖွဲ့မှူးက တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်မည့် ရဲအကူတပ်ဖွဲ့ခွဲနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများထံ မော်တော်ဆိုင်ကယ်နှင့် ဆိုင်ကယ်စီးဦးထုပ်များ ပြန်လည်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းဦးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်မောင်အေးနှင့် တိုင်းဒေသကြီးအဆင့် ရဲအရာရှိကြီးများ၊ ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။

ယခုကဲ့သို့ ဆိုင်ကယ်နှင့်ဆိုင်ကယ်စီးဦးထုပ်များအား လုံခြုံရေးလုပ်ငန်းများ၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်သွားနိုင်ရန်နှင့် ယာဉ်လမ်း အန္တရာယ်ကင်းရှင်းရေးနှင့် မှုခင်းကျဆင်းရေးများ စဉ်ဆက်မပြတ်ဆောင်ရွက်၍ ပြည်သူလူထု



အား ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်ရည်ရွယ်၍ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**

# မုံရွာမြို့၌ လမ်းလျှောက် မဟာသင်္ကြန်ပွဲကျင်းပမည်

**မုံရွာ ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ကျင်းပမည့် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရေကစားသူများ ပိုမိုစိတ်ဝင်စားမှုရှိစေမည့် လမ်းလျှောက်သင်္ကြန်ကို ပထမအကြိမ်အဖြစ် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီမှ သိရသည်။

"မြန်မာ့ရိုးရာ လှည်းယာဉ်လေးတွေပြသထားမယ်၊ စီးလို့ရအောင်လည်း စီစဉ်ပေးထားမယ်၊ သဲသောင်ပြင်မှာ မြင်းလှည်းစီးလို့ရအောင် စီစဉ်ပေးထားပြီး ကမ်းစပ်မှာ နားလို့ရအောင် တဲလေးတွေထိုးထားပေးမယ်၊ ရေစိမ်ချင်ရင်လည်းစိမ်နေလို့ရအောင် စီစဉ်ပေးထားမယ်၊ ပြခန်းတွေကတော့ ဒေသတွင်းမှာ ထွက်တဲ့ စဉ့်ထည်တွေ၊ ခန္တီးဒေသဘက်ကထွက်တဲ့ ပယင်းပစ္စည်းတွေ ပြသထားမယ်၊ ရောင်းလည်း ရောင်းကြမယ်၊ ဖျော်ဖြေရေးအနေနဲ့ စစ်ကိုင်း ရေအိုးရွက်ကတဲ့ အကတွေပါမယ်၊ စားသောက်တန်းတွေပါမယ်၊ ကလေးတွေ ကစားလို့ရမယ့် ကစားကွင်းတွေ စီစဉ်ပေးထားမယ်၊ လူကြီးတွေအတွက်ကတော့ ရေကစားချင်တဲ့ သူတွေက အစိုခံမဏ္ဍပ်မှာသွားမယ်၊ ရေမစိုချင်ဘူး အေးအေးဆေးဆေး နေချင်တဲ့သူတွေအတွက် အခြောက်ခံမဏ္ဍပ်တွေ စီစဉ်ပေးထားမယ်၊ အစားအသောက် ဈေးတန်းတွေလည်း ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး ပြန်/ဆက်ဦးစီးမှူး ဦးဝင်းမြင့်က ပြောသည်။

မုံရွာမြို့၌ နှစ်စဉ်မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို မြို့တွင်းရှိ အဓိကလမ်းမကြီးများပေါ်တွင် ဖျော်ဖြေရေးမဏ္ဍပ်ကြီး၊ ရေကစားမဏ္ဍပ်ကြီးများဆောက်လုပ်ပြီး မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် လှည့်ပတ်ရေကစားသည့် ပွဲတော်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် အဆိုပါအစီအစဉ်များအပြင် ရေကစားသူများ ပိုမိုစိတ်ဝင်စားမည့် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို မုံရွာမြို့ မုံရွာတောင်ရပ်ကွက် အိုးရှင်းစူပါစင်တာ အနောက်ဘက် ချင်းတွင်းမြစ်ကမ်းသဲသောင်ပြင်တွင် ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# သဘာဝကျောက်တောင်ကို ထွင်းထုထားသည့် လက်ရာမြောက် ရွှေဘတောင်သို့ လေ့လာသူများပြား



**ယင်းမာပင် ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့တွင် သဘာဝကျောက်တောင်ကို ထွင်းထုပြုလုပ်ထားသည့် အနုပညာလက်ရာမြောက် ရုပ်ပွားတော်များနှင့် လိုဏ်ဂူများရှိပြီး နှစ်စဉ်လာရောက်လေ့လာလည်ပတ်သူ များပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ လက်ရာမြောက် ရုပ်ပွားတော်များနှင့် ကျောက်ဂူများတည်ရှိရာနေရာမှာ ဖိုလ်ဝင်တောင်နှင့် ရွှေဘတောင်တို့ပင်ဖြစ်သည်။ ဖိုလ်ဝင်တောင်မှာ ယင်းမာပင်မြို့နယ်တွင် တည်ရှိကာ ရွှေဘတောင်မှာ ဆားလင်းကြီးမြို့နယ် အစွန်တွင်တည်ရှိကာ တောင်နှစ်တောင်ကို တစ်ဆက်တည်း သွားလာနိုင်သည်။

ရွှေဘတောင်မှာ ပန်းချီဝန် ဦးရွှေဘ ဦးစီးကာ သဘာဝဂူများကို ဖောက်ထွင်းပြုလုပ်လှူဒါန်းခဲ့သည့်အတွက် ရွှေဘတောင်ဟု ခေါ်ပြီး အနုပညာလက်ရာမြောက် အဆောက်အအုံအဖြစ်သည်။ သဘာဝကျောက်တောင်ကို ထွင်းထုကာ ရုပ်ပွားတော်များ ထုလုပ်ခဲ့သည့်အတွက် ရုပ်ပွားတော်၊ ပလ္လင်နှင့် ဂူများမှာ တစ်ဆက်တည်း တည်ရှိနေသည်။ လက်ရာမြောက် ကျောက်လှေကားအတိုင်း ဆင်းသွားရပြီး လက်ရာမြောက်ရုပ်ပွားတော်များနှင့် ကျောက်ဂူအဆောက်အအုံများကို ကြည်ညိုဖူးမြော်ဖူးတွေ့နိုင်သည်။

ရုပ်ပွားတော်အသီးသီးမှာ ကျောက်လိုဏ်များအတွင်း တစ်ဆက်တည်းဖူးမြော်နိုင်ကာ အုတ်နှင့် မြေမတွေ့ရသော အဆောက်အအုံပင်ဖြစ်သည်။ တောင်တစ်ခုလုံးကို လက်ရာမြောက် ထွင်းထုထားပုံမှာ စိတ်ဝင်စားဖွယ်ဖြစ်ပြီး ထိုကျောက်တောင်ကိုပင် ကျောက်ဆင်ရုပ်ကြီး ထွင်းထုပြုလုပ်ထားသည်။ တည်ဆောက်ထားပုံမှာ ပြေပြစ်စွာ ဆင်းသွားရာမှ အထွက်လမ်းရောက်အောင် စီမံပြုလုပ်ထားသည်။ အခြားလက်ရာမြောက် ကျောက်ဖားများကိုလည်း တွေ့မြင်နိုင်သည်။

အများစုသော ဘုရားဖူးများမှာ ဖိုလ်ဝင်တောင်သွားရင်း ရွှေဘတောင်ကိုပါ သွားရောက်ကာ ဘုရားဖူးကြသည်။ ရွှေဘတောင်ရောက် ဘုရားဖူးများကို ရေနွေးကြမ်း စားစရာများဖြင့် ဧည့်ခံလေ့ရှိသည်။ ရွှေဘတောင်မှာ ထူးခြားပြီး ဗိသုကာလက်ရာမြောက် တောင်တစ်တောင်အဖြစ် တည်ရှိနေပြီး ပြည်တွင်းဘုရားဖူးများနှင့် နိုင်ငံတကာခရီးသွား ဧည့်သည်များ လာရောက်ရာနေရာတစ်ခုအဖြစ် ထင်ရှားသည်။

**နွေနဒီ(မြစ်ငယ်)**

# ရွှေနန်းတော်ကျောင်းရှိ နယားရုပ်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများရှင်းလင်း

**မန္တလေး ဖေဖော်ဝါရီ ၉**

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ကမ္ဘာ့ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် မြန်မာ-အမေရိကန် ရှေးဟောင်းသုတေသနပညာရှင်များ၊ သစ်သားကျွမ်းကျင်ပညာရှင်များပူးပေါင်းကာ ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းလျက်ရှိသည်။

ရွှေနန်းတော်ကျောင်းကြီး ရေရှည်တည့်တံ့ခိုင်မာစေရေးအတွက် အမိုးပိုင်းမိုးရာသီရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ်ကင်းဝေးစေရေးဆောင်ရွက်ခြင်း၊ ပျက်စီးနေသော တိုင်များ၊ ရက်မများအား အစားထိုး ပြုပြင်ပေးခဲ့သည်။ ဆက်လက်၍ ရွှေနန်းတော်ကျောင်း၏ ဝရန်တာများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းနှင့် နယားများအား နည်းပညာတက္ကသိုလ်ကျောင်းသား ကျောင်းသူများက မှတ်တမ်းတင်ပုံများ ရေးဆွဲခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို သစ်သားထည်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းရေး ကမ္ဘာ့ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (WMF) ၏ သစ်သားကျွမ်းကျင်ပညာရှင်များနှင့် နည်းပညာတက္ကသိုလ် (မန္တလေး) မှ ပါမောက္ခဒေါက်တာဇာခြည်မင်းတို့က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များနှင့် နယားရုပ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း တွေ့ရှိချက်များကို ဖေဖော်ဝါရီ ၆ ရက်မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၁) လမ်းနှင့် (၂၆) လမ်းထောင့်ရှိ အမေရိကန်သံရုံး ပြန်ကြားရေးဌာနခွဲ ဂျက်ဖာဆင်စင်တာ၌ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနပညာရှင်များ၊ တက္ကသိုလ်များမှသမိုင်းပညာရှင်များ၊ နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ စိတ်ဝင်စားသူများနှင့် သတင်းမီဒီယာများအား ရှင်းလင်းတင်ပြခဲ့သည်။

ရွှေနန်းတော်ကျောင်းသည် နှစ်ပေါင်း ၁၃၀ ကျော် သက်တမ်းရှိပြီး ကုန်းဘောင်ခေတ် (၁၉) ရာစု မြန်မာမှု အနုပညာလက်ရာ စံပြုကျောင်းကြီး ဖြစ်သည်။

ရွှေနန်းတော်ကျောင်း၌ အရှေ့၊ အနောက်တိုင် ၁၅ လုံး၊ တောင်မြောက်တိုင် ၁၀ လုံးတန်းရှိခြင်းကြောင့် တိုင်ပေါင်း ၁၅၀၊ နယားရုပ်ထောက်တိုင်ပေါင်း ၅၄ တိုင်နှင့် သရက်ကင်းအုတ် လှေကားငါးစင်းဖြင့် တည်ဆောက်ထားသည်။

ရွှေနန်းတော်ကျောင်းကြီး တစ်ခုလုံး မြန်မာမှု သစ်သားပန်းပု လက်ရာ၊ ခြူးပန်းခြူးနွယ်၊ အပြောက်အမွမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ နံရံကပ်ရုပ်ကြွများနှင့် အတွင်းမာရဘင် အရှေ့ပိုင်း ကွန်းစင်တိုင်ခြေတွင် ဇာတ်တော်ကြီးဆယ်ဘွဲ့ကို စိတ်ဝင်စားဖွယ် အနုစိတ် ထုလုပ်ထားကြောင်း သိရသည်။



**သီဟကိုကို(မန္တလေး)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲနှင့်စာအုပ်ပြပွဲကျင်းပ

**ပြည်ကြီးတံခွန် ဖေဖော်ဝါရီ ၉**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို ဖေဖော်ဝါရီ ၈ နံနက် ၁၀ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Centre ၌ ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဝေဝေဖြိုးက (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲနှင့်စာအုပ်ပြပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါပြပွဲကိုဖေဖော်ဝါရီ၈ ရက်မှ ၁၂ ရက်ထိငါးရက်ကြာ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စာရေးဆရာအသင်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



မရမ်းကုန်းမြို့နယ် အမှတ်(၉) ရပ်ကွက် ဝေဇယန္တာလမ်းတွင် ၆ ဒသမ ၆ ကေဗွီ စိန်ပန်းမြိုင်-ပါရမီဖီဒါ၏ ကောင်းကင်လိုင်း တိုင် (၃၃) တိုင် လဲလှယ်၍ ပေ ၄၃၀၀ ခန့် လိုင်းကြိုးဆွဲခြင်း၊ လမ်းမီးကြိုး ပေ ၇၅၀၀ နှင့် လမ်းမီးခွက် ၅၆ ခွက် တပ်ဆင်ပြီး ဖြစ်၍ ဖေဖော်ဝါရီ ၆ ရက်တွင် တိုင်ဟောင်းနုတ်သိမ်းခြင်း လိုင်းဟောင်းဖြုတ်ချခြင်းတို့ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**မောင်ဇော်**

# နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်

**ပဲခူး ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး အမှတ်(၁)စက်မှုသင်တန်းကျောင်း (ဆင်တဲ)တွင် ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက အမှတ်(၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ)အဆင့်မြှင့်တင်ခြင်းစီမံကိန်းအတွက် မြန်မာ-ဂျာမနီပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်အခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်သည် ၎င်းနိုင်ငံတွင်ရှိသောHuman Capitalလို့ခေါ်သည့်လူသားအရင်းအနှီးများဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာတည်မှီနေသည့်အတွက် နိုင်ငံတော်အနေဖြင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ Making People Before Making Products ဆိုသည့်စကားအတိုင်း ကုန်ထုတ်လုပ်မှုဆောင်ရွက်ခြင်းမပြုမီ လူ့စွမ်းအားများကို ဦးစွာပြုစုပျိုးထောင်မှသာအရည်အသွေးကောင်းထုတ်ကုန်များရရှိမှာဖြစ်သဖြင့် Skill Labour ရရှိရေးသည်အရေးကြီးသည့်အချက်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများမှာ ကုန်ထုတ်လုပ်ငန်းနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်



လုပ်ငန်း(၈)ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံဆိုင်ရာဂျာမနီသံအမတ်ကြီးနှင့်စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး သင်တန်းကျောင်းဆိုင်ရာအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ကျောင်းအုပ်ကြီး ဦးဘုန်းကျော်ကရှင်းလင်းပြောကြားကာဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့မိချောင်းရဲရပ်ရှိ ခရိုင်/မြို့နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ Royal Phoe Lamin Co.ltdကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသော နိုင်ငံတကာအဆင့်မီဓာတ်ခွဲခန်း ၉၀ ပေ × ၉၀ ပေ RC တစ်ထပ်၊ ၁၂၀ပေ×၃၀ပေ လူပျိုဆောင် RC တစ်ထပ်၊ ၉၄ပေ×၄၉ပေ လေးခန်းတွဲ အရာထမ်းအိမ်ရာ နှစ်ထပ် RC၊ ၁၂၀ပေ×၃၀ပေ အပျိုဆောင် RC တစ်ထပ် တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

# စတေကာမှန်အမည်းကပ်ထားသော စီးတီးတက္ကစီများအား စိစစ်အရေးယူ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်မြို့တွင် ပြေးဆွဲနေသည့် စီးတီးတက္ကစီများ၏ ကားမှန်များတွင် စတေကာအမည်းများတပ်ဆင်ထားသော ယာဉ်များအား ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ အရေးယူလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

“တက္ကစီတွေကိုတော့ စတင်စိစစ် အရေးယူနေပါတယ်၊ အဓိကကတော့ စတေကာတပ်ထားတဲ့ယာဉ်တွေပါ။ စီးတီးတက္ကစီ မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိက YRTA ရုံးမှာ စာရင်းပေးသွင်းထားတဲ့ ယာဉ်ဆိုရင် မှတ်ပုံတင်လုပ်ငန်းကို ဆက်လက်လုပ်ဆောင်လို့ရပါတယ်၊ လက်ရှိမှာတော့ စတေကာကပ် တက္ကစီတွေကို စစ်ဆေးအရေးယူနေပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင် လတ်တလော ဖြစ်ပေါ်ခဲ့သော တက္ကစီယာဉ်များနှင့် ပတ်သက်သည့် ဒုစရိုက်မှုများကြောင့် တက္ကစီယာဉ်များ၏ မှန်များတွင် စတေကာအမည်းများ တပ်ဆင်ထားခြင်းကို စိစစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က ကြေညာချက်များ ထုတ်ပြန်ထားသည်။ သတ်မှတ်ချက်များအား လိုက်နာမှုမရှိပါက လုပ်ငန်းလိုင်စင် ပိတ်သိမ်းအရေးယူသည်အထိ ဆောင်ရွက်သွားမည်ဟု သိရသည်။

ရန်ကုန်မြို့တွင် လက်ရှိအချိန်အထိ စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ထားသည့် ယာဉ်အစီးရေ ခြောက်သောင်းခန့်အထိရှိပြီး နယ်လိုင်စင်ယာဉ်များပါဝင်ပါက အစီးရေ ပိုမိုများပြားနိုင်ကြောင်း သိရသည်။ အဆိုပါ နယ်လိုင်စင်တက္ကစီ ယာဉ်များကို မြို့အဝင်ဂိတ်များတွင် မှတ်တမ်းရယူဆောင်ရွက်မည်ဖြစ်ကာ အခွန်ကောက်ခံခြင်းဖြင့် ကန့်သတ်ထိန်းချုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ပထမပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံတွင်ရှိသော စာရင်းများအရ ဖေဖော်ဝါရီ ၄ ရက်အထိ အရေးယူခဲ့သည့်စတေကာကပ်တက္ကစီ အစီး ၄၀ ကျော်ရှိကြောင်း သိရသည်။

**သတင်း – ၀၀၁၊ ဓာတ်ပုံ ခင်မောင်ဝင်း (ကြေးမုံ)**



## အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်သင်တန်းဆင်းပွဲကျင်းပ

**တပ်ကုန်း ဖေဖော်ဝါရီ ၉**

နေပြည်တော် တပ်ကုန်းမြို့နယ် လယ်ဇပင်ကျေးရွာအုပ်စု လယ်ဇပင်ကျေးရွာဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခဲ့သည့် အသက်မွေးဝမ်းကျောင်း အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင်က သင်တန်းသားများအနေဖြင့် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ခြင်းပညာရပ်များဖြင့် လုပ်ငန်းခွင်ဝင်နိုင်အောင်ကြိုးစားကြပြီး ကျေးရွာအုပ်စုအတွင်းရှိ လူငယ်၊ လူရွယ်များကို လက်ဆင့်ကမ်းပညာပွားပေးရန်နှင့်သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်သင်ကြား၍ သင်တန်းကာလမှာ တစ်လဖြစ်ပြီး သင်တန်းနည်းပြဆရာများက မော်တော်ဆိုင်ကယ်အစိတ်အပိုင်းများဖြင့် အလုပ်လုပ်ပုံ အဆင့်ဆင့်၊ အင်ဂျင်အကြောင်းသိကောင်းစရာများ၊ ကာဗျူရေတာ၊ အင်ဂျင်ဟတ်အစိတ်အပိုင်း၊ ဂီယာဘောက်အပိုင်း၊ ကလပ်၊သံလိုက်အုံနှင့်သံလိုက်အခြမ်း၊ ဝါယာရိန်းသွယ်တန်းခြင်းနှင့်လုပ်ဆောင်ချက်အတတ်ပညာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချကြောင်း သိရသည်။

**တင်စိုးလွင်**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့မှ ဝန်ထမ်းများအား နိုင်ငံတော်မှ သတ်မှတ်ပေးထားသည့် ဆုငွေများချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်နေသည့် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့မှ တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်နိုင်ခဲ့သည့်အတွက် အမြဲတမ်းစစ်ဆေးရေးစခန်း နှစ်ခုတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများ၏ ဖမ်းဆီးခဲ့သောအမှုများမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်မှ သတ်မှတ်ပေးထားသည့် ဆုငွေနှုန်းထားအတိုင်း ဆုငွေများချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာနရုံးချုပ်၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ရေးလမ်းကြောင်းနှစ်ခုဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုများကို တားဆီးဆောင်ရွက်နိုင်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းကို ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ စခန်းနှစ်ခု စတင်ဖွင့်လှစ်ခဲ့သည့်အချိန်မှ ၂၀၁၇ ခုနှစ် အောက်တိုဘာလအထိ ဖမ်းဆီးရရှိခဲ့မှုများမှ နိုင်ငံတော်မှ သတ်မှတ်ပေးထားသော ချီးမြှင့်ငွေများအတိုင်း ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ဆက်လက်ဖမ်းဆီးရရှိခဲ့မှုများကိုလည်း ချီးမြှင့်မှုများပြုလုပ်နိုင်ရန်အတွက် သတ်မှတ်ချက်များအတိုင်း တွက်ချက်ဆောင်ရွက်သွားမည်ဟု အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

“ကုန်သွယ်မှုပမာဏ အများဆုံးဖြစ်တဲ့ မူဆယ်-လားရှိုး-မန္တလေး လမ်းကြောင်းမှာ မန့်ဝိန်း (Check Point)၊ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၊ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနဲ့ မန္တလေး ၁၆ မိုင် စစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်ထားရှိပြီး ကုန်သွယ်မှု ဒုတိယအများဆုံးဖြစ်တဲ့ မြဝတီ- ဘားအံ- ရန်ကုန်လမ်းကြောင်းမှာတော့ မြဝတီ ကုန်သွယ်ရေးဇုန်နဲ့ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်ထားရှိခြင်းဖြင့် တရားမဝင်ကုန်သွယ်မှုကို ထိန်းချုပ်ဆောင်ရွက်လျက်ရှိပါတယ်၊ စခန်းများ စတင်ဖွင့်လှစ်ခဲ့တဲ့ အချိန်ကနေ ၂၀၁၇ ဒီဇင်ဘာ ၃၁ ရက်အထိ ရေပူစစ်ဆေးရေးစခန်းက ဖမ်းဆီးမှု ၁၄၁၇ မှု၊ တန်ဖိုးငွေကျပ် ၁၃၁၅၉ ဒသမ ၉၄၅ သန်း၊ မရမ်းချောင် စစ်ဆေးရေးစခန်းက ဖမ်းဆီးမှု ၁၃၂၄ မှု၊ တန်ဖိုးငွေကျပ် ၆၉၂၉ ဒသမ ၉၁၅ သန်းတို့ကို တားဆီးထိန်းချုပ်နိုင်ခဲ့ပါတယ်၊ ဝန်ကြီးဌာနအနေနဲ့ အမြဲတမ်း စစ်ဆေးရေးစခန်းနှစ်ခုမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝန်ထမ်းတွေရဲ့ ဖမ်းဆီးခဲ့တဲ့ အမှုများမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်မှ သတ်မှတ်ပေးထားတဲ့ ဆုငွေနှုန်းထားအတိုင်း ရရှိတဲ့ ဆုငွေတွေကို ပထမအကြိမ် ချီးမြှင့်ရခြင်းဖြစ်ပါတယ်၊ ကျန်ရှိနေတဲ့ ဆုငွေရရှိမယ့် အမှုတွဲတွေကိုလည်း အကောက်ခွန်ဦးစီးဌာနအနေနဲ့ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်”ဟု အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းက ပြောကြားသည်။

အဆိုပါ စခန်းနှစ်ခုတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ ပါဝင်ဆောင်ရွက်လျက်ရှိပြီး ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် ဌာနဆိုင်ရာဝန်ထမ်းအင်အား ၈၄ ဦးဖြင့် လည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် အင်အား ၈၀ ဖြင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယင်းစခန်းနှစ်ခုမှ ဝန်ထမ်းများအား ဆုချီးမြှင့်ပေးမှုမှာ ကျပ် ၁၁၀၉၀၈၅၁၂၂ ဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

ယင်းဆုချီးမြှင့်ငွေများသည် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ရှိ အကောက်ခွန်ဦးစီးဌာနအတွက် ကျပ် ၄၁၀၀၄၂၇၂၃၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် ကျပ် ၂၁၁၀၄၉၉၆၄၊ ယာဉ်ထိန်းတပ်ဖွဲ့အတွက် ကျပ် ၅၂၅၇၈၅၇၈၊ သစ်တောဦးစီးဌာနအတွက် ကျပ် ၄၂၆၅၃၉၅၇၊ မွေး/ရေ ဌာနအတွက် ၅၂၄၅၉၂၀၁ ကျပ်၊ စိုက်ပျိုးရေးဌာနအတွက် ၆၅၇၁၁၀၀၃ ကျပ်၊ လ.ဝ.က အတွက် ၆၅၇၁၀၅၉၃ ကျပ်၊ ကညနအတွက် ၅၂၅၅၉၅၅၉ ကျပ်၊ မူးယစ်(အထူး)တပ်ဖွဲ့အတွက် ၃၉၄၂၆၃၄၆ ကျပ်၊ ကုန်သွယ်ရေး ဦးစီးဌာနအတွက် ၅၀၄၅၇၄၉၉ ကျပ်၊ ပြန်/ဆက်အတွက် ၁၃၁၄၂၁၁၅ ကျပ်၊ UMFCCI အတွက် ၈၅၃၀၇၇၅ ကျပ်၊ ငါးလုပ်ငန်းဦးစီးဌာနအတွက် ၁၀၉၅၂၆ ကျပ်၊ ပိန်းဆာ ပြည်သူ့စစ်အဖွဲ့အတွက် ၄၄၆၆၃၂၈၃ ကျပ် စုစုပေါင်း ၁၁၀၉၀၈၅၁၂၂ ကျပ် ဖြစ်ကြောင်း သိရသည်။

တရားမဝင် ကုန်သွယ်မှုများအား တားဆီးထိန်းချုပ်ဆောင်ရွက်ရာတွင် ဖမ်းဆီးရရှိမှုများအလိုက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဌာနဆိုင်ရာများကို လွှဲပြောင်းပေးအပ်ခြင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပေးအပ်ခြင်း၊ သတင်းပေးဆုငွေနှင့် ဖမ်းဆီးရရှိမှုအပေါ် ဆုငွေတွက်ချက်ဆောင်ရွက်မှုများကို နိုင်ငံတော်မှ သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၀၀၁**

# လက်တွေ့အသုံးချ ဆေးနည်းတို (ဆေးဖြီးတို) များ (၅၁)

**ဆရာကြီးရှင့် ကျွန်မအသက်က ၃၇ နှစ်ပါ။ ရုတ်တရက် ပြင်းထန်တဲ့ အသံတစ်ခုခု ကြားလိုက်ရင် ခေါင်းက တစ်ခါတည်း ထိုးကိုက်လာတယ်။ ခေါင်းကိုက်ပြီးရင် သိပ်မကြာပါ နှာခေါင်းသွေး လျှံတက်လာပါတယ်။ အခုဆို ရက်ခြားလောက် ဖြစ်နေပါတယ်။ ဆေးရုံ၊ ဆေးခန်း၊ တိုင်းရင်းဆေးပါ စုံနေပါပြီ၊ ကောင်းကောင်း မသက်သာပါ။ သွေးပေါင်လည်း ကျပါတယ်ရှင့်။ သက်သာနိုင်မယ့် ဆေးနည်းလေး လမ်းညွှန်ပေးပါရှင့်။**

မြင်းခွာရွက် အရည်ညှစ် ငါးဇွန်းကို ပျားရည်တစ်ဇွန်း စပ်သောက်ပါ။ ခေါင်းကိုက်ရင် ချင်းပါးပါးလှီးပြီး နားထင် နှစ်ဖက်မှာကပ်ထားပါ။ နားနောက်က ချိုင့်လေးထဲ ရေခဲ ကပ်ပေးရင် နှာခေါင်းသွေးလျှံ ရပ်ပါတယ်။ သွေးပေါင် ကျရင် ညအိပ်ခါနီး နွားနို့ပူပူတစ်ခွက်မှာ နန္နင်းမှုန့် ကော်ဖီဇွန်းသေးတစ်ဇွန်း ထည့်ဖျော်သောက်ကြည့်ပါ။

**ဆရာရှင့် သမီးဖြစ်နေတာလေး တစ်ခုလောက် မေးပါရစေ။ မိန်းကလေးတွေ ဓမ္မတာ အကြာကြီးလာရင် ဘယ်လိုလုပ်ရမလဲရှင့်။**

မာလကာရွက် ငါးရွက်၊ ကွမ်းသီးတစ်ခြမ်း ရေနွေးမတ်ခွက် တစ်လုံးစာနဲ့ ပြုတ်သောက်ပါ။ ပူစပ်ချဉ် စားတာရှောင်ပါ။ ညောင်ဖူး ဒါမှမဟုတ် ညောင်ချဉ်ဖူး၊ သဘော်ဖိုပွင့်ပြုတ်ပြီး သုပ်စားရင်လည်း သွေးဆင်းတာကို ထိန်းစေပါတယ်။ မင်းကွတ်သီး အခွံကို သွေးပြီး ဆားနဲ့ရောစပ် သောက်ရင်လည်းသွေးဆင်း သက်သာစေပါတယ်။

**ဆရာ မင်္ဂလာပါရှင့်။ သမီး အရပ် ငါးပေတစ်လက်မနဲ့ အသက် ၂၀ ပါ။ ပေါင် ၉၀ ပဲ ရှိလို့ပါ။ ခန္ဓာကိုယ်လေး ပြည့်ဖြိုးချင်တာ ဘယ်လို ပြုမူနေထိုင် စားသောက်ရ မလဲရှင့်။**

နွားနို့ ၅၀ ကျပ်သား ကျက်အောင်ကျိုပြီး မနက် တစ်ဖန်ခွက်၊ ည တစ်ဖန်ခွက် နေ့စဉ် သောက်ပါ။ ထမင်းစားပြီးတိုင်း ဖီးကြမ်းငှက်ပျောသီး တစ်လုံး စားပါ။ ကုလားပဲ၊ မတ်ပဲ၊ ထောပတ်ပဲ၊ ပဲစင်းငုံ တစ်မျိုးမျိုးကို နေ့စဉ်စားပေးပါ။ ထိုက်သင့်တဲ့ အားကစားနည်း တစ်မျိုးမျိုး နေ့စဉ် ကစားပေးဖို့လည်း လိုအပ်ပါတယ်။ အိပ်ချိန် ၈ နာရီ ပြည့်အောင် အိပ်ဖို့လည်း ဂရုစိုက်သင့်ပါတယ်။

**မွေးကင်းစ ၁၇ ရက်သားလေး လေနဲ့ဝမ်းမကွဲတာ ဆေးနည်းလေး ပြောပေးပါ ဆရာ။**

မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီ ငါးကျပ်သားမှာ ကွမ်းရွက်သုံးရွက်ထည့်ပြီး ကြော်လိုက်ပါ။ အဲဒီဆီကို မွေးကင်းစကလေး ချက်တိုင်မှာ လက်ယာရစ် ပတ်လိမ်းပေးပါ။ မိခင်နို့မသန့်လို့၊ နို့ချဉ်လို့ ဖြစ်တတ်ပါတယ်။ မိခင်ကို ရဲယိုရွက်၊ ဥသျှစ်ရွက်၊ ပူဇွန်ခြောက်နဲ့ ဟင်းချိုချက်တိုက်ပါ။

**မင်္ဂလာပါ ဆရာ။ ကျွန်တော် အိမ်သာတက်တိုင်း သွေးပါနေလို့ပါ။ နှစ်အနည်းငယ် ကြာခဲ့သလို စားသုံးနေတဲ့ ဆေးလည်း စုံပါပြီဆရာ။ ဘာဆေးသုံးရမလဲ ဆရာ။**

အတွင်းလိပ်ခေါင်း ရောဂါမှာ ဝမ်းသွားတိုင်း သွေးပါရင် ပန်းလဲပွင့် (ပရဆေးဆိုင်ဝယ်)ကို လက်ဖက်ခြောက်လို ရေနွေးမတ်ခွက်မှာ ထည့်အုပ်ထားပြီး အအေးခံ သောက်ပါ။ သကြားနဲ့ရေ ကျိုသောက်ရင်လည်းရတယ်။ ပန်းလဲပွင့်မရရင် စံပယ်ပန်းပွင့် ခြောက်ကိုလည်း သောက်နိုင်တယ်။ အပူ၊ အစပ်၊ ကောက်ညှင်းစတဲ့ ဝမ်းချုပ်ပြီး ညှစ်ရမယ့် အစာတွေရှောင်ပါ။ သဘော်သီး၊ ငှက်ပျောသီးမှည့်တွေ နေ့စဉ်စားပါ။

**မင်္ဂလာပါ ဆရာရှင့်။ ကျွန်မကလေး အသက်က နှစ်လခွဲပါ။ သားသားက ခေါင်းထောင်ချင်တော့ အောက်ငုံ့တိုင်း သွားရည်ကျနေပါတယ်။ ကလေးတိုင်း ဖြစ်တတ်ပါသလား။ ဝမ်းမသွားတာ သုံးရက်ရှိပြီ။ ဘာလုပ်ပေးရမလဲရှင့်။ ကျေးဇူးပြုပြီး ဖြေကြားပေးပါရှင့်။**




သူငယ်နာ သွားရည်ကျက ကလေးအသက် ခုနစ်လသား ထိဖြစ်တတ်ပါတယ်။ စိတ်မပူပါနဲ့ ခုနစ်လကျော်မှ သွားရည်ကျရင် တိုင်းရင်းဆေးအမှတ် (၄၇) သူငယ်နာ ခုနစ်ပါးဆေးဝါးလေးကို လျှာမှာတို့ပေးရင် ပျောက်ပါတယ်။ ကလေးဝမ်းချုပ်ရင် မုန်ညင်းဆီ မီးနွေး ချက်တိုင်ကို လက်ယာရစ်ပတ်ပြီး လိမ်းပေးပါ။ ကွမ်းရိုးကို အုန်းဆီတို့ပြီး ကလေးစအိုပေါက်ထဲ ထည့်ကလိပေးပါ။

**မင်္ဂလာပါ ဆရာ။ ကျွန်တော့ဇနီး အသက်က ၅၂ နှစ်ရှိပါပြီ။ တစ်ကိုယ်လုံး ယားလို့ အင်္ဂလိပ်ဆေး သောက်တာ တစ်နှစ်ကျော်ပါပြီ။ သောက်တုန်း သက်သာပြီး ဆေးဖြတ်လိုက်တာနဲ့ ပြန်ယားလာပါတယ်။ မသက်သာပါ။ တိုင်းရင်းဆေးဖြစ်တဲ့ ယားနာ ပျောက်ဆေးတွေကို လူးချင်၊ သောက်ချင်ပါတယ် ဆရာ။ လမ်းညွှန်ပေးပါ ဆရာ။**

တမာရွက်ပြုတ်နဲ့ နေ့စဉ်ရေချိုးပေးရင် သွေးယားရောဂါ ပျောက်တတ်ပါတယ်။ တမာရွက်အရင့် များများ ခူးပြီး သောက်ရေအိုးလို မြေအိုးနဲ့ပြုတ်ပါ။ တမာရွက် အာနိသင် ပိုဖြစ်အောင် ဆားအနည်းငယ် ထည့်ပြီး ပြုတ်ပါ။ တမာရွက်ခြောက်ကို အမှုန့်ပြုလုပ်ပြီး သနပ်ခါးနဲ့ ရောလိမ်းလည်း ရပါတယ်။ ရှောက်ရွက်ကို နေ့စဉ် အတို့ အမြှုပ်လုပ်စားရင်လည်း သွေးယားရောဂါ သက်သာပါတယ်။

**ဆရာရှင့် အဖြူဆင်းရင် ပျောက်ကင်းအောင် ဘယ်လို လုပ်ရမလဲရှင့်။**

အဖြူဆင်းရင် ပူစပ်ချဉ် အရသာရှိတဲ့ အစာတွေ ရှောင်စားပါ။ ခြေလေးချောင်းသား၊ နီတဲ့အသားတွေ ရှောင်ပါ။ အသီးအရွက်တွေနဲ့ ငါးများများစားပါ။ မီးကွင်း ဂမုန်းရွက်ကို အသုပ်ပြုလုပ်စားပါ။ ပေါက်ပန်းဖြူပွင့်ကို အတို့အမြှုပ် လုပ်စားပါ။ ရှားစောင်းလက်ပပ်ကို ဟင်းချိုချက်သောက်ပါ။ ဆန်ဆေးရည် တစ်ဖန် ခွက်ကို မနက်ရေမချိုးခင် သောက်ပေးပါ။ အတွင်းခံ အဝတ်အထည်တွေကို အေးတဲ့ချည်ထည်တွေပဲ ဝတ်ဆင်ပါ။ ကျောက်ချဉ် တစ်ခဲကို ရေစိမ်ပြီး အသုံးပြုပါက အဖြူဆင်း သက်သာစေနိုင်ပါတယ်။

**ဆရာခင်ဗျာ။ ကျွန်တော့ကျောပြင်မှာ ဝက်ခြံလိုလို၊ မိတ်လိုလို အဖုလေးတွေ ပေါက်နေတာ ခြောက်လလောက်ရှိပါပြီ။ မသိရင် ဝဲခြောက်တွေ ပေါက်သလိုပါပဲ။ ဘယ်လိုလုပ်ရမလဲဆရာ ခင်ဗျာ။**

ခရေပွင့်ခြောက်ကို သနပ်ခါးနဲ့စပ်လိမ်းပါ။ တမာရွက် ပြုတ်ရည်နဲ့ ရေချိုးပါ။ တမာရွက်ခြောက် အမှုန့်ပြုလုပ်ပြီး သနပ်ခါးနဲ့ စပ်လိမ်းရင် သက်သာစေတယ်။

**ဆရာရှင့် သမီးလေး အသက်က သုံးနှစ်ခွဲပါ။ တခြား ကလေးတွေထက်ပိုပြီး ခေါင်းချွေးတအား ထွက်ပါတယ်။ ပြီးတော့ နှာပိတ်တော့တာပါပဲ။ သက်သာအောင် ဆေးနည်းလေး လမ်းညွှန်ပေးပါ ဆရာ။**

ပန်ကာလေ၊ အဲကွန်းလေကြောင့် အပူငုပ်သွားတဲ့ ကလေးတွေမှာ ငယ်ထိပ်က ငုပ်တဲ့အပူ ခြေဖဝါးက ထွက်သွားရင် ခေါင်းချွေးထွက် သက်သာစေနိုင်ပါတယ်။ ကလေးခြေဖဝါး ဆားပွတ် ရေဖတ်တိုက်ပေးပါ။ ခြေဖဝါးက အပူတွေထွက်ရင် နှာစေး၊ နှာပိတ်လည်း သက်သာပါတယ်။ ခြေဖဝါး နုသေးလို့ ဆားပွတ်မခံနိုင်ရင် ခြေဖဝါးကို ဆားရည်မှာ စိမ်ပြီး ပွတ်ပေးပါ။ နှာစေး သက်သာအောင် ကွမ်းရွက်မီးကင်ပြီး အရည်ညှစ် အုန်းဆီနဲ့ရောငယ်ထိပ်လိမ်းပေးပါ။

**ဆရာရှင့် ဆံပင်တအားကျွတ်ပြီး ဦးရေပြား တအားယားပါတယ်ရှင့်။ အဲဒီလိုဖြစ်တာ ခြောက်လလောက်ရှိပါပြီ။ ဆေးသောက်လို့ ရပါသလားဆရာ။ ဦးရေပြားကို တစ်ခုခု လိမ်းရမှာလား။ ဆေးနည်းလေး လမ်းညွှန်ပေးပါရှင့်။**

မန်ကျည်းမှည့် အနှစ်ကို ပျားရည်တစ်ဇွန်း ရောနယ်ပြီး ဦးရေပြားထဲ စိမ့်ဝင်အောင် ပွတ်လိမ်းပါ။ ခဏကြာရင် ခေါင်းလျှော်ပစ်ပါ။ ကေသာဆံနက် ထောလပတ်ရွက်လို့ ရှေးစကားရှိတာမို့ ထောလပတ်ရွက်ကို အရည်ညှစ်ပြီး ဦးခေါင်းကို လိမ်းနိုင်ပါတယ်။

**ဆရာခင်ဗျာ။ လက်မောင်းမှာ ကြာဆူးတွေ ပေါက်နေလို့ပါ။ ဘယ်လို ကုသရပါမလဲ ခင်ဗျာ။**

သံပရာသီးခြမ်းနဲ့ ပွတ်ပါ။ တမာရွက် ပြုတ်ရည်နဲ့ ရေချိုးပါ။ တမာရွက်ခြောက် အမှုန့်ကို သနပ်ခါးနဲ့ စပ်လိမ်းပါ။ ချဉ်စော်ကားသီး ထောင်းစားပေးရင်လည်း ကြာဆူး ပျောက်ပါတယ်။

**ဆရာရှင့် ကျွန်မအသက်က ၃၃နှစ်ပါ။ ဥတုသုံးမျိုးလုံး ခြေဖဝါးတွေကွဲနေပါတယ်။ မျက်စိကလည်း အားနည်းပါတယ်။ အသက် ၁၂ နှစ်လောက် ကတည်းက မျက်မှန် တပ်ရတာ အခုဆို ပါဝါ ၉၀၀ တောင်ရှိပါပြီ။ မျက်စိ ပါဝါလည်းကျအောင်၊ ခြေဖဝါးတွေလည်း မကွဲအောင် ဆေးနည်းလေး ပြောပြပေးပါ ဆရာရှင့်။**

ခြေဖနောင့်ကွဲတာ ထောပတ်နဲ့ ပျားရည် ရောစပ်လိမ်းပါ။ တမာရွက်ပြုတ်ရည် စိမ်ပြီးမှ လိမ်းရင်လည်း ကောင်းပါတယ်။ မျက်စိပါဝါကျအောင် ကွမ်းရွက်ကို ပြားစေ့လောက်ဖွဲ့ပြီး မျက်စိထောင့်မှာ ကပ်ပါ။ တိုင်းရင်းဆေးအမှတ် (၁၂) စက္ခုပါလဆေးကို ညအိပ်ရာဝင်မှာ တစ်မတ်သားလောက် ရေအေးနဲ့ စွဲစားပေးပါ။

**ဆရာရှင့် အမျိုးသမီးတွေ နေ့ဘက် အိပ်စက်တာဟာ ဝနိုင်ခြေရှိပါသလား။**

နေ့ဘက် အိပ်စက်တာကြောင့် အစာကြေပြီး အားဖြစ်စေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဝတဲ့သူကို ပိုပြီးဝစေနိုင်ပါတယ်။ သက်ကြီးရွယ်အိုတွေ နေ့လယ် ထမင်းစားပြီး ခဏအိပ်စက်သင့်တယ်လို့ သိမ်ဖြူ ဆရာတော်ကြီးရဲ့ ဆေးကျမ်းတွေမှာဖတ်ရှုရပါတယ်။

**ဆရာ ကျွန်တော် ဝမ်းသွားနေလို့ပါ။ ညနေက အစားလည်း စုံပြီး အခန့်မသင့်လို့ ထင်ပါတယ်။ ၁၀ မိနစ် တစ်ခါ ဝမ်းသွားနေပါတယ်။ ဗိုက်ထဲမှာလည်း ဂလုဂလုမြည်နေပါတယ်။ ဆေးခန်းသွားဖို့ကလည်း ညအချိန်မတော် ဖြစ်နေလို့ ကူညီပါဦးဆရာ။**

လက်ဖက်ခြောက် အဖန်ရည် ကျဲကျဲမှာ သကြားဟင်းစားဇွန်း သုံးဇွန်း၊ ဆားကော်ဖီဇွန်း တစ်ဇွန်း မတ်ခွက်တစ်လုံးမှာ ထည့်ဖျော် သောက်ပါ။ အအေးခံထားပြီး ဝမ်းတစ်ကြိမ်သွားပြီးတိုင်း သောက်ပါ။

**ဆရာ ကျွန်တော့အဖေ လည်ချောင်းနာနေတာ တစ်လကျော်ပါပြီ။ ဆေးခန်းပြပြီး စစ်ဆေးကြည့်တော့ အစာရေမျိုပြွန်ရောင်တာ ကင်ဆာမဟုတ်ဘူးလို့တော့ ပြောပါတယ်။ သက်သာစေနိုင်မယ့် နည်းလမ်းရှိရင် ကူညီပေးပါဦး ဆရာ။**

နလင်ကျော်နဲ့ ကရမက် နှစ်မျိုး ရောသွေးပြီး လည်ပင်းမှာ လိမ်းပေးပါ။ ချင်းပါးပါးလှီးပြီး ရေနွေးမတ်ခွက်နဲ့ စိမ်ထားပါ။ မနက် အိပ်ရာထသောက်ပါ။ ပြည်ပန်းညိုရွက် ထောင်းပြီး အရည်ညှစ် အကြမ်းပန်းကန် တစ်လုံးစာမှာ ဆားလှော်အနည်းငယ် ထည့်သောက်ပါ။

**ဆရာကြီးရှင့် ကျွန်မ ရင်ကျပ်ပြီး အသက်ရှူမဝပါဘူး။ နောက်ကျောတွေပါ တက်တတ်ပါတယ်။ အဲဒီလို မကြာခဏ ဖြစ်နေပါတယ်။ ကျွန်မ တာဝန်ကျတဲ့ နေရာက တောပိုင်းဖြစ်ပြီး ဆေးရုံ ဆေးခန်း ဝေးပါတယ်။ ကျေးဇူးပြုပြီး ဆေးနည်းလေးညွှန်ကြားပေးပါ ဆရာ။**

ဘုရားအိုးထိုးရင် အမြစ်တွေ ထွက်လာတဲ့ ဇော်ဂျီးတောင်ဝှေးပင် ဆိုတာရှာပါ။ တောင်ဝှေးလို ရိုးတံရှည် ထိပ်မှာ အနီနဲ့အစိမ်း ရောစပ်နေတဲ့ အရွက်တွေ ရှိပါတယ်။ အဲဒီအပင်ရဲ့ အရိုး၊ အရွက်တွေကို ပြုတ် သောက်ရင် ရင်ကျပ်ပန်းနာ ရောဂါတွေ ပျောက်ကင်းစေနိုင်ပါတယ်။ မုန်ရောင်သကြားခဲနဲ့ ရောပြုတ်ပြီး သောက်ရင် ပိုကောင်းပါတယ်။ တစ်နေ့ကို ပြုတ်ရည် မတ်ခွက်တစ်လုံး သောက်နိုင်ပါတယ်။

(တစ်နည်း) ချင်းတက်ကိုထောင်း အရည်ညှစ် နှစ်ဇွန်းကို ပျားရည်တစ်ဇွန်း ရောစပ် သောက်ရင်လည်း သက်သာနိုင်ပါတယ်။

**ဆရာရှင့် ငါးမျက်စိ ခြေဖဝါးမှာ ပေါက်နေတာ ဘယ်လို လုပ်ရမလဲရှင့်။**

ငှက်ပျောသီးအခွံ အနေတော်ညှပ် အသားဘက်ကထား ပလတ်စတာနဲ့ ကပ်ပါ။ ရေချိုးရင်လည်း အသစ်လဲကပ်ပါ။

**မင်္ဂလာပါ ဆရာ။ သမီးနှာခေါင်းနားမှာ အစေ့သေးသေးလေးတွေ ဝက်ခြံ အဆီဖုလို့ ခေါ်မလား။ အများကြီး ပေါက်နေတယ်ဆရာ။ ဘာလုပ်ရမလဲ ကူညီပါဦး ဆရာ။ ကျေးဇူးတင်ပါတယ်။**

မန်ကျည်းမှည့် အနှစ်နဲ့ ဆားခါးရောနယ် နှာခေါင်းမှာလိမ်းပါ။ ခဏကြာမှ မျက်နှာသစ်ပါ။ ဩဇာသီးခြောက် သွေးလိမ်းရင်လည်း သက်သာပါတယ်။





# သီချင်းများကို ခိုးယူခဲ့ကြောင်း မိုက်ကယ်ဂျက်ဆင်ကို ကွမ်စီဂျုန်း စွပ်စွဲ

ကွယ်လွန်ခဲ့ပြီဖြစ်တဲ့ ပေါ့ပ်ဘုရင် မိုက်ကယ်ဂျက်ဆင်ဟာ သီချင်းတွေကို ခိုးယူခဲ့ကြောင်း တေးထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ ကွမ်စီဂျုန်းက လတ်တလောမှာ စွပ်စွဲလာတာ ဖြစ်ပါတယ်။ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ မိုက်ကယ်ဂျက်ဆင်နဲ့ပတ်သက်တဲ့ အကြောင်းတွေကို ပြောကြားရင်း ကွမ်စီဂျုန်းက ပေါ့ပ်ဘုရင်ဟာ လောဘကြီးသူတစ်ဦးဖြစ်တာကြောင့် တေးသီချင်းတွေကို ခိုးယူခဲ့တာဖြစ်တယ်လို့ ရင်ဖွင့်ခဲ့တာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကွမ်စီဂျုန်းဟာ သူနဲ့တွဲဖက်ကာ အလုပ်လုပ်ခဲ့ကြတဲ့ တေးသံရှင်တွေအနက် မိုက်ကယ်ဂျက်ဆင်နဲ့ "The Beatles" တေးဂီတအဖွဲ့အကြောင်းကို မီဒီယာတွေနဲ့တွေ့ဆုံစဉ်မှာ အများဆုံး ထုတ်ဖော်ပြောကြားလေ့ရှိတာ ဖြစ်ပါတယ်။ နယူးယောက်မဂ္ဂဇင်းကြီးရဲ့ ကဏ္ဍတစ်ခုဖြစ်တဲ့ "Vulture" အတွက် ပြုလုပ်ခဲ့တဲ့ အင်တာဗျူးအရှည်ကြီးမှာတော့ ဟောလိဝုဒ်ရဲ့ ထင်ရှားတဲ့ တေးထုတ်လုပ်သူ ကွမ်စီဂျုန်းက ပေါ့ပ်ဘုရင်ဟာ သူထုတ်လုပ်ခဲ့တဲ့ တေးသီချင်းတွေအနက် အလွန်ကျော်ကြားခဲ့တဲ့ အချို့သော တေးသီချင်းတွေ ခိုးယူခဲ့ကြောင်း ဖွင့်ဟလာတာဖြစ်ပါတယ်။

အဆိုပါအင်တာဗျူးမှာ အသက် (၈၄)နှစ်အရွယ် ရှိပြီဖြစ်တဲ့ ကွမ်စီဂျုန်းက "ကျွန်တော့် အနေနဲ့ ဒါကို လူသိရှင်ကြား ထုတ်ဖော်ပြောကြားရမှာကို မုန်းမိပါတယ်။ ဒါပေမယ့် မိုက်ကယ်ဂျက်ဆင်ဟာ ကျွန်တော်ပိုင်တဲ့အရာတွေ တော်တော်များများကို ခိုးယူခဲ့တာပါ။ သူဟာ တေးသီချင်း တော်တော်များများကို ခိုးယူခဲ့ပါတယ်"လို့ ပြောကြားလာပါတယ်။ ဂျုန်းက ခိုးယူခဲ့တယ်လို့ အဓိကပြောကြားခဲ့တဲ့ တေးသီချင်းကတော့ မိုက်ကယ်ဂျက်ဆင်ရဲ့ နာမည်ကျော် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Billie Jean" ပါ။ အဲဒီတေးသီချင်းက မိုက်ကယ်ဂျက်ဆင်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်ဖြစ်တဲ့ "Thriller" မှာ ပါဝင်ခဲ့တဲ့ တေးသီချင်း ဖြစ်ပါတယ်။ ကွမ်စီဂျုန်းကတော့ ယင်းတေးသီချင်းဟာ ပြီးခဲ့တဲ့ ၁၉၈၂ ခုနှစ်အတွင်း "Thriller" တေးအယ်လ်ဘမ်ကို မထုတ်လွှင့်မီ လအနည်းငယ်က ထုတ်လွှင့်ခဲ့ပြီး အလွန်ကျော်ကြားခဲ့တဲ့ ဒစ်စကိုဘုရင်မ ဒွန်နာစမ်းမားရဲ့ တေးသီချင်း "State of Independence" ကို ကူးယူခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ "State of Independence" ကို ကွမ်စီဂျုန်းက ထုတ်လုပ်ခဲ့တာဖြစ်ပြီး တေးသီချင်းနှစ်ပုဒ်ကို ယှဉ်ကာ နားထောင်ကြည့်ပါက အလွန်တူနေတာကို တွေ့ရမှာဖြစ်ကြောင်းလည်း ဂျုန်းက ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ကွမ်စီဂျုန်းက သူ့ရဲ့တစ်သက်တာမှာ ကြုံတွေ့ခဲ့ရတဲ့ တေးသံရှင်တွေအနက် "The Beatles"တေးဂီတအဖွဲ့ဟာ အဆိုးရွားဆုံး တေးသံရှင်တွေဖြစ်ကြောင်းလည်း ရင်ဖွင့်လာပါတယ်။ ဂျုန်းက ဗြိတိန်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "The Beatles"ဟာ အလွန်ကို အရည်အချင်း ညံ့ဖျင်းကြသူတွေဖြစ်ကြောင်း အင်တာဗျူးမှာ ထုတ်ဖော်ပြောကြားလိုက်တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

# ပြန်လည် လက်တွဲနေပြီဖြစ်ကြောင်း သတင်းတွေထွက်လာတဲ့ လီမင်ဟိုနဲ့ ဆူဇီ



ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင် ထုတ်ဖော်ပြောကြားလာခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့်စုံတွဲ လီမင်ဟိုနဲ့ ဆူဇီတို့ဟာ လတ်တလောမှာတော့ ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း ကောလာဟလတွေ စတင်ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ ဒီသတင်းတွေနဲ့ ပတ်သက်ပြီး ကာယကံရှင်တွေကတော့ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားလာခဲ့ခြင်း မရှိသေးကြောင်း အောကေပေ့ါပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၉ ရက်မှာ တောင်ကိုရီးယားမီဒီယာတစ်ခုက လီမင်ဟိုနဲ့ ဆူဇီတို့ဟာ ပြန်လည်ချိန်းဆိုတွေ့ဆုံမှုတွေရှိခဲ့ကြောင်း ရေးသားဖော်ပြလာတာပါ။ အဆိုပါမီဒီယာက ကြယ်ပွင့်စုံတွဲဟာ မကြာသေးမီက နှစ်ဦးသား လျှို့ဝှက်ချိန်းဆိုတွေ့ဆုံခဲ့ကြကြောင်း ကာယကံရှင်တွေနဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ ထုတ်ဖော်ပြောကြားချက်ကို ကိုးကားကာ ရေးသားဖော်ပြလာတာပါ။

ဒီသတင်းတွေကို တောင်ကိုရီးယားမီဒီယာတွေက ရေးသားဖော်ပြခဲ့ရာမှာတော့ ကြယ်ပွင့်တွေရဲ့ ဖျော်ဖြေရေးအေဂျင်စီတွေက တုံ့ပြန်ပြောကြားလာပါတယ်။ အမ်ဝိုင်အမ်နဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်တို့ကတော့ မင်းသား လီမင်ဟိုနဲ့ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးမှသည် ဇာတ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်လာတဲ့ ဆူဇီတို့ ပြန်လည်ချိန်းဆိုတွေ့ဆုံခဲ့ခြင်းမရှိကြောင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အေဂျင်စီတွေက ကာယကံရှင်တွေနဲ့ မေးမြန်းမှုတွေ၊ ပြန်လည်ဆန်းစစ်မှုတွေ ပြုလုပ်အပြီးမှာတော့ သူတို့နှစ်ဦး ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ခြင်း မရှိကြောင်း၊ နှစ်ဦးသား သီးသန့်တွေ့ဆုံတာမျိုးမရှိကြောင်း ရေးသားဖော်ပြခဲ့ကြပါတယ်။

လီမင်ဟိုနဲ့ ဆူဇီတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ကြယ်ပွင့်စုံတွဲဟာ ချစ်သူတွေအဖြစ် သုံးနှစ်ခန့် အတူလက်တွဲခဲ့ကြပြီး နှစ်ဦးသား ချိန်းဆိုတွေ့ဆုံရာမှာတော့ ဒေသတွင်းမှာထက် နိုင်ငံခြားမှာ တွေ့ဆုံလေ့ရှိကာ ငွေကြေးများစွာ အကုန်ကျခံကာ ချိန်းဆိုတွေ့ဆုံလေ့ရှိတဲ့ စုံတွဲလည်း ဖြစ်ပါတယ်။ လတ်တလောမှာတော့ လီမင်ဟိုဟာ စစ်မှုထမ်းဆောင်နေတာဖြစ်ပြီး စစ်မှုထမ်းကာလအတွင်းမှာပင် ဆူဇီနဲ့ လမ်းခွဲကြောင်း အေဂျင်စီတွေကနေတစ်ဆင့် ပရိသတ်ကို အသိပေးခဲ့တာဖြစ်ပါတယ်။ ဆူဇီကတော့ မကြာသေးမီက သူ့ရဲ့ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်ခဲ့ပြီး တေးအယ်လ်ဘမ်သစ် မိတ်ဆက်ရှင်းလင်းပွဲမှာ သတင်းထောက်တွေရဲ့ မေးခွန်းကို ဆီလျော်အောင် ဖြေကြားနိုင်ခြင်း မရှိခဲ့တာကြောင့် ပရော်ဖက်ရှင်နယ် မပီသကြောင်း ဝေဖန်စွပ်စွဲမှုတွေနဲ့ ကြုံခဲ့ရပါတယ်။

# ဇာတ်ဆောင်တစ်ဦး ဖြစ်လာတော့မယ့် D. O

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "EXO"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ D. O ဟာ လတ်တလောမှာတော့ ဒရမ်မာဇာတ်လမ်းတွဲတစ်ခုမှာ ခေါင်းဆောင်မင်းသားနေရာကနေ ပါဝင်သွားဖို့ရာ ကမ်းလှမ်းခံခဲ့ရပြီး လက်ခံစဉ်းစားပေးနေပြီဖြစ်ပါတယ်။ ဒီလို ဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သွားမယ့် D. O အတွက်တော့ အနုပညာသက်တမ်းတစ်လျှောက် ပထမဆုံးဖြစ်တယ်လို့ အောကေပေ့ါပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တောင်ကိုရီးယား မီဒီယာတစ်ခုရဲ့ ရေးသားဖော်ပြချက်အရ D. O ဟာ "100-Day Husband" လို့အမည်ရတဲ့ ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ပေးဖို့ရာ ကမ်းလှမ်းခံထားရတာ ဖြစ်တယ်လို့ ရုပ်ရှင်အသိုင်းအဝိုင်းက ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲရဲ့ ရိုက်ကူးရေးဝန်ထမ်းတစ်ဦးက "သူဟာ ဇာတ်ဆောင်နေရာမှာပါဝင်ဖို့ ကမ်းလှမ်းခံထားရတယ်ဆိုတာ အမှန်ပါပဲ။ ဒီလိုကမ်းလှမ်းမှုကို D. O ကလည်း လက်ခံသွားဖို့ အလားအလာရှိနေပါတယ်"လို့ ပြောကြားလာတာပါ။

အကယ်၍ D. O ဟာ လက်ခံသွားမယ်ဆိုပါက ဇာတ်လမ်းတွဲရဲ့ အဓိကဇာတ်ကောင်ဖြစ်တဲ့ လီယိုးနေရာကနေ ပါဝင်သွားရမှာပါ။ လီယိုးဟာ တစ်သက်တာမှာ တစ်ခါမျှ အမှားမပြုလုပ်ခဲ့ဖူးသူ မင်းသားတစ်ပါးဖြစ်ပါတယ်။ သူဟာ တစ်ရက်မှာတော့ ချောက်ကမ်းပါးကနေ ပြုတ်ကျခဲ့ပြီးတဲ့ နောက်မှာတော့ အသိဉာဏ်ကင်းမဲ့ကာ လုံးဝအသုံးမဝင်သူ ဖြစ်ခဲ့ရပါတယ်။

"100-Day Husband" ဟာ လျှို့ဝှက်ဟာသအချစ်ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး အဓိကဇာတ်ဆောင် လီယိုးရဲ့ နန်းတော်ကို ပြန်လည်ရောက်ရှိဖို့ရာ ကြိုးပမ်းခဲ့တဲ့ ရက် ၁၀၀ အတွင်းက အဖြစ်အပျက်တွေကို အဓိကပုံဖော်ကာ ဇာတ်လမ်းဆင်ထားတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲကိုတော့ tvN ရုပ်သံလိုင်းကနေ ရိုက်ကူးထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

# အထက်တန်းအောင်မြင်ခဲ့ပြီဖြစ်တဲ့ ကမ်ယိုဂျန်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ်မှသည် အောင်မြင်တဲ့ ခေါင်းဆောင်မင်းသမီးတစ်ဦး ဖြစ်လာခဲ့တဲ့ မင်းသမီး ကမ်ယိုဂျန်ဟာ လတ်တလောမှာတော့ အထက်တန်းအောင်မြင်ခဲ့ပြီဖြစ်ပါတယ်။ ကမ်ယိုဂျန်ဟာ ဂိုယန်းအနုပညာအထက်တန်းကျောင်းမှ အောင်မြင်ခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၈ ရက်မှာတော့ အထက်တန်းအောင်ဘွဲ့နှင်းသဘင်အခမ်းအနားကို ဂိုယန်းအနုပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ ကမ်ယိုဂျန် တက်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ကမ်ရဲ့ အောင်မြင်မှုအတွက် သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီက ဘွဲ့နှင်းသဘင်တက်ရောက်ခဲ့တဲ့ ကမ်ယိုဂျန်ရဲ့ ဓာတ်ပုံတွေနဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း စာကို လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

အထက်တန်း အောင်မြင်ခဲ့ပြီဖြစ်ပေမယ့် ကမ်ယိုဂျန်ဟာ တက္ကသိုလ်ကို ချက်ချင်းတက်ရောက်ဦးမှာမဟုတ်ဘဲ အနုပညာလုပ်ငန်းတွေပေါ်မှာသာ အာရုံစိုက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ နောက်ဆုံးသော အနုပညာလှုပ်ရှားမှုအနေနဲ့ ကမ်ယိုဂျန်ဟာ ရုပ်သံဇာတ်လမ်းတွဲ "First, Clean Passionately"မှာ ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ယင်းဇာတ်လမ်းတွဲမှာတော့ ကမ်ဟာ အဓိကအမျိုးသမီးဇာတ်ဆောင်ဖြစ်တဲ့ ဂေလ်အိုဆောနေရာကနေ ပါဝင်သွားမှာဖြစ်ပြီး ယင်းဇာတ်လမ်းတွဲကိုတော့ JTBC ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမှာပါ။ အပတ်စဉ် တနင်္လာနဲ့ အင်္ဂါနေ့တွေမှာ ထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲတစ်ခုဖြစ်ပြီး ယင်းရုပ်ရှင်မှ ကမ်ယိုဂျန်ရဲ့ ဇာတ်ကောင်ဟာ အချိန်ပိုင်းအလုပ်တွေကိုလုပ်ကိုင်ရင်း ဘဝကိုရုန်းကန်ရှင်သန်နေခဲ့ရာမှ တည်မြဲတဲ့ အမြဲတမ်းဝန်ထမ်းတစ်ဦးဖြစ်ခွင့်ရဖို့ ကြိုးစားခဲ့သူဖြစ်ပါတယ်။ သူနဲ့တွဲဖက်ကာ အဓိက အမျိုးသားဇာတ်ဆောင်အဖြစ် ပါဝင်ပေးဖို့ မင်းသား အာဟိုဆော့ကို ရွေးချယ်ခဲ့ကြပါတယ်။ အဓိကဇာတ်ဆောင်နှစ်ဦးကို ရွေးချယ်ခဲ့ပြီးနောက် နောက်ထပ်ဇာတ်ဆောင်မင်းသားတစ်ဦးအဖြစ် ဆောင်းဂျေရင် ပါဝင်သွားမှာဖြစ်ကြောင်း ထပ်မံဖော်ပြလာတာကို တွေ့ရပါတယ်။

"First, Clean Passionately"ဟာ အွန်လိုင်းပေါ်မှာ ဖော်ပြခဲ့တဲ့ ကာတွန်းဇာတ်လမ်းကို ရုပ်သံဇာတ်လမ်းအဖြစ် ပြန်လည်ပုံဖော်ထားတာဖြစ်ပြီး လာမယ့် ဧပြီလအတွင်းမှာ စတင်ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



**အေးပြည့်-ရေးသားသည်**



**မိုးကုတ် ဖေဖော်ဝါရီ ၉**
မိုးကုတ်မြို့မှုံကွင်း၌ မတ် ၂၉ ရက်မှ ၃၁ ရက်နေ့အထိ ပထမဆုံးအကြိမ်ကျင်းပမည့် မိုးကုတ်နှစ် (၈၀၀) ပြည့် ပွဲတော်တွင် တိုင်းရင်းသားရိုးရာအက ရှစ်ဖွဲ့ခန့် ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း အဆိုပါပွဲတော်ဖြစ်မြောက်ရေးကော်မတီ ပြန်ကြားရေးမှူး ဦးမင်းသူရထံမှ သိရသည်။

"ကျွန်တော်တို့က အခုကျင်းပမယ့်နှစ် (၈၀၀) ပြည့်ပွဲတော်အတွက် တိုင်းရင်းသားရိုးရာအက ရှစ်ဖွဲ့လျာထားပါတယ်။ နောက်ထပ်အငြိမ့်အဖွဲ့လည်း ပါဝင်ဖျော်ဖြေဦးမှာပါ။ ဖျော်ဖြေမယ့် တိုင်းရင်းသားတွေကတော့ ရှမ်း၊ ကချင်၊ ကရင်၊ မွန်၊ မြန်မာ၊ ပလောင်၊ ကိုးကန့်၊ ကယား၊ ချင်း၊ ရခိုင်ဒီတိုင်းရင်းသားတွေက ဖျော်ဖြေပေးမှာပါ"ဟု ပြန်ကြားရေးမှူး ဦးမင်းသူရက ပြောသည်။

"အခုနှစ် (၈၀၀) ပြည့်ပွဲတော်ကျင်းပတာ ဒါပထမဆုံးအကြိမ်ပါ။ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာဖို့နဲ့ မြို့ဂုဏ်ကိုမြှင့်တင်တဲ့သဘောရယ်။ နောက်ပြီးတော့ ဒေသခံတွေရဲ့အလုပ်ကိုင်အခွင့်လမ်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပြီးတော့ ကျင်းပရခြင်းဖြစ်ပါတယ်။ ပွဲတော်ကကွင်းတစ်ကွင်းလုံး ဘယ်သူမဆို အခမဲ့ပါ။ စိတ်ဝင်စားတဲ့သူတွေကံစမ်းလို့ရအောင် ကံစမ်းမဲကူပွန်ရောင်းချပေးတဲ့ အစီအစဉ်ပါဝင်ပါတယ်။ ဒီပွဲတော်ကရရှိတဲ့ ရန်ပုံငွေကိုတော့ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကသုံးစွဲသွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မိုးကုတ် နှစ် (၈၀၀) ပြည့် ပွဲတော်အကြိုအနေဖြင့် အားကစားပွဲများနှင့် စာပေပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိပြီးပွဲတော်ရက်အတွင်း မတ် ၃၀ ရက်တွင် သံဃာတော်များ အားဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ကံစမ်းမဲဖွင့်လှစ်ခြင်း၊ နိုင်ငံကျော်အနုပညာရှင်များမှ မိုးကုတ်နှစ် (၈၀၀)ပြည့် Main Theme Song သီချင်းသီဆိုခြင်း၊ ဗိုလ်ချုပ်ကြေးရုပ်ဖွင့်လှစ်ခြင်း၊ အငြိမ့်အကများဖြင့် ဖျော်ဖြေခြင်း၊ တိုင်းရင်းသားအကများဖြင့် ဖျော်ဖြေခြင်းနှင့် မိုးကုတ်မြို့ခံလူငယ်ဂီတအဖွဲ့များမှ ဖျော်ဖြေခြင်းစသည့် ဖျော်ဖြေမှုများပါဝင်ကြောင်း သိရသည်။

မြန်မာသက္ကရာဇ် ၅၇၉ ခုနှစ် မိုးမိတ်နှင့် မိုးလိုင်ကိုအစိုးရသော စော်ဘွားကြီးသိုဟန်ဖတ် လက်ထက်တွင် သဖန်းပင်ရွာစတည်ကာ ရှမ်းမုဆိုးသုံးဦးမှ နီမြန်းသောပတ္တမြားကို စတင်တွေ့ရှိခဲ့ပြီး မိုးကုတ်ဟူ၍ ဖြစ်တည်ခဲ့ကာ ယခုမြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်သည် မိုးကုတ်မြို့တည် နှစ် (၈၀၀) ပြည့်ခြင်းပင်ဖြစ်ကြောင်း မိုးကုတ်မြို့နယ် ဒေသဆိုင်ရာအချက်အလက် မှတ်တမ်းများအရ သိရသည်။

မိုးကုတ်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၈၀၀ တွင်တည်ရှိပြီး ပေ ၅၀၀၀ ကျော် အမြင့်ရှိသည့် တောင်တန်းများ ဝန်းရံထားကာ မန္တလေးမြို့၏မြောက်ဘက် ၁၂၈ မိုင်အကွာအဝေးရှိရာ ရှေးအခါကမိုးကုတ်ကို ရှမ်းဘာသာစကားဖြင့် မိန်းကွက်၊ မိန်းကု(ပ)၊ မိန်းကတ်ဟူ၍ အမျိုးမျိုးခေါ်ဆိုခဲ့ကြပြီး ကမ္ဘာကျော်ပတ္တမြား၊ နီလာကျောက်မျက်ရတနာမျိုးစုံထွက်ရှိရာ ဒေသဖြစ်၍ Ruby Land အဖြစ် ကမ္ဘာက အသိအမှတ်ပြုခဲ့ရသည်။

**နဒီလှိုင်း**

## လယ်မြေများအား မူလတောင်သူများထံ ပြန်လည်ပေးအပ်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၉**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပွင့်ဖြူမြို့နယ် သရက်ကုန်းကျေးရွာအုပ်စု စံပြကျေးရွာနှင့် ဘုရားကုန်းကျေးရွာရှိ လယ်မြေဧက ၁၃ ဒသမ ၀၄ ဧကအား သက်ဆိုင်ရာ မူလတောင်သူများထံသို့ လွှဲပြောင်းအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဉတ္တမခန်းမ၌ ကျင်းပသည်။

မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်သည့်လယ်မြေများကို သက်ဆိုင်ရာ မူလတောင်သူများထံ ပြန်လည်လွှဲပြောင်းအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် ပွင့်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေထံသို့ လယ်ယာမြေ ပုံစံ(၇)များကို လွှဲပြောင်းပေးအပ်ခဲ့သည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ပွင့်ဖြူမြို့နယ် သရက်ကုန်းကျေးရွာအုပ်စု စံပြကျေးရွာနှင့် ဘုရားကုန်းကျေးရွာတို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်သည့်လယ်မြေဧက ၁၃ ဒသမ ၀၄ ဧကအား မူလပိုင်ဆိုင်သည့် တောင်သူ ၁၀ ဦးထံသို့ လွှဲပြောင်းပေးအပ်သည်။

ပြန်လည်စွန့်လွှတ်သည့် လယ်မြေဧက ၁၃ ဒသမ ၀၄ ဧကအား မူလတောင်သူများထံသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ ပွင့်ဖြူမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ပွင့်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် မူလလယ်မြေပိုင်ဆိုင်သည့် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မိုးကောင်းမြို့နယ်အတွင်းရှိ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကွင်းဆင်းကြည့်ရှု

**မိုးကောင်း ဖေဖော်ဝါရီ ၉**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းနှင့် ပြည့်မီခြင်းရှိ-မရှိနှင့် လုပ်ငန်းစီမံချက်များအတိုင်း သတ်မှတ်ချက်များနှင့် ညီ-မညီအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်(နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးနှင့် တာဝန်ရှိသူများပူးပေါင်း၍ ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေသူရိန်စိန်လှက "လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းကို မြို့နယ်အတွင်း ကျေးရွာအုပ်စု ၃၆ စုမှာရှိတဲ့ ကျေးရွာပေါင်း၇၉ ရွာမှာ လုပ်ငန်းခွဲပေါင်း ၈၈ ခုကို ဆောင်ရွက်နေပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

တာဝန်ရှိသူများက ရွှေအင်းကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၂၀ ဖြင့် ဆောင်ရွက်လျက်ရှိသည့် အရှည်ပေ ၂၄၀၀၊ အကျယ် ၁၇ ပေနှင့် ဒုခြောက်လက်မရှိ ကျေးရွာအတွင်း သဲကျောက်လမ်းခင်းခြင်း၊ အရှည် နှစ်ပေ၊ အကျယ် ရှစ်ပေနှင့် အမြင့် နှစ်ပေရှိ Boxculvert လုပ်ငန်းနှင့် မီးသွေးကုန်းကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွင့်ပြုရန်ပုံငွေ ကျပ် ၆၅၄၀၆၀၀ အကုန်အကျခံ ဆောင်ရွက်သည့် အရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ ပေနှင့် ဒုခြောက်လက်မရှိ သဲကျောက်လမ်းခင်းခြင်းနှင့် ရေပြွန် လေးစင်းတည်ဆောက်ခြင်းတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ် လူထုဗဟိုပြုစီမံကိန်းရုံးခွဲ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းချစ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေညွန့်တို့ က ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းထောက်ပံ့ရန်ပုံငွေ မှတ်တမ်းများ၊ ဘဏ္ဍာရေးဖိုင်များ ပြည့်စုံမှန်ကန်မှု ရှိ-မရှိတို့အား စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

## ကျေးလက်ရေပေးဝေရေးလုပ်ငန်း ၂၉ ခု စစ်ကိုင်းတိုင်းဒေသကြီးတွင်လုပ်ဆောင်ပေးမည်

**မုံရွာ ဖေဖော်ဝါရီ ၉**
၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေ ကျပ် ၄၀၃ ဒသမ ၃၅၅ သန်းဖြင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ရေရရှိရေးလုပ်ငန်းများတွင် တွင်းနက် ၁၀ တွင်း၊ ရေကန်နှစ်ကန်၊ စိမ့်စမ်းရေသွယ်ခြင်းခြောက်ခုနှင့် အခြားနည်းလမ်းများဖြင့် ခြောက်ခု စုစုပေါင်း ၂၉ ခုတို့ဖြင့် ယခုဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေဖြင့် လုပ်ဆောင်ပေးမည့် ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများအဖြစ် ကလေးမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် တွင်းနက်နှစ်တွင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်း သုံးခုအားလည်းကောင်း၊ ကလေးဝမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းတစ်ခုအားလည်းကောင်း၊ မင်းကင်းမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် စိမ်းစမ်းရေသွယ်တန်းခြင်းလုပ်ငန်း တစ်ခုအားလည်းကောင်း၊ တမူးမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာတွင် တွင်းနက်တစ်တွင်းနှင့် စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းတစ်ခုအားညီးကောင်း၊ ပင်လည်ဘူးမြို့နယ်အတွင်းရှိ ကျေးရွာ သုံးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း သုံးခုအားလည်းကောင်း၊ ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် တွင်းနက်တစ်တွင်းအားလည်းကောင်း၊ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် ရေကန်တစ်ကန်အားလည်းကောင်း၊ ကျွန်းလှမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင်ရေကန်တစ်ကန်အားလည်းကောင်း၊ ခန္တီးမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း တစ်ခုနှင့် တွင်းနက် နှစ်တွင်းအားလည်းကောင်း၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းတစ်ခုအားလည်းကောင်း၊ မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် အခြားနည်းလမ်းတစ်ခုအားလည်းကောင်း၊ မြောင်မြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် အခြားနည်းလမ်း တစ်ခုဖြင့်လည်းကောင်း၊ အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင် အခြားနည်းလမ်းသုံးခုအားလည်းကောင်း၊ ဘုတလင်မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာတွင် တွင်းနက်နှစ်တွင်းအားလည်းကောင်း၊ ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် အခြားနည်းလမ်းတစ်ခုအားလည်းကောင်း၊ ဆားလင်းကြီးမြို့နယ်အတွင်းရှိကျေးရွာတစ်ရွာတွင် အခြားနည်းလမ်းတစ်ခုဖြင့်လည်းကောင်း၊ ခင်ဦး မြို့နယ်အတွင်းရှိကျေးရွာတစ်ရွာတွင် တွင်းနက်တစ်တွင်းအားလည်းကောင်း တူးဖော်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## တိုင်းဒေသကြီးနှင့်ပြည်နယ်အသက်(၂၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကယားပြည်နယ်ဗိုလ်စွဲ

**နေပြည်တော် ဖေဖော်ဝါရီ ၉**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသက် (၂၂) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၈ ရက် ညနေ ၃ နာရီက ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းနှင့် ကယားပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပွဲကစားချိန်မိနစ် ၉၀ အတွင်း နှစ်ဖက်စလုံး ဂိုးမရှိ သရေရလဒ်ဖြစ်နေသဖြင့် အချိန်ပို ဆက်လက်ကစားရာ ကယားပြည်နယ်အသင်းမှ တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် တံခွန်စိုက်ဆုရရှိသွားသော ကယားပြည်နယ်အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်ကလည်းကောင်း၊ ဒုတိယဆုရရှိသော မွန်ပြည်နယ်အသင်းအား ကျန်းမာရေး အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဒေါက်တာစန်းမောင်မောင်ကလည်းကောင်း၊ တတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ကယားပြည်နယ် စည်ပင်သာယာရေး၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာအောင်ကျော်ဌေး၊ မွန်ပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာခင်ဆောင်၊ မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး၊ ကျန်းမာရေးအားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီအတွင်းရေးမှူး ဒေါက်တာစန်းမောင်မောင်နှင့်အဖွဲ့ဝင်များ၊ ဘောလုံးဝါသနာရှင်ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**မောင်မောင်ဇော်**



## တရုတ်နိုင်ငံမှ ဆင်တုံးမနွယ်ပင်များဝယ်ယူ၊ ဆင်တုံးမနွယ် ရှာဖွေရောင်းသူများ အပိုဝင်ငွေရရှိ

**ငါးသရောက် ဖေဖော်ဝါရီ ၉**
မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့နယ်အတွင်းရှိ ဒေသထွက် ဆင်တုံးမနွယ်ပင်များကို တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းအချို့က ဝယ်ယူသူများစေလွှတ်ကာ ပိဿာချိန်ဖြင့် ကွင်းဆင်းဝယ်ယူမှုများရှိနေခြင်းကြောင့် ငါးသရောက်မြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသမှ ယာခြံစည်းရိုးစပ်၊ တောထဲတွင် အလေ့ကျပေါက်ရောက်သော ဆင်တုံးမနွယ်ပင် ရှာဖွေခုတ်ယူသူများ မိသားစုအပိုဝင်ငွေရရှိလျက်ရှိကြောင်း ငါးသရောက်မြို့ တမာခါးကျေးရွာနေ ဆင်တုံးမနွယ်လုပ်ငန်း လုပ်ကိုင်သည့် အမျိုးသမီးတစ်ဦးထံမှ သိရသည်။

ကျွန်မတို့ ငါးသရောက်မြို့နယ်က အလေ့ကျပေါက်ရောက်တဲ့ ဒေသထွက် ဆင်တုံးမနွယ်ပင်တွေကို တရုတ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်တွေက လူငှားတွေနဲ့ပိဿာချိန်ရသလောက်ဝယ်ယူနေတယ်။ ငါးသရောက်မြို့မှာ ကျွန်မတို့လို ဆင်တုံးမနွယ်ရောင်းဝယ်ရေးလုပ်တဲ့ ပွဲစားသုံးဦးလောက်ရှိပါတယ်။ ကျွန်မတို့ဝယ်ယူတာကတော့ စဉ်းပြီးသား အခြောက်တွေကို ပိဿာချိန်နဲ့ ဝယ်ယူရတာပါ။ စဉ်းပြီးသား အခြောက်တစ်ပိဿာကို ငွေကျပ် ၄၀၀ နဲ့ ရသလောက်ဝယ်ယူပါတယ်ဟု ရှင်းပြသည်။

ငါးသရောက်မြို့ တမာခါးကျေးရွာမှ ဒေသခံတစ်ဦးကလည်း ဆင်တုံးမနွယ်ပင်က အလေ့ကျပေါက်သောအပင်ဖြစ်ကာ နွယ်ပင်အမျိုးအစားဖြစ်ပြီး အပင်အပွားမြန်ပြီး အကြီးမြန်ကာ ဒေသခံများအတွက် မိသားစုအပိုဝင်ငွေရသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း တောထဲတွင် ဆင်တုံးမနွယ်ပင် ရှာဖွေနေသော အမျိုးသမီးတစ်ဦးက ပြောသည်။

**ကိုထိန် (ပြန်/ဆက်)**



## (၇၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု ကလေးငယ်များအား ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲ ကျင်းပ

**တာချီလိတ် ဖေဖော်ဝါရီ ၉**
(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အနာဂတ်မျိုးဆက်သစ် ကလေးငယ်များ တီထွင်ဖန်တီးမှု စွမ်းရည်နှင့် ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မြင့်မားစေရေး ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲပိုင်းက တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Cnetre ၌ ကျင်းပကြောင်း သိရသည်။

ပြိုင်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးလှဋ္ဌေးက ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မူလတန်းကြိုကလေးငယ် ၃၀ တို့က ဆေးရောင်ခြယ်နှင့် အရုပ်ဆက်ပြိုင်ပွဲများအား ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲအပြီးတွင် ကလေးငယ်များအား ဆုလက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ အဆိုပါ ပြိုင်ပွဲအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ တာချီလိတ် မူလတန်းကြိုကျောင်းတို့ ပူးပေါင်းစီစဉ်ကျင်းပပေးခြင်းဖြစ်ကြောင်းသိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မူခင်းကျဆင်းရေးပညာပေးဟောပြော

**ဒဂုံမြို့သစ် (မြောက်ပိုင်း)**။ ။ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၃၇ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးခိုင်ဦးက မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး ပညာပေးဟောပြောရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သီတာနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ကြေးမုံ**

**ခရမ်း**။ ။ ခရမ်းမြို့နယ် ကမာမတ်ရဲကင်း စခန်းမှူး ရဲအုပ်လှထွန်းသည် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီက ကျွဲတလင်းကျေးရွာဓမ္မာရုံ၌ မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး မူခင်းအသိပညာပေးဆွေးနွေးပွဲပြုလုပ်ရာ ရွာသူရွာသား ၅၀ ခန့် တတ်ရောက်ကြောင်း သိရသည်။

**ဓါဇ**

# အုန်းသီးမှ တန်ဖိုးမြင့် လက်မှုနည်းပညာ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု သင်တန်းဖွင့်

**မြိတ် ဖေဖော်ဝါရီ ၉**
စက်မှုဝန်ကြီးဌာန မြိတ်ခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန အသေးစား၊ အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် မြန်မာနိုင်ငံအုန်းသီးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ပူးပေါင်းဖွင့်လှစ်သည်အုန်းသီးမှတန်ဖိုးမြှင့်လက်မှုနည်းပညာလူသုံးကုန်ပစ္စည်းထုပ်လုပ်မှုသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ် ကြံတောလမ်းရှိ နေဖြိုးအောင်ပရိဘောဂနှင့်လက်သမားအလုပ်ရုံ၌ကျင်းပခဲ့ကြောင်းသိရသည်။

"အခုသင်တန်းကိုတနင်္သာရီတိုင်းဒေသကြီးအတွင်းက စိတ်ဝင်စားသူသင်တန်းသား သင်တန်းသူ ၃၀ တို့ကို ခြောက်ရက်ကြာအုန်းသီးနဲ့ ပတ်သက်သည် လက်မှုပညာအခြေခံအဆင့်ကို သင်ကြားပေးပါမယ်၊ ဒီသင်တန်းမျိုးကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မော်လမြိုင်နဲ့အခုတနင်္သာရီတိုင်းဒေသကြီးနဲ့ဆိုရင် လေးကြိမ်ဖွင့်ခဲ့ပြီးဖြစ်ပါတယ်၊ ဒီတိုင်းဒေသကြီးမှာကပထမဆုံးဖွင့်တဲ့သင်တန်းဖြစ်ပါတယ်၊ မြန်မာခရီးသွားလုပ်ငန်းမှာ ဧည့်သည်အများစုကအုန်းသီးကထုတ်တဲ့တန်ဖိုးမြင့်ပစ္စည်းများကိုသဘောကျကြပါတယ်၊ အုန်းသီးမရှိတဲ့ နိုင်ငံများကလာတဲ့ ဧည့်သည်အများစုက အမှတ်တရလက်ဆောင်အဖြစ်ဝယ်ယူကြပါတယ်၊ ဟိုတယ်လုပ်ငန်းရှင်များကလည်းမိမိတို့ဟိုတယ်မှာ ဒီဇိုင်းကအစ အုန်းသီးအသုံးအဆောင်တစ်သျှူးပေါင်များစသည်အုန်းသီးကထုတ်လုပ်တဲ့ပစ္စည်းများမှာယူကြတယ်၊ ဒါ့အပြင်ကျန်းမာရေးအထောက်အကူပြုပစ္စည်းအဖြစ်အသုံးပြုဖို့မှာယူကြကြောင်းနှင့် မြိတ်ဒေသမှာခရီးသွားဝင်ရောက်မှုများလာတဲ့အတွက် အသုံးဝင်သည်လုပ်ငန်းဖြစ်သော ကြောင့် မြိတ်မြို့မှာ ပထမဦးဆုံးဖွင့်လှစ်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိမှာဖြစ်ပြီး နောင်လည်းတန်ဖိုးမြင့်လက်မှုနည်းပညာသင်တန်းများ ဖွင့်ပေးပါမယ်"ဟု မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အတွင်းရေးမှူး ဒေါ်ဆန်းဆန်းဟန်ကပြောသည်။

အဆိုပါသင်တန်းသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့နယ်ကျေးရွာများမှအမျိုးသား အမျိုးသမီးသင်တန်းသူသင်တန်းသား ၃၀တို့အား သင်တန်းနည်းပြ ဆရာ ဆရာမ ငါးဦးတိုက ဖေဖေဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ခြောက်ရက်ကြာစာတွေ့လက်တွေ့အထောက်အကူပြုပစ္စည်း အစုံအလင်းဖြင့် သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

ယင်းသင်တန်းကိုဒေသအတွင်း၌ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ဆောင်ရွက်ခြင်းဖြင့်နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရန်၊ ဝင်ငွေအသစ်များဖန်တီးရန်ဝင်ငွေအသစ်များရရှိရန်နှင့်လူနေမှုအဆင့်အတန်းတိုးမြှင့်ရန်ရည်ရွယ်ကျင်းပဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းယင်းဌာနမှသိရသည်။ **မြင့်ဦး(မြိတ်)**



## အန္တရာယ်ရှိအီးစီးကရက်များ ရောင်းချခြင်းရှိ၊ မရှိ ကြို့ပင်ကောက်တွင် ရှောင်တခင်စစ်ဆေး

**ကြို့ပင်ကောက် ဖေဖော်ဝါရီ ၉**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် မြို့မဈေးအနီး ပတ်ဝန်းကျင်စတိုးဆိုင်များနှင့် ကျောင်းဈေးဆိုင်များတွင် အန္တရာယ်ရှိအီးစီးကရက်နှင့် သက်တမ်းလွန်မုန့်များရောင်းချခြင်း ရှိ၊ မရှိ ရှောင်တခင် စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၉ နံနက် ၉ နာရီက စတင်ဆောင်ရွက်ခဲ့သည်။

မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ဦးက ကျွန်တော်တို့အဖွဲ့ ဒီနေ့ရှောင်တခင် စစ်တာက အရမ်းအန္တရာယ်ရှိတဲ့ ဆေးလိပ်ဖြတ်တဲ့ အီးစီးကရက်ပါ ကျောင်းဈေးဆိုင်များနဲ့ မြို့မဈေးအနီး ပတ်ဝန်းကျင်မှာရှိတဲ့ စတိုးဆိုင်တွေမှာ ရောင်းချမှုရှိ၊ မရှိ၊ ပြီးတော့ဈေးကွက်စောင့်ကြည့်လေ့လာသွားမယ့် အစီအစဉ်နဲ့ စစ်ဆေးဆောင်ရွက်သွားမှာပါ၊ စစ်ဆေးတွေ့ရှိရင်တော့ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ထံတင်ပြပြီး ဈေးကွက်အတွင်းမှ ပြန်လည် သိမ်းဆည်းခြင်း၊ ကုန်စည်ကိုဖျက်ဆီးခြင်း၊ လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေများအရ အရေးယူခြင်းများကိုပါ ဆောင်ရွက်သွားမှာပါ"ဟုပြောကြားသည်။

ယင်းသို့စစ်ဆေးဆောင်ရွက်ခြင်းကို မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဓေယျာထွန်း(ကြို့ပင်ကောက်)**

**စာမျက်နှာ ၁၅ မှ**
နိုင်ငံအတွင်း ခရီးလှည့်လည်သွားရောက်ခြင်းဖြင့် သွားရောက်သည့်ဒေသများ၏ ခရီးသွားလုပ်ငန်းရှင်သန်တိုးတက်ရေးကို အထောက်အကူဖြစ်စေသည့်အပြင် လုပ်ငန်း များဖွံ့ဖြိုးလာသည်နှင့်အမျှ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်ခြင်း၊ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေခြင်းနှင့်အတူ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသည့် သဘောသက်ရောက်စေမည်ဖြစ်ပါသည်။

မိမိတို့သွားရောက်မည့် ဒေသ၏ ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများ၊ ပွဲတော်များ၊ ရိုးရာလက်မှုပညာများကို ထိန်းသိမ်းမြှင့်တင်ခြင်းကို ခရီးသွားလာခြင်းဖြင့် ကူညီနိုင်ခြင်းနှင့်အတူ မိမိတို့နိုင်ငံ၏ ကြွယ်ဝသောယဉ်ကျေးမှုအမွေအနှစ်များ၊ တောတောင်ရေမြေ သဘာဝအလှတရားများကို ဂုဏ်ယူချစ်မြတ်နိုးသော ခံစားချက်များကိုလည်း လက်တွေ့ရရှိနိုင်ကြမည်ဖြစ်ပါသည်။

**ခရီးသွားလာရာ အန္တရာယ်ကင်းရှင်းရေးက အရေးပါ**
ပြည်တွင်းခရီးသွားဧည့်သည်များသည် ဘုရားဖူး၊ လေ့လာရေး၊ အပန်းဖြေ၊ ကျန်းမာရေး စသည်ဖြင့် အကြောင်းအမျိုးမျိုးနှင့် ခရီးသွားလာကြရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်း သတိပြုကြရမည် ဖြစ်ပါသည်။ အထူးသဖြင့် ကမ်းခြေဒေသများသို့ အပန်းဖြေခရီးသွားရောက်ကြရာတွင် ရေနစ်မြုပ်မှုကဲ့သို့သော အခြေအနေများကို အထူးသတိမူသင့်ပါသည်။ မှတ်တမ်းများအရ ဧရာဝတီတိုင်းဒေသကြီးရှိ ငွေဆောင်နှင့် ချောင်းသာကမ်းခြေများတွင် အပန်းဖြေလာရောက်ကြရာမှ စိတ်ထိခိုက်ဖွယ် ရေနစ်မြုပ်ပြီး အသက်ဆုံးရှုံးခဲ့ရမှုများကို အောက်ပါအတိုင်း တွေ့ရှိခဲ့ရပါသည်။

ရေနစ်မြုပ်မှုကြောင့်အသက်ဆုံးရှုံးမှု

| ခုနှစ် | ချောင်းသာ | ငွေဆောင် |
|---|---|---|
| ၂၀၁၄ | ၁ | ၄ |
| ၂၀၁၅ | ၃ | ၂ |
| ၂၀၁၆ | ၂ | - |
| ၂၀၁၇ | - | ၃ |

အပန်းဖြေကမ်းခြေဒေသအများစုတွင် လာရောက်အပန်းဖြေကြသော ခရီးသွားဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပင်လယ်ပြင်သို့ ရေဆင်းကစားရန် အချိန်ကာလသတ်မှတ်ချက်နှင့် စည်းကမ်းများချမှတ်ထားရှိကာ ကြီးကြပ်ပေးနေကြသည်။ ဥပမာအားဖြင့် ချောင်းသာကမ်းခြေတွင် ရေကူးကစားချိန်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီ အထိသာ သတ်မှတ်ထားခြင်းဖြင့်လည်းကောင်း၊ Bay Watch ခေါ် အန္တရာယ်ကင်းရှင်းရေး စောင့်ကြည့်ရေးအဖွဲ့၊ ရေပြင်အသက်ကယ်အဖွဲ့များကို အချိန်ပြည့် တာဝန်ချထားပေးခြင်းဖြင့်လည်းကောင်း၊ ပင်လယ်ရေနက်ပိုင်းနှင့် ရေကူးကစားရန် အန္တရာယ်ကင်းရှင်းသော နယ်နိမိတ်ကို ကန့်သတ်ပေးထားသော Safety Water Line ခေါ် သတိပေးရေပေါ်ကြိုးတန်းများချထား၍ လည်းကောင်း၊ စနစ်တကျစီမံဆောင်ရွက်ပေးထားသည်ကို တွေ့ရပါသည်။ ထိုကဲ့သို့ လုံခြုံရေးအစီအမံများ ချမှတ်ဆောင် ရွက်ထားပါလျက်နှင့် ဖော်ပြပါ စာရင်းအတိုင်း အသက် ဆုံးရှုံးမှုဖြစ်စဉ်များတွင် အသက်ဆုံးပါးခဲ့ရသူအားလုံးမှာ ပြည်တွင်း နိုင်ငံသားခရီးသွားများသာဖြစ်ခြင်းကို စိတ်နှလုံးမချမ်းမြေ့ဖွယ်ရာ တွေ့ရှိရပါသည်။

အကြောင်းအမျိုးမျိုးဖြင့် ရေနစ်မှုဖြစ်ပွားခဲ့သည်ဖြစ်သော်လည်း အဓိကအားဖြင့် အရက်သေစာများကို အပျော်လွန်ကာ အလွန်အကျွံသောက်စားထားခြင်းနှင့် ကမ်းခြေတာဝန်ကျလုံခြုံရေးဝန်ထမ်းများ၏ သတိပေးတားမြစ်မှုကို အလေးမထား မလိုက်နာကြခြင်းကြောင့် အများဆုံးဖြစ်ပွားရသည်ကို စိစစ်တွေ့ရှိရပါသည်။ ထိုကဲ့သို့သော ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များအတွက် ဘေးကင်းလုံခြုံမှုရှိစေရန် ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဟိုတယ်ဇုန်များ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ကာ ပိုမိုကောင်းမွန်သော အစီအမံများချမှတ်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ခရီးသွားဧည့်သည်များအနေဖြင့်လည်း မိမိတို့ ရောက်ရှိရာ ခရီးစဉ် ဒေသများတွင် အန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များကို ဂရုပြုလိုက်နာခြင်း၊ အန္တရာယ်ဖြစ်စေသော အပြုအမူများကို ရှောင်ရှားကြခြင်းအားဖြင့် ပျော်ရွှင်ကြည်နူးဖွယ်ခရီးစဉ်များကို ဖန်တီးနိုင်ကြမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုပါသည်။

**နိုင်ငံအနှံ့ခရီးဆန့်ကြပါစို့လား**
လူသားတို့သဘာဝ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကိစ္စများမြောင်တို့ဖြင့် လှုပ်ရှားဆောင်ရွက်နေကြရသည်ဖြစ်ရာ တိုင်းတစ်ပါးနိုင်ငံများမှ အချိန်နှင့်ငွေကြေးအမြောက်အမြား အကုန်အကျခံကာ လာရောက်လေ့လာနေကြရသော မိမိတို့နိုင်ငံရှိ အထင်ကရခရီးစဉ်ဒေသများ၊ ရိုးရာပွဲတော်များ၊ အပန်းဖြေကမ်းခြေဒေသများကို မလေ့လာရသေးသော၊ မထိတွေ့မခံစားဖူးသေးသော၊ တစ်နည်းအားဖြင့် မရောက်ဖူးသေးသော အမိမြန်မာနိုင်ငံတော်၏ နိုင်ငံသူ နိုင်ငံသားများများစွာ ရှိနေသေးသည်မှာ အသေအချာပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရှေ့ဆက်လုပ်ဆောင်ကြရမည့် လုပ်ငန်းဆောင်တာများကို အားသစ်အင်သစ်ဖြင့် လန်းဆန်းတက်ကြွစွာ ထမ်းဆောင်နိုင်ရေးအတွက်လည်းကောင်း၊ အသိပညာဗဟုသုတများ တိုးပွားစေခြင်းအလို့ငှာလည်းကောင်း၊ နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို တစ်ထောင့်တစ်နေရာမှ ပံ့ပိုးသည့် အနေဖြင့်လည်းကောင်း မိမိတို့၏နေ့တိုင်းလုပ်ရိုးလုပ်စဉ်လုပ်ငန်းများ၊ စိတ်သောကများကို ခဏတာနောက်ချန်ထားခဲ့ပြီး အားလပ်ခွင့်ရရှိသည့် ကာလအပိုင်းအခြားပေါ်မူတည်ကာ နိုင်ငံအနှံ့အေးချမ်းပျော်ရွှင်စွာ၊ ဘေးကင်းလုံခြုံစွာ ခရီးဆန့်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားတင်ပြအပ်ပါသည်။ ။

ကြော်ငြာ


Mighty Days
စိတ်လှုပ်ရှားဖွယ်ရာ မြန်မာနှစ်သစ်ကူးသင်္ကြန် ပြည်ပခရီးစဉ်များ

| | | | |
|---|---|---|---|
| 11–19 Apr. 2018 | | | USD 2750 |
| 12–18 Apr. 2018 | | | USD 1325 |
| 13–17 Apr. 2018 | | | USD 530 |
| 14–19 Apr. 2018 | | | USD 790 |
| 14–21 Apr. 2018 | | | USD 2170 |


## မင်္ဂလာနှစ်ပတ်လည် ဆုတောင်းလွှာ

အစ်ကို ဦးမြတ်သူ (Chairman, Myat Eaindray Group of Companies) နှင့် အစ်မ ဒေါ်ကေဇိုင်ဝဖြူ (Managing Director, Myat Eaindray Group of Companies) တို့၏ (၁၀-၂-၂၀၁၈)နေ့တွင်ပြည့်မြောက်သော ကြည်နူးရက်ယှဉ်ယှဉ် (၂၈) နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်မှာသည် နောင်နှစ်များစွာတိုင်ချမ်းမြေ့ပျော်ရွှင်ဖွယ် မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း စိတ္တသုခနှင့်ပြည့်စုံပြီးကြံတိုင်းအောင်ဆောင်တိုင်းမြောက်၍ လိုရာဆန္ဒများတစ်လုံးတစ်ဝတည်းပြီးပြည့်စုံလျက် ချစ်သမီးမအိမ်ဖြူမြတ်သူ၊ ချစ်သားမောင်ထက်ဝေယံ ချစ်တပည့်များအားလုံးနှင့်အတူ ဘာသာသာသနာအကျိုးစီးပွားများကို ဆထက်ထမ်းပိုး သယ်ပိုး၊ ဆောင်ရွက်နိုင်၍ ဘဝခရီးကိုသက်ဆုံးတိုင် အတူတကွလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

ချစ်တပည့်များ
မြတ်အိန္ဒြေGroup of Companies

### ပျောက်ဆုံးကြောင်း

ဦးသန်းဦး [၆/မအရ(နိုင်) ဝ၆၁၆၆၅] ပိုင်ဆိုင်သော အောင်သူဇော်-၂ (ON-4605)၊ အောင်သူဇော်-၁၅(ON-5180) နှင့် အောင်သူဇော်-၂၅ (ON-5181)တို့၏ ရေယာဉ်မှတ်ပုံတင် ဂရန်များမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ဆက်သွယ်ပေးပါ။

ဖုန်း-၀၉ ၉၆၀၂၀၀၀၈၉

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/7755 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)


Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည်
License No(661)
သာကီနွယ်
Hot Line - 01-200952
ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
မတ်လနှင့်သင်္ကြန်နှစ်သစ်အထူးခရီးစဉ်များအား (၂)လပိုင်းနောက်ဆုံးစာရင်းပေးသွင်းပါက (၂၀၀၀၀)ကျပ် ထပ်မံလျှော့ထားပေးမည့်အပြင် (၁၀)ဦးလျှင်(၁)ဦးအခမဲ့
ဧပြီလထပ်ဆင့် Promotion ထွက်ခွါမည့်ရက် - ၁. ၄. ၂၀၁၈ (၉)သိန်း စရိုက်ငြိမ်း
15ရက် - Mar - 10,25 / Apr - 1,8 (၁၅)ရက် -- ၁၁.၂ သိန်း
12ရက် - Mar - 17,25 (၁၂)ရက် -- ၁၀.၂ သိန်း
8ရက် - Apr - 11 (၈)ရက် -- ၉.၂ သိန်း
ရန်ကုန် - အခန်းနံပါတ်(2Y)၊ ၂ လွှာ၊ ၁၂၃ လမ်းထောင့်၊ Shine Tower (Golden View Condo) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း - ၀၉- ၇၇၈၈၂၂၂၆၀
မန္တလေးဖုန်း - ၀၉ - ၇၇၈၈၂၂၂၅၀ / တောင်ကြီးဖုန်း - ၀၉ - ၇၇၈၈၂၂၂၄၀

နန်းထိုက်အောင်
အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
09 3128 2593
09 3128 2594
09 3128 2595

ROYAL SILVER BEACH GUEST HOUSE
သပိုင်းဝင်တန်ခိုးကြီးဆံတော်ရှင်မြတ် မော်တင်စွန်းဘုရားအားသွားရောက်ဖူးမြော်ချင်သူများအတွက် ငွေတောင်ကမ်းခြေရှိ "ROYAL SILVER BEACH GUEST HOUSE" သို့ဖိတ်ခေါ်ပါရစေ
AIR-CON ရေချိုးရေပူ SKY NET
" ကြိုတင် BOOKING လုပ်နိုင်ပါပြီ။ "
RESERVATION YANGON PH - 01-3656708, 01-3656709, 09-8635454, 01- 521877
RESERVATION GUEST HOUSE PH - 09- 8610238, 09- 8570233, 09- 403475491,09- 424112371

မန္တလာသား
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
Ph: 09-770639155, 09-770639166

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
09428773300
09428773355

Home
ပါကေး၊ အခင်း၊ ကြမ်းခင်း
SPECIAL PROMOTION
Floor 1 ကျင်း Grade A,B,C
Wall Covering 1 ကျင်း + PVC Skirting
09-79 700 70 70
09-79 700 70 80





ရှမ်းမင်းကြီး
TMR000849(0519)
သွေးဆေး
မြန်မာ့ဆေးစွမ်းကောင်း

■ ရေသန့်စက်ရောင်းမည် ■
ရေသန့် ၁နာရီလျှင် ၂၀ လီတာရေသန့်ဘူး ၂၀၀ခန့်ထွက်ရှိသော ရေသန့်စက်ရောင်းရန်ရှိသည်။ ၄၀၀၀ လီတာဆန့် Steel Tank (၃)လုံးပါသည်။
• ဆက်သွယ်ရန် •
Ph : 09263113311

မေရွှာမိုး

အာရှ၏အကြီးဆုံး ကျန်းမာရေးစောင့်ရှောက်မှု အုပ်စုကြီးဖြစ်သော အပိုလိုဆေးရုံ (နယူးဒေလီ) မှ အသည်း၊ ကျောက်ကပ်၊ နှလုံးရောဂါအထူးကု ဆရာဝန်ကြီးများနှင့်တွေ့ဆုံနိုင်ရန် ဖိတ်ကြားအပ်ပါတယ်။





အသည်းခွဲစိတ်အထူးကု ဆရာဝန်ကြီး Dr. Neerav Goyal
ကျောက်ကပ် ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Sandeep Guleria နှင့်
ကလေး နှလုံး ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr.Muthu Jothi တို့သည်
မန္တလေး နှင့် ရန်ကုန်မြို့သို့ လာရောက်မည်ဖြစ်ပါသည်။ စိတ်ဝင်စားသူများအနေဖြင့် ၁၅.၂.၂၀၁၈ မတိုင်မီ စာရင်းပေးသွင်းနိုင်ပါသည်။ လူဦးရေကန့်သတ်ချက်ရှိပါသည်။
Apollo Apollo Hospital
WeCare
ApolloHospitalMyanmar

မိုးညှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
10', 15', 16'
09 5024774
09 73179228
09 49155515
09 49225338

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

Topsyne® Herbal Cream
FDA ထောက်ခံချက်အမှတ် - 1309 PC 0021





Apple Production Co., Ltd : 09 428618081, 09 429316408

Taw Win Nan Htake Htar Travels & Tours
No.(1), 151st, Tamwe Township, Yangon.
Feb - 16,23,28
Mar - 23
Apr - 12,13,14
09- 4500 43394, 09-252630799, 09-787177990

DM TRAVELS
09-257103030,09-257103050

ကိုကျော်နိုင်
CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

Ever Clean Travel & Tour
(၄ည ၅ရက်) Feb- 28, Mar-23
(၄ည ၅ရက်) Feb- 28, Mar-23
(၄ည ၅ရက်) Feb- 28, Mar-23
(၄ည ၅ရက်) Feb- 28, Mar-23
(၄ည ၅ရက်) Feb- 28, Mar-23
(၃ည ၄ရက်) Feb-9, 28
(၃ည ၄ရက်) Feb- 28, Mar-23
09-33886666, 09-795185522

(22'×35')
09-254134225
09-250149183

"ရှေ့စည်"
09-73122029,09-795669534




TNC
GNC BRANDED
Junction City
Junction Mawtin
Citymart




သွေးသည်
အသက်

23




အောင်မြေ | ပညာအောင်မြေ
ပညာသင်ကျောင်း
ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်ဘော်ဒါ နှင့် နေ့တက်ဘော်ဒါ
၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် စည်းကမ်းလိုက်နာနိုင်ပြီး ထူးချွန်လိုသည့် ကျောင်းသား/သူများကို ကျောင်းအပ်လက်ခံပြီ...
09-25 222 9990, 09-25 222 9991, 09-25 222 9992, 09-25 222 9993

## ကြော်ငြာ


ဆရာ ဦးမောင်မောင်တိုး
B.Sc (Applied Maths), B.A (History)
ဝ၉၊၁၁၀ တန်း
မေ့(၃)လသင်ချိန်
2017 All D



ဒေါ်ဟန်နွယ်ဦး (LL.B)
ဟန်နွယ်
အဆင့်မြင့်ကျူရှင်
2017-All-D
ဝ၉၊၁၀၁၁တန်း



ဒေါက်တာဇော်ဦး
PhD(Chem) DFT (YU)
၁၀တန်း ဓာတုဗေဒ သင်ရိုးကုန်+မေးခွန်းဟောင်း (2 in 1)
Ph: 09 252 210 320

မပို ဦးစိုးသော
IMAGE
Hair & Beauty Spa
Double Promotion
PH: 09-73201063, 09-73201437, 09-5102089

N-WINNER Co.,Ltd
အိမ်၊ ခြံ၊ မြေ ၊ "တမြန်ရောင်းစည်"
Ph:09450073838,09783233356-57,09254418033

| | | | | |
|---|---|---|---|---|
| ၁။ ဗိုလ်တထောင်လမ်း | (30'x95') | | 5RC | 14000 L |
| ၂။ | (41'x100') | | 2RC | 7200 L |
| ၃။ VIP II | (58'x60') | L | | 5800 L |
| ၄။ | (60'x120') | | | 5000 L |
| ၅။ | (40'x60') | | 2BN | 3500 L |
| ၆။ | (25'x50') | | 1RC | 3000 L |
| ၇။ | (3384sqft) | | 1PT | 2700 L |
| ၈။ | (40'x60') | | 2PT | 2400 L |
| ၉။ Golden City Condo | (1238sqft) | 1M,1BR | | 3300L |
| ၁၀။ Condo | (1250sqft) | 1M,2BR | | 2500L |
| ၁၁။ Condo | (1976sqft) | 2M,1BR | | 1900L |
| ၁၂။ Condo | (1250sqft) | 1M,1BR | | 1450 L |

ရွှေမင်းသမီး အဆင့်မြင့်ခရီးသွားလုပ်ငန်း
ကယားပြည်နယ်၊ လွိုင်ကော်မြို့
Ph: 09-7777 36185, 09-260009505

အမျိုးတွေအတွက် "အိုးဝေ" ရဲ့ ပတ်လခရီးစဉ်များ
JAPAN
TOKYO - KYOTO - OSAKA
6N/9D
$2750
20-28 MARCH 2018
5N/7D
$1385
KOREA
SEOUL - JEJU - NAMI
23-29 MARCH 2018
Discount Deadline Date : 20 Feb 2018
Call Center 01 231 8939
09 43132193, 455311213 (24 Hrs)



ဆိုင်ခန်းငှားမည်
ဖုန်း-၀၉-၅၀၂၈၂၈၀၀၊ ၀၉-၄၃၀၃၃၆၆၆

မိုး
သတိပြု

ပေါ်ပြူလာဇော်ဝင်း Travel & Services
ဗုဒ္ဓဂယာခရီးစဉ်
မတ် - ၁၃
ဧပြီ - ၁၀
Ph: 01 2301866, 09-5129134, 09-795429379



BELLAY
Photo Studio & Wedding Dress
Pre-Wedding

HEIN
HIGH CLASS FLOORING
သစ်အစားထိုး ရေစိုခံ အရည်သွေးမြင့် ကြမ်းခင်း
BIG SALE
တစ်ကျင်း 125000 95000 အပြီးခင်း
Hotline : 09 777770175
: 09 777770176
No. 12, Marlar Myaing Street, Bauk Htaw, Yankin Township, Yangon.



KEMBANGAN
GROUP OF MEDICAL CENTRES
"နာကျင်မှုမရှိ နောက်ဆုံးပေါ် နည်းပညာ"
Buy-1 Get-1
10th - 28th Feb 2018
"အထိရောက်ဆုံး အမာရွတ်ဖျောက်လေဆာ"
Kembangan UHC Hospital Ph: 09 772 458 611 , 795 899 634
Kembangan Thuwunna Ph: 09 778 527 793-4


ရွှေပြည်သာမြို့နယ်၊ ၁၃ ရပ်ကွက် မြေဂရန်မြေလမ်း အမှတ် ၅၆၇ နှင့် ပတ်သက်၍ ၅.၂.၂၀၁၈ ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာပါ ကန့်ကွက်ကြောင်းကြေငြာချက်နှင့်ပတ်သက်၍ သက်ဆိုင်သူများသိရှိစေရန် ကန့်ကွက်ကြောင်းကြေငြာခြင်း

ရွှေပြည်သာမြို့နယ်၊ ၁၃ ရပ်ကွက် မြေဂရန်မြေလမ်း အမှတ် ၅၆၇ ... ဦးနိုင်လင်း၏ ... ကန့်ကွက်ကြောင်းကြေငြာအပ်ပါသည်။

ဦးနိုင်လင်း၏လွှဲအပ်ညွှန်ကြားချက်အရ

ဦးမြင့်သူရန်
အထက်တန်းရှေ့နေ (စဉ်-၄၄၁၅၄)
အမှတ်(၁၆၃)၊ ၄-လွှာ၊ ၃၈ လမ်း(အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၆၇၉၉၁၀၈၉၉၉၊ ၀၉ ၂၅၀၇၇၇၃၂

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၆၅)(က)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂၇-ဘီ)၊ မြေကွက်အမှတ်(၅၉/က)၊ ဧရိယာ ပေ(၂၅×၅၅)ရှိ မြေပိုင်မြေပေါ်တွင် ဆောက်လုပ်ထားသည့် ၂ခန်းတွဲ(၇)ထပ်တိုက်၏ အလျား(၁၂ ပေခွဲ×အနံပေ၅၀) (ယာဘက်ခြမ်း)၊ (B) တတိယထပ်၊ (၄လွှာ)တိုက်ခန်းနှင့် အကျိုးခံစားခွင့်များအားလုံးကို မြေရှင်အခန်းပိုင်ရှင် ဒေါ်စန်းစန်းနွဲ့[၁၂/ကတတ(နိုင်)၀၀၇၆၀၅]မှ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံ၍ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်းအထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာယဉ်(D.B.L,D.I.L,PGDL) ဦးမင်းအောင်ဝေ(LL.B,D.B.L, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၁၉၇၂၂) တရားလွှတ်တော်ရှေ့နေ(စဉ် -၁၃၃၃၈)**
**အမှတ်(၄၄)၊ (၄)လွှာ၊ သီရိလမ်း၊ စမ်းချောင်း၊**
**ဖုန်း-၀၉-၇၈၁၂၈၅၃၀၈၊ ၀၉-၂၆၂၄၈၉၇၅၂**

## Notice Under Myanmar Companies Act Section 208 E

**THE FIRST AUTOMOTIVE CO.,LTD.**
**(VOLUNTARILY WINDING UP)**
**Invitation to Final Meeting**

The Final Meeting of "The First Automotive Co.,Ltd" will be held on the following agenda-

Date : 9-3-2018
Time : 9:30am

Place: The office of Myanmar Economic Holdings Limited Liquidator's report and returns will be submitted at the Meeting. All Shareholders are invited to attend. Note: Final Meeting Date has been changed from previously announced 28th Feb 2018 to 9th March 2018.

**U Aye Cho & U Khin Maung Latt**
**Liquidator**

သွေးသည်အသက်

SKN
# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်

ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
Happy New Year Promotion အထူးအစီအစဉ် (1.1.2018 မှ 31.3.2018)
အတွင်း ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို အလေးချိန်ရွှေ (၁)ခု လက်ဆောင်ပေးသွားပါမည်။
အမှတ်(၁၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၀၀၀၊ ၅၃၉၅၁၂ ၅၂၃၈၀၈
PH: ၀၉-၄၄၃၀၀၂၆၉၄၊ ၀၉- ၂၅၄၂၀၈၀၀၂

## အောင်ကမ္ဘာ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံ မြေကွက်များ ဝယ်လိုသည်။ အိမ်အရောက်ငွေချေပေးသည်။ ပွဲခပေးရန်မလိုပါ။
Ph: 09-43118200, 09-450096144, 09-450096155

## အထူးလျှော့ဈေးဖြင့် အမြန်ရောင်းမည်
Mini-Condo တစ်ခန်းသာကျန်
တ/ဥ ပြဟ္မစိုရ်လမ်းသန့်၊ အသင့်နေ
ဖုန်း-၀၉-၇၈၈၆၃၀၃၁၄၊ ၀၉-၄၅၁၁၅၅၆၅၉

KN tech Engineering Group
Air-Con
Ph: 09-400788135
09-762276128

Panasonic
BUSINESS



Building Passion,
Building Solutions.



### Cassette
Panasonic Cassette type are suitable for commercial applications such as restaurants, hotels and offices. It has four vanes for 4-way direction airflow, thereby providing wide and even cooling.

### Ceiling
Panasonic ceiling types are suitable for shopping centers, restaurants and offices. These air conditioners offer installation flexibility thanks to its slim and light indoor unit.

### Hide-Away
Panasonic hide-away types are available in middle static pressure power. These air conditioners are suitable for applications in concealed or false ceilings such as business centers.

Yangon Showroom
G-15, Tower D, Pearl Condominium, Kabar Aye Pagoda Road, Bahan Township, Yangon. Tel: 01-8604657.

Mandalay Showroom
No.647, Corner of 36th and 78th Street, Mahar Aung Myae Township, Hay Ma Marlar North Quarter, Mandalay. Tel: 02-60488.

http://www.panasonic.com/mm/

## ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွှင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးအသားသင်
Essay, Letter, Grammer
Ph: 01-375970, 0951 72096, 09254541441

## ဒေါက်တာဒေါ်ဦး
PhD (Chem) DFT (YU)
Ph: 09-252210320, 09-457535822

## MBA
BBA . EMBA . PhD
- Master of Business Administration
- 18 Months (5 Semesters)
- 11 Subjects + 1 Project Paper
- Education Loan from CB BANK Available



START YOUR MBA JOURNEY TODAY
FROM AS LOW AS MMK320,000!
09952101011/ 09254045682 / 01667009
Official Offshore Campus of Asia e University, Malaysia. www.aeu.edu.my

ဦးနှင်းဦး(ထားဝယ်)
## ထိပ်တန်း
အခြေခံ စက်ပြင် ယာဉ်မောင်းသင်တန်း
Manual/Auto

## Summit ကိုယ်ပိုင်မူလတန်းကျောင်း
SP PS
အမှတ်(၉၁)အထက်ကြည့်မြင်တိုင်လမ်းမ၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

### ဝန်ထမ်းအလိုရှိသည်
(၂၀၁၈-၂၀၁၉)ပညာသင်နှစ်
❖ မူလတန်းပြဆရာမများ
- အသက် ၂၅ မှ ၄၀ နှစ်အတွင်း
- ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူ
- သင်ကြားရေးအတွေ့အကြုံနှင့် ဆရာမတစ်ဦး၌ ရှိရမည့် အရည်အချင်းအပေါ် မူတည်၍ ဘာသာရပ်ဆရာမ၊ တွဲဖက်ဆရာမ တာဝန်ပေးမည်ဖြစ်သည်။
- မိမိတို့၏ လက်ရှိဓါတ်ပုံ(၂)ပုံပူးတွဲပါ ကိုယ်ရေးရာဇဝင်၊ အရည်အချင်းအထောက်အထားမိတ္တူများနှင့် အတူ (၉-၃-၂၀၁၈)နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက် လျှောက်ထားရမည်ဖြစ်ပါသည်။

## အလက(၃) မိတ္ထီလာ၊ ယခင်မော်ဒန်ကျောင်း
## စတုတ္ထအကြိမ်မြောက်၊ အာစရိယပူဇော်ပွဲ နှိုးဆော်ဖိတ်ကြားလွှာ

မိတ္ထီလာမြို့၊ အလက(၃) ယခင်မော်ဒန်ကျောင်း ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂-၃-၂၀၁၈ရက်(သောကြာနေ့) နံနက်၉နာရီတွင် အလက(၃) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်တွင် အသက်(၆၀)ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဝမ်းမြောက်စွာ ကန်တော့ခံကြွရောက်ပါရန်နှင့်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံဖိတ်ကြားအပ်ပါသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများမှလည်း မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်း ဆေးဝါးများထည့်ဝင်လှူဒါန်းပါရန် နှိုးဆော်အပ်ပါသည်။

**ရောဝတီဘဏ် မိတ္ထီလာစာရင်းအမှတ်-၀၀၀၆၂၀၂၀၁၁၂၃၉၆၈၀**

| | | | | | |
|---|---|---|---|---|---|
| ဦးအောင်ကျော်မင်း | (ရန်ကုန်) | ၀၉-၅၁၁၅၉၄၀ | ဒေါ်ခိုင်ဇင်ဦး | (မိတ္ထီလာ) | ၀၉- ၄၀၂၆၈၄၉၂၁ |
| ဦးထွန်းဇော် | (ရန်ကုန်) | ၀၉- ၅၁၂၄၆၉၈ | ဦးမြင့်မောင် | (မိတ္ထီလာ) | ၀၉- ၄၄၈၅၇၃၈၉၉ |
| ဦးညွန့်ဇော် | (မန္တလေး) | ၀၉-၂၅၉၀၈၅၈၅၅ | ဒေါ်အေးမြစိုး | (မိတ္ထီလာ) | ၀၉-၂၅၆၁၉၂၈၉၀ |
| ဒေါ်မိုးခိုင်ဆွေ | (မိတ္ထီလာ) | ၀၉- ၄၀၂၆၈၄၇၇၁ | | | |

Japanese & English
(4 Skills)
(အိမ်လိုက်သင်သည်)
Speaking Class
(Sat & Sun)
09-974141806

## အမည်ပြောင်း

သာကေတမြို့နယ်နေ ဦးခင်မောင်ဆွေ [၁၄/ဒဒရ(နိုင်)၁၄၃၂၃၃]၏ သားဖြစ်သူ မောင်သော်လွင်ဦးအား ယနေ့မှစ၍ မောင်သူရဆွေဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သူရဆွေဟိန်း**

## ၂၀၁၈ ခုနှစ်၊ (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လိုသော လွတ်လပ်ရေးမော်ကွန်းဝင်များ လျှောက်လွှာပေးပို့နိုင်ရေး ကြော်ငြာခြင်း

နေပြည်တော်တွင် ၂၇-၃-၂၀၁၈ ရက်နေ့၌ကျင်းပပြုလုပ်မည့် (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လိုသော လွတ်လပ်ရေးမော်ကွန်းဝင်များသည် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ မော်ကွန်းဝင်အမှတ်၊ မော်ကွန်းဝင်အဆင့်၊ မော်ကွန်းဝင်ရရှိစဉ်ကနေရပ်လိပ်စာ၊ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ (ဆက်သွယ်နိုင်မည့် နေရပ်လိပ်စာ၊ ဖုန်းနံပါတ်ပူးတွဲဖော်ပြရန်)နှင့်အတူ နီးစပ်ရာတိုင်းစစ်ဌာနချုပ် (စစ်ဌေးဌာန)များသို့ ဆက်သွယ်၍ ၂၈-၂-၂၀၁၈ ရက်နေ့ ညနေ(၁၆း၀၀)နာရီ နောက်ဆုံးထား၍ လျှောက်လွှာများပေးပို့ရန် အကြောင်းကြားပါသည်။

**(၇၃)နှစ်မြောက်တပ်မတော်နေ့**
**ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးကော်မတီ**
**စစ်ရေးချုပ်ရုံး၊ နေပြည်တော်၊ ဖုန်းနံပါတ်-၀၃၆-၃၀၈၉၂၂ ၀၃၆-၃၀၈၉၃၃**



## ကျွမ်းကျင်စာရင်းကိုင်သင်တန်း အမှတ်စဉ်(၁၄)

အခြေခံ ဘောက်ချာတွဲခြင်း၊ စစ်ခြင်းမှ Financial Report ထုတ်နိုင်သည်အထိ Computerized Accounting System ဖြင့် လက်တွေ့လုပ်ငန်းခွင်အတိုင်းစာရင်းရေးဆွဲလေ့ကျင့်ခြင်း

တက်ရောက်နိုင်သူများ
- B.Com, B.Act, B.A(Eco) ,B.B.M, LCCI Level(II, III), D.A, CPA, CAT, ACCA တက်ရောက်ပြီးသူများ၊ တက်ရောက်ဆဲ စာရင်းအခြေခံ ရှိသူများ
- လုပ်ငန်းခွင်တွင် စာရင်းကိုင် အလုပ်ဖြင့် အသက်မွေးသူများ
- Final Account Full Set ဝန်စ်တကျရေးဆွဲတတ်လိုသူများ

FEB 18 | 8:00AM 12:00PM
သင်တန်းပြီးဆုံးပါက အလုပ်သင်အဖြစ် လုပ်ကိုင်နိုင်သည့်အခွင့်အရေးရရှိနိုင်ပါသည်။ 80,000 MMK

Institute of International Professionalism
အမှတ်(၇/က)၊ သိရိမင်္ဂလာလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
09 45040 7041~42


## ရန်ကုန်တွင် ခေတ်မီအိတ်ချိန်းစက်များ လဲလှယ်မည်ဖြစ်သဖြင့် အော်တိုတယ်လီဖုန်းနံပါတ်များအား ပြောင်းလဲမည်

မြန်မာဆက်သွယ်ရေး(MPT) အနေဖြင့် ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့်ခေတ်မီဝန်ဆောင်မှုများကိုပေးနိုင်ရန်အတွက် လက်ရှိအသုံးပြုနေသော အော်တိုတယ်လီဖုန်းနံပါတ်များကိုဂဏန်း (၇)လုံးပါရှိသည့် အော်တိုတယ်လီဖုန်းနံပါတ်အသစ်များဖြင့် ပြောင်းလဲတပ်ဆင်ပေးသွားမည်ဖြစ်ပါသည်။ ရန်ကုန်အနောက်ပိုင်းခရိုင်၊ အလုံအိတ်ချိန်းနယ်မြေရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှင့် တိုင်းဒေသကြီးလွှတ်တော်ရုံးတို့တွင် အသုံးပြုလျက်ရှိသော တယ်လီဖုန်းများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲတပ်ဆင်မည်ဖြစ်ပါသဖြင့် အော်တိုတယ်လီဖုန်းနံပါတ်များလည်း အောက်ပါအတိုင်း ပြောင်းလဲသွားမည်ဖြစ်ပါသည်။

| အိတ်ချိန်း | နယ်မြေ | လက်ရှိအသုံးပြုနေသော ဖုန်းနံပါတ် | အသစ်ပြောင်းလဲမည့် ဖုန်းနံပါတ် |
|---|---|---|---|
| အလုံအိတ်ချိန်း | ရန်ကုန်အနောက်ပိုင်းခရိုင် | ၀၁-၂၁၁*** | ၀၁-၈၂၁၁*** |
| | | ၀၁-၂၂၁*** | ၀၁-၈၂၂၁*** |
| | | ၀၁-၂၂၂*** | ၀၁-၈၂၂၂*** |
| | | ၀၁-၂၂၇*** | ၀၁-၈၂၂၇*** |
| | | ၀၁-၂၃၀၀*** | ၀၁-၈၃၀၀*** |
| | | ၀၁-၂၃၀၁*** | ၀၁-၈၃၀၁*** |
| | | ၀၁-၂၃၀၂*** | ၀၁-၈၃၀၂*** |
| | | ၀၁-၂၃၀၄*** | ၀၁-၈၃၀၄*** |
| | | ၀၁-၂၃၀၅*** | ၀၁-၈၃၀၅*** |
| | | ၀၁-၂၃၀၆*** | ၀၁-၈၃၀၆*** |
| | | ၀၁-၂၃၀၇*** | ၀၁-၈၃၀၇*** |
| | | ၀၁-၂၃၂၃*** | ၀၁-၈၃၂၃*** |

အဆိုပါနံပါတ်အဟောင်းမှနံပါတ်အသစ်သို့ပြောင်းလဲစဉ်ကာလအတွင်းတွင်မြန်မာဆက်သွယ်ရေးလုပ်ငန်း MPTမှမိမိတို့၏ဝန်ဆောင်မှုကို အသုံးပြုနေသူများအနေဖြင့် ဆက်သွယ်မှုအဆင်ပြေစေရန် Call Forward ဝန်ဆောင်မှုကို ၂၀၁၈ ခုနှစ် ဩဂုတ်လအကုန်အထိ အခမဲ့ပေးထားမည်ဖြစ်ပြီး သုံးစွဲသူများသည် နံပါတ်အသစ်သို့ပြောင်းလဲနေစဉ်ကာလအတွင်းတွင် လက်ရှိနံပါတ် သို့မဟုတ် နံပါတ်အသစ်သို့ ခေါ်ဆိုနိုင် မည်ဖြစ်ပါသည်။

**မြန်မာဆက်သွယ်ရေးလုပ်ငန်း**




# 1000 သိန်းခန့်ရှိရုံဖြင့်

ပြည်လမ်းမမှ ခြေလှမ်း (၄၀၀) ခန့်သာကွာပြီး
မြေ (၂) ကွက်ပေါ်ဆောက်ထားသော
စမ်းချောင်းလမ်းပေါ်ရှိ အဆင့်မြင့်ကွန်ဒိုကြီး
1056 Sq-ft Car Parking ပါ
1MBR, 1BR ကို ဝယ်နေနိုင်ပြီ

**80%**
ဆောက်ပြီး
**Nov 2018**
**Key အပ်**



2020 ခုနှစ်တွင် သိန်း 2700 ဖြစ်မည့်ကွန်ဒိုကို သိန်း 2000 ခန့်ဖြင့်ရောင်းမည်


## သိန်း 2700 မဖြစ်လျှင် ငွေပြန်အမ်းမည်

**1000** သိန်းကို (၁၀) လပေးပြီးလျှင် သော့အပ်မည်

ကျန် **1000** သိန်းကို (၁၅) နှစ် **Home Loan** ဖြင့်ငွေချေနိုင်သည်

(၂) ရက်တည်းသာရောင်းမည် 17, 18 Feb 2018 နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ
၁၀၄၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်တွင် ရောင်းချသွားမည်ဖြစ်ပါသည် 01-2304833 09-31939999

ရန်ကုန်မြို့ပြ တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀/- နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်




■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊ သီရိရတနာ လက်လီ လက္ကားဈေး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀) ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိန်ကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်ဇုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ Pile-Foundation ၊ ခေတ်မီ Post-Tensioned စနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၇) ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄) စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊ Fitness Center,SPA, Convenience Store, လူဦးရေ (၃၀၀) ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်း တည်ဆောက် ထားပါသည်။



■ (၃) ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင် သာယာလှပသော ပန်းခြံ ဥယျာဉ်၊ ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.

အမှတ် (၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133

# Myanmar National Symphony Orchestra Concerts 2018 ဖျော်ဖြေပွဲ ကျင်းပ

**ရန်ကုန်  ဖေဖော်ဝါရီ  ၉**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ Mr. YUNOSUKE YAMAMOTO (Conductor & Composer) ဦးဆောင်သော ဂီတအနုပညာရှင်အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် Myanmar National Symphony Orchestra Concerts 2018 ဖျော်ဖြေပွဲကို ယနေ့ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အဆိုပါဖျော်ဖြေပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး ဒေါ်ခင်မိမိကြွယ်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟံထူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဂီတပညာရှင်များနှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**




**Myanmar National Symphony Orchestra Concerts 2018 ဖျော်ဖြေပွဲ ရန်ကုန်မြို့၌ ကျင်းပစဉ်။**




## ၂၀၁၈ အာရှ တာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန်  ဖေဖော်ဝါရီ  ၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၈ အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲဒုတိယနေ့တွင် အာရှတာဝေး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများအပြင် မသန်စွမ်းစက်ဘီးပြိုင်ပွဲများကိုလည်း စတင်ကျင်းပခဲ့သည်။ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် Jumi Lee(တောင်ကိုရီးယား)က ပထမ၊ Ting Ying Huang (တရုတ်တိုင်ပေ)က ဒုတိယ၊ Karami(ဂျပန်)က တတိယ၊ အသက်(၂၃) နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် Hang Shi (တရုတ်)က ပထမ၊ Ka Hoo Fung(ဟောင်ကောင်)က ဒုတိယ၊ Matsuda(ဂျပန်)က တတိယ၊ အမျိုးသမီးပြိုင်ပွဲတွင် Zixin Liu(တရုတ်)က ပထမ၊ Wing Yee Leung (ဟောင်ကောင်)က ဒုတိယ၊ Mohamad Zubir(မလေးရှား)က တတိယ၊ အမျိုးသမီးသက်ကြီးတန်းပြိုင်ပွဲတွင် Siviang Heng (ကမ္ဘောဒီးယား)က ပထမတို့ရရှိခဲ့သည်။ အမျိုးသားသက်ကြီးတန်းပြိုင်ပွဲများအဖြစ် အတန်းလေးတန်းထည့်သွင်းကျင်းပခဲ့ပြီး ယူ-၂၃ ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် စက်ဘီးကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ဆုတံဆိပ်ရယူနိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။ ထို့အပြင် မသန်စွမ်းပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဆုရကစားသမားများအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အာရှစက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Onkar Sigh၊ အာရှစက်ဘီးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ ပြိုင်ပွဲတတိယနေ့ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ကိုကိုစိုးညွန့်**






# ရခိုင်ရိုးရာ မင်္ဂလာဆောင်ပွဲဓလေ့

**မာန်သစ်ငြိမ်း**
**(ရှေးဟောင်းသုတေသန)**


ဓာတ်ပုံ- hiveminer.com

ရခိုင်တိုင်းရင်းသားလူမျိုးများသည် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်လေ့ရှိကြရာ ရခိုင်ရိုးရာမင်္ဂလာဆောင်အခမ်းအနားကိုလည်း ယနေ့အချိန်ထိ ထိန်းသိမ်းကျင့်သုံးလျက်ရှိကြပေသည်။ သမက်က ယောက္ခမအိမ်သို့ လိုက်ပါနေထိုင်သောကြောင့် ရခိုင်ရိုးရာမင်္ဂလာဆောင်အပြီးတွင် ရခိုင်တို့က "သမက်တက်ပွဲ"ဟု ခေါ်ကြသည်။

မင်္ဂလာဆောင်ကျင်းပရန် သတို့သား၊ သတို့သမီး ရွေးချယ်ခြင်း၊ အချိန်ကာလရွေးချယ်သတ်မှတ်ခြင်းတို့ကိုလည်း အစဉ်အလာအတိုင်း ပြုလုပ်ကြပေသည်။ ရခိုင်လူပျို၊ အပျိုတို့ အရွယ်ရောက်လျှင် အိမ်ထောင်ဖက်ကို အများအားဖြင့် မိဘတို့က ရွေးချယ်ပေးလေ့ရှိသည်။ သားရှင်မိဘများက ချွေးမလောင်းရွေးချယ်ပြီး သမီးရှင်မိဘများနှင့် ဆွေးနွေးကာ စေ့စပ်ကြောင်းလမ်းကြသည်။ စေ့စပ်ကြောင်းလမ်းရာတွင် အသွင်းဖိုးကို ညှိနှိုင်းပြီး ရွှေ၊ ငွေ၊ လယ်ယာ စသည်တို့ကို သားရှင်မိဘများက ပေးရသည်။ စေ့စပ်ကြောင်းလမ်းပွဲကို သမီးရှင် မိဘများအိမ်၌ ကျင်းပပြီး ယောက်ျားလေးဘက်မှ ခေါ်ထားသော ဗေဒင်ဆရာ နှစ်ဦးတို့က ဇာတာချင်းယှဉ်၍ နေ့သင့်နံသင့်ပါက ယောက်ျားလေးဘက်မှ အသွင်းဖိုးပေးကာ စေ့စပ်ကြောင်းလမ်းကြသည်။

မင်္ဂလာမဆောင်မီ တစ်ရက်အလိုတွင် လက်ဖက်ထုပ်၊ ကွမ်းယာများနှင့် မင်္ဂလာဆောင် ဖိတ်ကြားကြသည်။ ထိုနေ့တွင်ပင် ငယ်လင်ငယ်မယား အညွန့်ရှိသော အမျိုးသမီးတစ်ဦးက သတို့သားအိမ်မှဆန်ကို သတို့သမီးအိမ်သို့ ပို့ပေးရသည်။ ဆန်မှာလည်း နို့ဆီဘူး နှစ်ဘူး၊ လေးဘူး စသည်ဖြင့် စုံဂဏန်းဖြစ်ရသည်။ မင်္ဂလာဆောင်မည့် နံနက်အရုဏ်တက်အချိန် သတို့သမီးအိမ်၌ပင် မင်္ဂလာမြောက်သည်ဆိုရာ၌ ဘုန်းကြီးဆွမ်းကပ်ပြီး မင်္ဂလာတရားနာခြင်း၊ ဘိုးဘွား၊ လူကြီးမိဘများအား ကန်တော့ခြင်း၊ မင်္ဂလာအခမ်းအနားကျွမ်းကျင်သူက နံ့သာရည်ဖြင့် သတို့သားက သတို့သမီးအား ပက်ဖျန်းခြင်းပင်ဖြစ်သည်။

သတို့သမီး၏အိမ်တွင် မင်္ဂလာလက်ဆုံထမင်းပွဲအတွက် အညွန့်ရှိသူ အမျိုးသမီးက သတို့သားအိမ်က လာပို့သောဆန်နှင့် သတို့သမီးအိမ်မှ ဆန်များကိုရော၍ ချက်ရသည်။ ထိုထမင်းနှင့် ကောက်ညှင်းထမင်းကိုရော၍ မင်္ဂလာထမင်းပြင်ရသည်။ ကောက်ညှင်းကဲ့သို့ မကွဲမကွာစေးကပ်၍ တစ်သက်လုံး မခွဲမခွာပေါင်းသင်းနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ မင်္ဂလာလက်ဆုံ ထမင်းပွဲတွင် ငကံသား(အကြေးရှိသောငါး)ကို ကံကောင်းစေရန် ရည်ရွယ်၍လည်းကောင်း၊ ကြက်သား၊ ဘဲဥ၊ ပုစွန်၊ မျောက်ဥ၊ ရွှေဖရုံသီးဟင်းတို့ကို ချမ်းသာကြွယ်ဝစေရန်၊ သားသမီးရတနာထွန်းကားစေရန် ရည်ရွယ်၍လည်းကောင်း ထည့်သွင်းရသည်။ ကြက်တွင် အူစုံ၊ အသည်းစုံ ပါရပေသည်။ ပုစွန်တုပ်တွင် နှုတ်ခမ်းမွေးများပင် မပြတ်စေရ အင်္ဂါစုံရပေသည်။ အကျိုးအပဲ့ အနာအဆာများ မပါရအောင် ဂရုစိုက်၍ ပြင်ဆင်ရသည်။ ငါးတွင်လည်း အကြေးမကွာရ၊ ဆူးတောင်များ မကျိုးစေရအောင်(အင်္ဂါစုံအောင်) ပြင်ဆင်ရသည်။ မင်္ဂလာပန်းကန်ပေါ်တွင် ကောက်ညှင်းထမင်း၊ ပုစွန်တုပ်အကြီး နှစ်ကောင်၊ ငှက်ပျောသီး နှစ်လုံး၊ ဘဲဥနှစ်လုံး တင်ထားရသည်။ မင်္ဂလာလင်ပန်းတစ်ချပ်ပေါ်တွင် ပရိတ်ချည်ပတ်ထားသော မြေ (သို့မဟုတ်)ကြေးရေစင်အိုး နှစ်လုံးတွင် သပြေညွန့်ကိုတည်၍ နေ့နံသင့်သော ပန်းညွန့်နှင့် ပေဖူးလွှာခေါ် အခါစာကို ထိုးစိုက်ထားရသည်။ အခါစာဆိုသည်မှာ သတို့သားဘက်မှ ဗေဒင်ဆရာက နေ့နံသင့်တွက်ချက်၍ သတို့သမီးနှင့် မိတ်ဖက်ဖြစ်သော မည်သည့်ပန်းကို ပန်ဆင်ရမည်၊ ရေစင်အိုးတွင် မည်သည့်ပန်းစိုက်ရမည်ဟု ရေးထိုးထားသော စာပင်ဖြစ်သည်။


ဓာတ်ပုံ - အင်တာနက်

လက်ထပ်ပွဲကျင်းပမည့်နေ့လယ်ပိုင်းတွင် သတို့သမီးအိမ်သို့ သတို့သမီး၏အဖော် အပျိုများသည် ဝတ်ကောင်းစားလှဝတ်ဆင်၍ လက်ဖွဲ့များ သွားရောက်ပေးလေ့ရှိသည်။ ထိုသို့သွားရောက်၍ လက်ဆောင်များပေးကမ်းခြင်းနှင့်

အထူးကဏ္ဍ [ ခ ] သို့ »»



ဓာတ်ပုံ- Flickr.com

အထူးကဏ္ဍ [ က ] မှ »»
သတို့သမီးအား ၎င်း၏အဖော်အဖြစ် စောင့်ရှောက်ခြင်းကို သမီးစောင့်သည်ဟု ခေါ်ဆိုကြသည်။ သမီးစောင့်ပွဲသည် သတို့သမီးဘက်မှ ပြုလုပ်ရသော သတို့သမီး၏ ဧည့်ခံပွဲပင်ဖြစ်သည်။ အပျိုများပြန်သွားပြီးနောက် ညနေခင်းတွင် မင်္ဂလာပွဲကို ဆက်လက်ကျင်းပသည်။ ဖိတ်ကြားထားသော ဧည့်ပရိသတ်များက မိမိတို့နှင့် ရင်းနှီးသည့်ဘက်သို့ သွားကြသည်။ မင်္ဂလာအချိန် ကျရောက်သောအခါ သတို့သားနှင့် ၎င်း၏ပရိသတ်များက သတို့သမီး၏ အိမ်သို့ စီတန်း၍သွားကြသည်။ သမက်ရှင် (သတို့သား)သည် သမီးရှင်(သတို့သမီး)အိမ်သို့ တက်ရသဖြင့် မင်္ဂလာပွဲကို သမက်တက်ပွဲဟု ခေါ်သည်။

သတို့သမီးအိမ်သို့သွားရာတွင် သတို့သားနှင့် ၎င်း၏ပရိသတ်သည် နဂါးခေါင်းလှည့်နှင့် ရင်မဆိုင်ရအောင် ဗေဒင်တွက်ထားသည့် အတိုင်း လှည့်လည်၍ သွားရသည်။ သျှောင်ထမ်းသူ၊ သေတ္တာထမ်းသူ (သတို့သား၏ ဖခင်နှင့် အရပ်လူကြီးများ)၊ ရေစင်အိုးထမ်းသူ၊ အညွန့်အုပ်ကိုင်သူ (သတို့သား မိခင်နှင့် အမျိုးသမီးကြီးများ၊ သတို့သား၏ မိတ်ဆွေများ)က တန်းစီ၍ လိုက်ပါကြသည်။ လူပျိုရံက ဓားကို ထမ်း၍ သတို့သား၏ဘေးမှ လိုက်ပါလာသည်။ ရခိုင်ရိုးရာစည်တော်သမားများကလည်း စည်တော်တီး၍ လိုက်ပါကြသည်။

သတို့သမီးအိမ်သို့ ရောက်သောအခါ သတို့သားသည် ချက်ချင်းအိမ်ပေါ်သို့ တက်ခွင့်မရဘဲ မဏ္ဍပ်တွင်း၌ ရပ်တန့်နေသည်။ ပထမဦးစွာ သတို့သမီးဘက်မှ အညွန့်ရှိသူ အမျိုးသမီးက အိမ်ရှေ့လှေကားရင်းသို့ ဆင်းလာပြီး သတို့သားဘက်မှ ယူဆောင်လာသော အညွန့်အုပ်ကို လှမ်းယူရသည်။ ထိုအညွန့်အုပ်ကို မင်္ဂလာမြှောက်ရန် သတို့သမီးရှေ့ရှိ မင်္ဂလာစားပွဲပေါ်တွင် တင်ထားရသည်။ ထိုစားပွဲပေါ်တွင် မင်္ဂလာထမင်းပန်းကန်နှင့် ရွှေဖရုံသီးဟင်း၊ ငကံသားဟင်း စသည့် ဟင်းခွက် ငါးခွက်တင်သည်။ စပါးစေ့များကြဲ၍ ငွေဒင်္ဂါးနှစ်ပြား တင်ထားသည်။

အညွန့်အုပ်မှာ ငါးအုပ်၊ ကိုးအုပ် စသည်ဖြင့် ဆင်းရဲချမ်းသာအလိုက် ပါရှိတတ်သည်။ အညွန့်အုပ်များ၏ အရေအတွက်မှာ မဂဏန်းသာ ဖြစ်ရသည်။ ပထမအညွန့်အုပ်ထိန်းသူ အမျိုးသမီးက ပဒေးညွန့်နှစ်ညွန့်၊ မျောက်ညွန့်နှစ်ညွန့်၊ စံပယ်ကုံးနှစ်ကုံး၊ ဒေါင့်တလိပ်ပန်းနှစ်ကုံးတို့ကို သတို့သမီးအား ပန်ဆင်ပြီးမှ အခြားပန်းများကို တစ်စုံကျစီ ပန်ဆင်ပေးသည်။ ထိုသို့ မပန်ဆင်မီ သတို့သမီးဆောင်းထားသော သျှောင်မျက်နှာဖုံးကိုဖွင့်ရန် အတွက် မျက်နှာဖုံးဖွင့်ကြေးပေးရသည်။

သတို့သမီးအား ပန်းဆင်ပြီးနောက် အညွန့်အုပ်ထိန်းသူ အမျိုးသမီးများ စုံညီစွာ ဆင်းလာပြီးမှ သတို့သားသည် မင်္ဂလာဆောင်ရန် အိမ်ပေါ်သို့ တက်ခွင့်ရသည်။ လှေကားရင်းတွင် သတို့သမီး၏ညီမက သတို့သားခြေကို ရေနှင့်လောင်း၍ ခြေဆေးခတောင်းလျှင် ငွေပေးပြီးမှ သတို့သားသည် ကိုယ်ရံတော်နှစ်ဦးနှင့်အတူ သတို့သမီး၏ လက်ယာဘက်တွင် ထိုင်ရသည်။ မင်္ဂလာ လက်ထပ်ထိမ်းမြားပွဲကို စတင်သောအခါ အညွန့်ရှိသူ အမျိုးသမီးက ချည်ခင်ကိုကိုင်ပြီး သတို့သားနှင့် သတို့သမီး လက်ကို သုံးပတ်၊ ငါးပတ်၊ ခုနစ်ပတ် စသည်ဖြင့် ပတ်ရသည်။ ရေစင်အိုးနှစ်လုံး၊ သတို့သား၏ အိပ်ရာလိပ်နှင့် သေတ္တာတို့အပြင် မင်္ဂလာထမင်းပွဲကို ချည်ခင်ဖြင့် ရစ်ပတ်သည်။ ထိုသို့ပြုလုပ်သည်ကို မြားသည်ဟုခေါ်သည်။ ထို့နောက် မင်္ဂလာထမင်းကို လက်ဆုံစားကြရသည်။

မင်္ဂလာလက်ဆုံစားရာတွင် သတို့သား၏ ဖခင်က သတို့သမီးနှင့် မျက်နှာချင်းဆိုင်ထိုင်၍လည်းကောင်း၊ သတို့သမီး၏ ဖခင်က သတို့သားနှင့် မျက်နှာချင်းဆိုင်ထိုင်၍လည်းကောင်း ထမင်းထုပ်ခံရန် ပဝါဖြူများ ဖြန့်ထားရသည်။ သတို့သားနှင့် သတို့သမီးတို့သည် မင်္ဂလာထမင်းပွဲတွင်ရှိသော ထမင်းကို

**မင်္ဂလာအချိန် ကျရောက်သောအခါ သတို့သားနှင့် ၎င်း၏ ပရိသတ်များက သတို့သမီး၏ အိမ်သို့ စီတန်း၍သွားကြသည်။ သမက်ရှင် (သတို့သား)သည် သမီးရှင်(သတို့သမီး)အိမ်သို့ တက်ရသဖြင့် မင်္ဂလာပွဲကို သမက်တက်ပွဲဟု ခေါ်သည်။**

တစ်ဆုပ်ချင်းဆုပ်ပြီး ဖခင်များ၏ ပဝါဖြူထဲသို့ ထည့်ရသည်။ ထမင်းခုနစ်ဆုပ်ထည့်ပြီးလျှင် ဖခင်များက လက်ဖွဲ့ငွေ ပေးကမ်းကြသည်။ တစ်ဖန် မိခင်များကိုလည်း ထိုနည်းအတူ ထမင်းဆုပ်ခုနစ်ဆုပ် ထည့်ရသည်။ ထို့နောက် သတို့သားနှင့် သတို့သမီး တစ်ဦးနှင့်တစ်ဦး ထမင်းခုနစ်ဆုပ်စီပေး၍ စားသောက်ကာ ရေဖလားတွင် အတူလက်ဆေးကြရသည်။ ထို့နောက် အညွန့်ရှိပြီး ဂုဏ်သရေရှိသော ဇနီးမောင်နှံတို့က သတို့သားနှင့် သတို့သမီးတို့၏ ညာလက်များကိုယူပြီး လက်ထပ်ပေးသည်။ ရေစင်များသွန်းလောင်းပြီး မင်္ဂလာရှိသော စကားများ၊ မင်္ဂလာရတုများကို ရွတ်ဆို၍ ထိမ်းမြားပေးလိုက်သည်။

ထိုသို့ မင်္ဂလာဆောင်ပြီးနောက် ဧည့်သည်များသည် သတို့သားနှင့် သတို့သမီးတို့၏ ရှေ့တွင်ရှိသော ငွေဖလားနှစ်လုံးထဲသို့လက်ဖွဲ့များ ထည့်ကြသည်။ လက်ဖွဲ့ကို သတို့သားနှင့် သတို့သမီးက လက်အုပ်ချီ၍ ခံယူရသည်။ လက်ဖွဲ့ပြီးနောက် သတို့သားသည် သတို့သမီးဆောင်းထားသော သျှောင်ကိုယူ၍ မင်္ဂလာစားပွဲပေါ်တွင် ချထားရပြီး မိမိ၏သျှောင်ကို သတို့သမီး၏ ခေါင်းပေါ်တွင် ဆောင်းပေးရသည်။ သျှောင်တင်သျှောင်ချသည့်အခါ သတို့သမီးက သတို့သားကိုရှိခိုးရပြီး သျှောင်တင်သျှောင်ချခအဖြစ် သတို့သားက ငွေပေးရသည်။ လက်ဖွဲ့ငွေများကို သတို့သား၊ သတို့သမီးအား ပေးအပ်သောအခါ သတို့သမီးက ရှိခိုး၍ယူရသည်။



ဓာတ်ပုံ- hiveminer.com

မင်္ဂလာအခမ်းအနား ပြီးသောအခါ သတို့သားသည် မင်္ဂလာအခမ်းအနားမှ ထွက်ခွာသွားခွင့်ရရန်အတွက် သတို့သမီးဘက်မှ သတို့သား၏လူပျိုရံများအား ငွေပေးရသည်။ ထို့နောက် သတို့သားသည် မိတ်ဆွေ သူငယ်ချင်းများအား ကျွေးမွေးဧည့်ခံရန် မိမိအိမ်သို့ ပြန်ရသည်။ သို့ရာတွင် အိမ်ပေါ်မတက်ရဘဲ မဏ္ဍပ်ထဲတွင်သာ နေရသည်။ မိဘအိမ်သို့ မဝင်ရဟူသော စည်းကမ်းချက်မှာ မလိုက်နာလျှင် မဖြစ်သော စည်းကမ်းတစ်ခုဖြစ်သည်။ ဧည့်ခံပွဲပြီး၍ ညပိုင်းတွင် သတို့သားအား မိတ်ဆွေသူငယ်ချင်းများက သတို့သမီးအိမ်သို့ လိုက်ပို့ကြသည်။ သတို့သားမိတ်ဆွေ သူငယ်ချင်းများက သတို့သမီး မိဘများထံ သတို့သားကိုအပ်၍ ပြန်သွားကြသည်။ မင်္ဂလာဆောင်ပြီး သုံးရက်(သို့မဟုတ်) ငါးရက် (သို့မဟုတ်) ခုနစ်ရက်အကြာတွင် အိမ်ပြန်လည်သွားလေ့ရှိပေသည်။ လူကြီးမိဘ၊ ဆွေမျိုးသားချင်းများအား ကန်တော့သည့်နေ့ဟု သတ်မှတ်ကြသည်။

ယခုအခါတွင် ထိုကဲ့သို့ ရိုးရာမင်္ဂလာ အခမ်းအနားများကို ကျင်းပပြုလုပ်မှု နည်းပါးသွားပြီဟု ဆိုနိုင်ပေသည်။ သို့သော်လည်း ရခိုင်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအား တိမ်ကောပပျောက်မသွားစေဘဲ နောင်လာနောက်သားတို့၏ လက်ဆင့်ကမ်းအမွေအနှစ်တစ်ရပ်အဖြစ် အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်နိုင်စိမ့်သောငှာ ဤဆောင်းပါးအား ရေးသားဖော်ပြလိုက်ခြင်း ဖြစ်ပါတော့သည်။

**ကိုးကားချက်**

**ယဉ်ကျေးမှုအထူးထုတ်မဂ္ဂဇင်း**



ဓာတ်ပုံ- hiveminer.com

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

# ရခိုင်တိုင်းရင်း ဟင်းလျာများ

**ဆင်ခရမ်းသီးကြက်သောက်ဆမ်း၊ ငါးပိထောင်း၊ ငါးနီတူသုပ်နှင့် ပုစွန်ရခိုင်ချက်ဟင်း**

ကိုယ်တွေနဲ့အင်မတန်ခင်တဲ့ ရခိုင်မိတ်ဆွေတစ်ဦးက နေ့လယ်စာစားဖို့ ဖိတ်ထားလို့ သူ့အိမ်ကို နံနက် ၁၀ နာရီလောက်သွားတော့ "စောလှချည့်လား၊ ဘာမှတောင် မချက်ရသေးဘူး"လို့ ဆီးပြောပါတယ်။ ချက်တာပြုတ်တာ ကြည့်ချင်လို့ပါလို့ ရှင်းပြတော့ သူငယ်ချင်းက တဟားဟားနဲ့ အော်ရယ်ပြီး "ငါတို့ ရခိုင်ဟင်းက ချက်ရတာ မြန်ပါတယ်၊ နင်တို့ ပူပူနွေးနွေးစားရတာပေါ့"လို့ပြောပြီး တစ်ဆက်တည်းပဲ ဈေးခြင်းတောင်းကြီးဆွဲကာ မီးဖိုထဲမှာ ဇယ်ဆက်သလို့ တရစပ် ချက်ပါတော့တယ်။

ဈေးကအသင့်ခုတ်ပြီးယူလာတဲ့ ဗမာကြက်သားအတုံးလေးတွေကို ရေဆေးပြီး ဇလုံတစ်လုံးမှာ ဆား၊ နံနွင်းအပြင် ပုစွန်ငါးပိ နည်းနည်း ထည့်နယ်ပြီး နှပ်ထားပါတယ်။ ကြက်သွန်ဖြူ နီနဲ့ ငရုတ်သီးစိမ်း သုံးလေးတောင့်ကို တဂျမ်းဂျမ်းနဲ့ထောင်းပြီး နယ်ထားတဲ့ ကြက်သားဇလုံထဲ ပုံလိုက်ပါတယ်။ မီးဖိုပေါ်အိုးတင်၊ ဆားနယ်ထားတဲ့ ကြက်သားတွေ လောင်းထည့်၊ ဆီပါလေကာဆမ်း၊ ဇလုံကျင်းရေလောင်းထည့်ပြီး ချက်လိုက်ပုံက တကယ့်ကိုမြန်တာပါ။

ဟင်းအိုးကို ဖိုပေါ်တင်ထားတုန်း စိမ်းဖန့်ဖန့်အရောင် ဆင်ခရမ်းသီး သုံးလုံးလောက်ကို အခွံခွာရေဆေးပြီး အကွင်းလိုက်လှီးနေပါတယ်။ ဟင်းအိုးတဖျစ်ဖျစ်နဲ့ မြည်လာပြီး ဆီပြန်သံကြားတော့ စလောင်းဖုံးကို လှပ်၊ လှီးထားတဲ့ ဆင်ခရမ်းသီးတွေအုပ်ပြီး ဟင်းအိုးကို မွှေပါတော့တယ်။ ပြီးမှ ခွက်ဘူးထဲက ရေနွေးကို ဟင်းတုံးတွေအပေါ် လက်သုံးလုံးလောက်မြုပ်အောင်လောင်းထည့်ပြီး ဆက်တည်ထားပါတယ်။

ဟင်းအိုးတည်ထားတုံးမှာ အညှာခြွေထားတဲ့ ကုလားအော်ငရုတ်သီးတောင့် လက်တစ်ဆုပ်လောက်နဲ့ ကြက်သွန်ဖြူအမွှာတွေကို ဒယ်အိုးအသေးလေးထဲ ရောထည့်ပြီး လှော်ပြန်ပါတယ်။ ကျက်လောက်တော့ ပန်းကန်တစ်ခုထဲလောင်းထည့်ကာ ခေါင်းခြွေပြီး သန့်စင်ထားတဲ့ ငါးနီတူလေးတွေကို ဆက်ပြီးလှော်ပါတယ်။ ငါးနီတူကျက်တော့ အသာဖယ်ပြီး ပုလင်းထဲက ပုစွန်ငါးပိ လက်တစ်ဆုပ်နှိုက်လို့ အဲသည်ဒယ်အိုးမှာ ကပ်ကာ မီးကင်ပါတယ်။

မီးဖိုပေါ်က ကြက်သောက်ဆမ်းအိုး ပွက်ပွက်ဆူတော့ အဖုံးလှပ်၊ အပေါ့အငန် မြည်းပြီး ဖိုပေါ်က ချလိုက်ပါတယ်။ ပြီးတော့ကာ ငရုတ်ဆုံထဲ ပုစွန်ခြောက်လောင်းထည့်ပြီး ထောင်းပါတော့တယ်။ ပုစွန်ခြောက်တွေ လေးစိတ်ကွဲလောက် ညက်တယ်ဆိုရင်ပဲ စောစောက လှော်ထားတဲ့ ကုလားအော်တောင့် ကြက်သွန်ဖြူနဲ့ ပုစွန်ငါးပိ မီးကင်ပါ ရောပြီး သမသွားအောင် ညက်ညက်ထောင်းပါတယ်။

ပြီးတော့ အခွံသင်ပြီးဆားနယ်ထားတဲ့ ပုစွန်ပဲနပြားတွေကို ငရုတ်ဆုံထဲက ထောင်းထားတဲ့ အရောကွမ်းသီး နှစ်လုံးစာလောက်နဲ့ ရောနယ်ပြီး ဒယ်အိုးထဲထည့် ဆီကလေးပါလေကာ ဖျန်း၊ မြေပုံသီး (ကိုင်းခရမ်းချဉ်သီး) သုံးလုံးလောက်ကို လက်ပေါ်မှာတင် ဖျစ်ထည့်ပြီး အဖုံးအုပ်ကာ တည်ပါတော့တယ်။ ဟင်းအိုး တစ်ပွက်၊ နှစ်ပွက် ဆူသံကြားလို့ အဖုံးဖွင့်လိုက်ရင်ပဲ ခရမ်းချဉ်သီးရောင်ရဲရဲ၊ ရေစပ်စပ်လေးနဲ့ တွေ့ရတဲ့ ပုစွန်ရခိုင်ချက်ကလေးက တကယ့်ကို သွားရည်ယိုစရာပါ။

ထမင်းပွဲပြင်ကြမယ်လို့ ဆော်ဩလိုက်တော့ လှော်ထားတဲ့ ငါးနီတူပန်းကန်ပြားထဲကို ငရုတ်ဆုံထဲက အရောတစ်ဝက်ကိုပုံ၊ ကြက်သွန်နီပါးပါးလှီးနဲ့ရောပြီး သံပရာသီးတစ်လုံးညှစ်ထည့်လို့ နယ်ထားတဲ့ ငါးနီတူသုပ်က အဆင်သင့်ဖြစ်နေပါပြီ။ ငရုတ်ဆုံထဲက လက်ကျန် ငါးပိထောင်းက တစ်ခွက်၊ ရခိုင်ပုစွန်ချက်နဲ့ အလယ်တည် ပန်းကန်နဲ့ထည့်ထားတဲ့ ဆင်ခရမ်းချဉ်သီးကြက်သောက်ဆမ်းပူပူ၊ ချဉ်ပေါင်ရေကျို၊ တို့စရာစုံစုံနဲ့ စားခဲ့ရတဲ့ အဲသည်နေ့က ထမင်းဝိုင်းကယနေ့တိုင်မမေ့နိုင်လို့ စာချီးရမလိုပါ။

ကြက်သောက်ဆမ်းက ဆင်ခရမ်းချဉ်သီးရဲ့ ချဉ်ဖြုံးဖြုံးအရသာနဲ့မို့ အရင်စားဖူးခဲ့တဲ့ ကြက်သောက်ဆမ်းအရသာတွေနဲ့ ကွဲပြားပြီး ထူးခြားပါတယ်။ ပုစွန်ပဲနပြားဆီလည်ရေလည်ချက်၊ ရှူးရှဲအရသာ ငါးနီသုပ်နဲ့ ချဉ်ငန်စပ်ရခိုင်ငါးပိထောင်း၊ ဟင်းလျာတွေအစပ်ပြေဖို့အတွက်ကိုတော့ ချဉ်ပေါင်ရေကျဲနဲ့ မျှောချရပါတယ်။ အဲသည်နေ့က ဒွေ့သည်တစ်သိုက် ထမင်းမြိန်ချက်ကတော့ ထမင်းအိုးလုံးပြောင်ပါတော့တယ်။

ရခိုင်တိုင်းရင်းဟင်းလျာများရဲ့ ပင်ကိုသဘာဝက ဆီအသုံးနည်းရတဲ့ အလေ့အထမို့ ကျန်းမာရေးနဲ့ ညီညွတ်တယ်လို့ ဆိုရမှာပါ။ တစ်ခါ ဟင်းအရသာမှာ အစပ်ကဲပြီး အချဉ်အရသာပါတွဲထားတာမို့ စားမိတယ်ဆိုရင်ပဲ ချဉ်ချဉ်စပ်စပ်မို့ လျှာကိုစွဲစေတာပါ။ ဒါ့ကြောင့် ရခိုင်ရိုးရာ စားသောက်ဖွယ်ရာများဖြစ်တဲ့ ရခိုင်မုန့်တီ၊ အသား၊ ငါး၊ ပင်လယ်စာ သောက်ဆမ်းဟင်းအမျိုးမျိုး၊ ကင်းမွန်၊ ရေခူ၊ ငါးနီတူ အစရှိတဲ့ ရခိုင်အသုပ်များဟာ နာမည်ကြီး ရခိုင်ရိုးရာဟင်းလျာများ ဖြစ်ပါကြောင်း။

**စံလွင် (ငါးဦးစီး)**



ဆင်ခရမ်းသီးကြက်သောက်ဆမ်း၊ ရခိုင်ငါးပိထောင်းနှင့် ပုစွန်ချက်



ငါးနီတူရခိုင်သုပ်



**အထူးကဏ္ဍ [ ဃ ] မှ »»**

ချင်းအမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် အားကစား ငါးမျိုးကိုလည်း ကျင်းပမည်ဖြစ်ပြီး ချင်းအမျိုးသားနေ့ကို ဖေဖော်ဝါရီ ၁၉ ရက် ညနေတွင် ဖွင့်ပွဲပြုလုပ်ကာ ၂၀ ရက် နံနက်တွင် မြို့ပေါ်လေးရပ်ကွက်ရှိ ပြည်သူများက စစ်ကြောင်းလေးကြောင်းဖြင့် ချီတက်ပြီး အခမ်းအနားကျင်းပသွားမည်ဖြစ်သည်။ ချင်းအမျိုးသားနေ့ပွဲတော်တွင် Stage Show၊ Fashion Show၊ ရိုးရာအကများဖြင့် ဖျော်ဖြေမည်ဖြစ်ပြီး ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့ပေါ်ဈေးဆိုင်များအားလုံး ဆိုင်ပိတ်ရန် ပွဲဖြစ်မြောက်ရေးကော်မတီက စာထွက်ထားကြောင်း ဒေသထုတ် Chinlan Heral စာစောင်တွင် ဖော်ပြချက်အရ သိရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖလမ်းမြို့၌ လူထုညီလာခံကျင်းပပြီး တိုက်သူကြီး(စော်ဘွား)များ အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရန် အဆိုပါညီလာခံတွင် ဆုံးဖြတ်ခဲ့ကြသည်။

၁၉၅၀ ပြည့်နှစ် အောက်တိုဘာ ၉ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသည့် သတ္တမအကြိမ်ချင်းရိုးရာကောင်စီညီလာခံတွင် ချင်းအမျိုးသားနေ့ သတ်မှတ်နိုင်ရေးအဆိုတင်သွင်းရာ တက်ရောက်လာကြသည့် အမတ်များ၏ဆန္ဒအရ ဖလမ်းမြို့၌ လူထုညီလာခံကျင်းပခဲ့သည့် ဖေဖော်ဝါရီ ၂၀ ရက်ကို ချင်းအမျိုးသားနေ့အဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည်။

ချင်းအမျိုးသားနေ့သည် ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနှင့် ရိုးရာဓလေ့ထုံးတမ်းအရ တူညီသည့် မျိုးနွယ်စုအားလုံးပါဝင်သည့် ချင်းလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**အထူးကဏ္ဍ [ ဃ ] မှ »»**

အဆိုပါသင်တန်းကို လူမျိုးဘာသာမရွေး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှုရရှိစေရန်၊ တိုင်းရင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ကင်းဝေးစေရန်၊ အမြို့မြို့အနယ်နယ်မှ လာရောက်သင်ကြားမှုကြောင့် မြို့ရွာဒေသတစ်ခုချင်းစီမှ လူမှုဆက်သွယ်ရေးကောင်းမွန်၍ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်၊ တိုင်းတစ်ပါးနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းမရှိဘဲ သက်ဆိုင်ရာ နေရာဒေသများတွင် ထိုပညာများဖြင့် မိမိတို့ဝမ်းစာအတွက် လုပ်ကိုင်စားသောက်နိုင်စေရန်၊ ထိုအတတ်ပညာများဖြင့် ပြည်ထောင်စုနိုင်ငံအတွင်း မိမိလူမျိုး၊ မိမိဒေသအား ပြန်လည်ပံ့ပိုးပေးနိုင်စေရန်အတွက် ရည်ရွယ်လျက် ထိုသင်တန်းကျောင်းအား တည်ဆောက်၍ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးရခြင်းဖြစ်ကြောင်း အဆိုပါသင်တန်းကျောင်းမှ ပရဟိတကျောင်းအုပ်ဆရာ စိုင်းထွန်းယီက ရှင်းလင်းပြောကြားသည်။

သင်တန်းကျောင်းတွင် သက်ဆိုင်ရာဘာသာရပ်များကို နေ့စဉ်သင်ကြားပို့ချပေးလျက်ရှိပြီး သင်တန်းသား ၃၆ ဦး၊ သင်တန်းသူ ၃၂ ဦး စုစုပေါင်း ၆၈ ဦးက မိမိတို့၏ ဘာသာရပ်များကို စိတ်ပါဝင်စားစွာ သင်ကြားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**yk&Sufwka&mifrnf**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ ကိုယ်တိုင်ဆောက် (Special) ပေ(၂၅×၅၀) ကွန်ဒိုခါတ်လှေကား (ဂျာမနီ) ရွှေတိဂုံဘုရားအနီး၊ တရုတ်တန်းဈေးနီး Junction မော်တင်အနီး၊ ရေမီး အရမ်းကောင်းသည်။ ကားပါကင်ရှိသည်။

**စုံစမ်းရန်ဖုန်း-၀၉-၅၀၁၂၄၃၉၊ ၀၉-၈၆၂၈၀၇၇**

# တော်ဝင်စင်တာ (၇) နှစ်ပြည့် စတုဒိသာအလှူ

TAW WIN CENTRE

TAW WIN FAMILY CO.,LTD

**မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် ၊ [ ၁၂၊၂၊၂၀၁၈ ] ပြည်ထောင်စုနေ့ တွင်**

**တော်ဝင်စင်တာ [၇] နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ် အဖြစ်**

**နံနက် [ ၁၀:၀၀ ] မှစတင်၍ တော်ဝင်စင်တာရှေ့ ၌ စတုဒိသာ နှမ်းမနဲ နှင့် အအေးတိုက်ကျွေးမည် ဖြစ်ပါသဖြင့်**

**မည်သူမဆို ကြွရောက်ကုသိုလ်ယူ သုံးဆောင်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။**

**တော်ဝင်စင်တာမိသားစု ၊ တော်ဝင်မိသားစုကုမ္ပဏီ**

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### (သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊နေပြည်တော်)
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ နေပြည်တော်ရှိ သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၏လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးနှင့် ဆေးပစ္စည်းများကိုမြန်မာငွေကျပ်ဖြင့်ဝယ်ယူမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၂-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)၊
- နံနက် ၉း၀၀နာရီ၊
- ၂၀-၂-၂၀၁၈ရက်(အင်္ဂါနေ့)၊
- ညနေ ၁၆း၀၀နာရီ။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် ဝယ်ယူစုံစမ်းနိုင်ပါသည်။ အုပ်ချုပ်မှုဆောင်၊ သားဖွား၊ မီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်။

ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၆၇-၃၄၁၇၂၄၅၊ ၀၉-၇၉၈၂၁၃၇၄၉။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ရန်ကုန်ပြည်သူ့ဆေးရုံကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပင်မဆောင်မြေညီထပ်တွင်ရှိသည့် ၂၉'×၁၇' ၆" အခန်းနေရာတွင် အရန်သင့် အစားအသောက်များရောင်းချရန် စိတ်ပါဝင်စားသည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။


၂။ တင်ဒါလျှောက်လွှာပုံစံများစတင် -၁၃-၂-၂၀၁၈ရက်(အင်္ဂါနေ့)၊
ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၅-၃-၂၀၁၈ရက်(တနင်္လာနေ့)၊ ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

SUMMIT INTERNATIONAL LEARNING CENTRE
No.91, Upper Kyeemyindine Rd, Yangon.
Ph; 01 9317321, 09 450066812,09 73150347.

**2018 Summer English 4-Skills**




Opening on 7th March
March, April& May
* (Mon~Fri)Sessions
Session I - ( 8:30 ~ 11:30) am
Session II - (12:00 ~ 3:00) pm
*(Sat~ Sun)Session
9:00 am ~ 12:00 noon



Computer Time | Music Time | Art Time

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဂရံမြေ

(၆၀' x ၁၃၆') နှင့်(၆၀' x ၁၀၀') ပေအကွက်များ သင့်တင့်သောဈေးနှုန်းဖြင့်ရောင်းမည်

ရန်ကုန်-မန္တလေးကားလမ်းအနီး
( ရတနာပုံတက္ကသိုလ်လမ်း )
တောင်မြင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။
09 -78200176, 09-2005016, 09-5010153

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပုဂံညောင်ဦးဒေသရှိ လေဆိပ်အနီး Hotel ဆောက်လုပ်ရန် (ဂရန်မြေ) လက်ရှိဆောက်လုပ်ရန်ရှိသော Hotel Project မြေနေရာရှိ ၄. ၉၈က (သို့) တစ်ဝက်ခွဲ၍ ထိုက်သင့်သော ဈေးနှုန်းဖြင့် ရောင်းမည်။

ဆက်သွယ်ရန်ဖုန်း-၀၉- ၄၂၁၁၀၆၅၈၈

### မြေရောင်းမည်

သမ္မတကုန်း ပွဲရုံတန်းအနီး (၅၆' x ၈၃')ကွက် ဂရံအမည်ပေါက် ထောင့်ကွက်၊ နှစ်ကွက်တွဲရောင်းမည်။နေပြည်တော်။
၀၉ ၅၀၁၄၂၉၂
၀၉ ၇၉၉၉၆၀၆၆၇
၀၉ ၄၂၅၇၀၂၀၀၅

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇/အနော်ရထာ) ဦးပိုင်အမှတ်(၇၅-က)၊ ဧရိယာ (၀. ၀၇၁)ဧကရှိ မြေကွက်အား ဦးဝင်းကြိုင်(ဘ) ဦးသန်းအောင်[၉/တကန(နိုင်)၀၄၂၂၈၉]၊ ဒေါ်အမာခင် (ဘ) ဦးတင်အောင်[၉/တကန(နိုင်)၀၄၂၂၉၀]မှ အရောင်းအဝယ်စာချုပ်၊ တပ်ကုန်းမြို့နယ်တရားရုံး၏ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**တသင်ကောင်း၍ တေတနာပါသော ဆရာ၊ ဆရာမများ စုစည်းမှုဖြင့်**

ဒေါက်တာဟိန်းထွန့် @ ဒေါက်တာကြည်မင်းသန့်

တည်ထောင်သော

# ၁၈လမ်းဝိုင်း

**တသင်ဝိုင်း ၊ နေ့တက်ဘော်ဒါ ၊ အဆောင်နေဘော်ဒါ ၊ တကျက်ဝိုင်း**

အမှတ်(၁၂၆/၁၂၈)၊ ဒုတိယထပ် (ဓါတ်လှေကားတွင် နံပါတ်-၂ကိုနှိပ်ပါ)
၁၈လမ်း၊ (အနော်ရထားလမ်း နှင့် မဟာဗန္ဓုလလမ်းကြား)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ - ၄၅၇ ၇၇၉ ၈၆၇၊ ၀၉ - ၇၆၇ ၃၇၅ ၇၀၉



2018-2019
ကျောင်းအပ်လက်ခံပြီ









## အထက(၁)တာမွေ
## (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
## ဖိတ်ကြားလွှာ

အထက(၁)တာမွေတွင် အငြိမ်းစားယူပြီးသည့် ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲ အခမ်းအနားသို့ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်အပူဇော်ခံယူကြပါရန်နှင့် ရပ်ဝေး၊ ရပ်နီး တပည့်များမှလည်း ပြန်လည်ဆုံတွေ့နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၂-၂-၂၀၁၈ ရက်(ပြည်ထောင်စုနေ့)
အချိန် - နံနက် ၁၁ နာရီတွင် စတင်ပါမည်။
နေရာ - ပင်လုံခန်းမ (အထက-၁၊ တာမွေ)

**မြတ်ဆရာပူဇော်ပွဲ**

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၆၃၀၀၆၊ ၁၉၄၅ ကျောင်းသားများနှင့်**
**၀၉-၅၀၄၉၅၅၉ မျိုးဆက်သစ်ကျောင်းသားဟောင်းများ (ပြည်ထောင်စုနေ့)**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်
## GEC(ပညာရေးဝန်ထမ်းများ) သမဝါယမအသင်းလီမိတက်
## အိတ်ဖွင့်လေလံ လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ GEC(ပညာရေးဝန်ထမ်းများ) သမဝါယမအသင်း လီမိတက်ပိုင်ကား(BLAC)အမျိုးအစား ယာဉ်အမှတ်(၆က/၆၁၂၈)အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

အိတ်ဖွင့်လေလံလျှောက်လွှာ - ၁၉-၂-၂၀၁၈ ရက်မှ
ရောင်းချမည့်ရက် - ၂၆-၂-၂၀၁၈ ရက်ထိ
လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် - ၂၆-၂-၂၀၁၈ ရက်(တနင်္လာနေ့) ညနေ ၁၆း၀၀ နာရီ
လေလံတင်ရောင်းချမည့်ရက် - ၂၇-၂-၂၀၁၈ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ
လေလံတင်ရောင်းချမည့်နေရာ - ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာလမ်း အထက(၁) ကြည့်မြင်တိုင်ကျောင်း။

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ဖုန်း-၀၉-၄၂၀၀၆၉၁၅၉၊ ၀၉-၄၃၁၁၅၀၃၀

**အိတ်ဖွင့်လေလံရောင်းချရေးအဖွဲ့ (ကြည့်မြင်တိုင်မြို့နယ်)**

မှတ်ချက်။ ။ လျှောက်လွှာများကို ကြည့်မြင်တိုင်မြို့နယ် အသင်းစု သမဝါယမအသင်းလီမိတက်(ညဈေး) မဏိမေခလာလမ်းရှိ အသင်းရုံးတွင် ဝယ်ယူနိုင်ပါသည်။ **ဖုန်း-၀၉-၉၃၁၇၀၅၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၃/၂၀၁၈)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | DMP/L-094(17-18) | Chrome Lignite(200)MT | Ks |
| (ခ) | DMP/L-095(17-18) | Spares for K 700 A Rig Pump Ex National 55 Series Drilling Rigs (15) Items | Ks |
| (ဂ) | DMP/L-096(17-18) | M.S Plate and Angle Iron(2)Groups | Ks |
| (ဃ) | DMP/L-097(17-18) | Assorted Sizes of Tyres (1) Lot | Ks |
| (င) | DMP/L-098(17-18) | Assorted Sizes of Batteries (1) Lot | Ks |
| (စ) | DMP/L-099(17-18) | 3"ERW Steel Line Pipe API 5LGrade A (PSL1) (10000) Meter | Ks |
| (ဆ) | Container (1/2018) | ကွန်တိန်နာ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း | KS |

(ရန်ကုန်ဆိပ်ကမ်းများမှ သာကေတ ရေနံအခြေစိုက်စခန်းသို့ အသွား/အပြန်) ၁-၄-၂၀၁၈ မှ ၃၀-၉-၂၀၁၈ ထိ ၆ လအတွက်)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၈-၃-၂၀၁၈ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇- ၄၁၁၂၀၆**

**အောင်ချမ်းသာ**
**အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**
DYNA 14',16'
09 43182828
09 73140091
09 5037847

## အမည်ပေါက်ရောင်းမည်

ပေ(၄၀×၆၀)မြေ၊ စံချိန်မှီ(၁)၊ ကျောက်တန်း၊ ရင်းနှီးမြုပ်နှံသင့်သည့်မြေ၊ ပါမစ်အမည်ပေါက်။
**(၈၉)သိန်း**
**ဖုန်း-၀၉-၉၇၂၆၆၃၃၃၆**

**ဥ(၁)ကောကျော်ရောင်းမည်**
**အမှတ်(၂)လမ်းမပေါ်**
**(1) RC ၊ မြေရှိဖြတ်ပြီး**
**သိန်း (4100) ညှိနှိုင်း**
**Ph: 09 790 96 96 46**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄အီး၁၊ မြေကွက်အမှတ်-၅၄၊ မြေကွက်တည်နေရာအမှတ်-၁၃၊ တောင်မျဉ်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ဒေါ်ငြိမ်းတင်[၁၂/တမန(နိုင်)၀၄၆၆၇၂]၊ ဦးထွန်းကြူ[၁၂/တမန(နိုင်)၀၄၆၇၂၃]၊ ဒေါ်လေးနိုင်[၁၂/တမန(နိုင်)၀၆၄၂၆၆]၊ ဒေါ်ခင်သက်[၁၂/တမန(နိုင်)၀၄၆၃၈၈]အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက်(၄)ဦးအနက် (ဖခင်)ဦးထွန်းကြူသည် ၁၃-၉-၂၀၁၃ ရက်တွင်လည်းကောင်း၊ (မိခင်)ဒေါ်ငြိမ်းတင်သည် ၂၃-၁၂-၂၀၁၄ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပြီး ၎င်းတို့တွင် ကျန်အမည်ပေါက်နှစ်ဦးလည်းဖြစ်သော သမီးများလည်းဖြစ်သူ ဒေါ်လေးနိုင်[၁၂/တမန(နိုင်)၀၆၄၂၆၆]နှင့် ဒေါ်ခင်သက်[၁၂/တမန(နိုင်)၀၄၆၃၈၈] တို့ကိုသာ မွေးဖွားထွန်းကားခဲ့ပြီး အခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်းလုံးဝမရှိပါကြောင်း၊ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ညီအစ်မနှစ်ဦးကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် ၈-၁၀၈၂/၂၀၁၇(၁၄-၈-၂၀၁၇)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ ဂရန်မူရင်း၊ ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ်အုတ်ညှပ်အိမ်တစ်လုံးရှိပြီး လျှောက်ထားသူများ နေထိုင်ကြောင်း တင်ပြထားပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

